# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွန် ၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 7 May 2021 ၁၀၃၆၆


# ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့

## မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများက မလိုလားဘဲ ပြည်သူများ ဒုက္ခရောက်အောင် လုပ်ဆောင်နေ

## ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၆/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

- ❖ **မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည်ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်။**
- ❖ **စိုက်ပျိုးမွေးမြူရေးပညာရပ် များ တတ်ကျွမ်းစေရန်ဆောင်ရွက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်။**
- ❖ **ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပညာရေးစနစ်သည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်။**
- ❖ **မိမိတို့တတ်ကျွမ်းသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်သည့်ပညာရပ်ကို တိုက်ရိုက်အသုံးချနိုင်သည့် ပညာရေးစနစ်ဖြစ်အောင် ရွေးချယ်သင်ကြားပေးရန်လို။**
- ❖ **အရည်အချင်းရှိသည့် လူငယ်လူရွယ်များအား ပညာရပ်အလိုက် လူမှန်နေရာမှန်ရောက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

### ပညာတတ်များ လိုအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေးအဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားမှုနှင့်ပတ်သက်၍ တစ်နှစ်ကျော်ပိတ်ထားခဲ့သည့် တက္ကသိုလ်များကို ယခုလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


ကြေးမုံ ယနေ့ ဖတ်စရာ

စကားပြောခြင်း အနုပညာ — စာမျက်နှာ » ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူမှု တတိယတစ်လတာခရီး — စာမျက်နှာ » ၈

ကိုဗစ်-၁၉ ရောဂါဒဏ် ခံစားခဲ့ရသော နိုင်ငံသားများအား ထိုင်းအစိုးရက ငွေကြေးထောက်ပံ့မှုပေးမည် — စာမျက်နှာ » ၁၃

ကြေးမုံ

# ဒီမိုကရေစီကိုနှစ်သက်မြတ်နိုးပါက စည်းကမ်း၊ ဥပဒေကိုလေးစားလိုက်နာ

ဒီမိုကရေစီနိုင်ငံတွင် ပြည်သူတို့သည် လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ပြည်သူ့အခွင့်အရေးများကို မပြတ်မလပ်ရယူအပ်၊ စောင့်ရှောက်ကာကွယ်အပ်သည်။ ဒီမိုကရေစီ၏ အနှစ်သာရများကို လေးလေးနက်နက် သိရှိနားလည်အပ်သည်။ ဒီမိုကရေစီကို ဝေဝါးထွေပြား တွေဝေမနေရပေ။ ဝေဝါးထွေပြားပါက ဒီမိုကရေစီအငိုက်မိတတ်သည်။ ဒီမိုကရေစီဝါဒလှလှလေးများကို ဗန်းပြပြီး အာဏာရှင်စနစ်ကို ထူထောင်သော နိုင်ငံရေးပါတီများ၏ ဩဇာအာဏာစက်အောက်သို့ ကျရောက်တတ်သည်။

ပြည်သူများအနေဖြင့် လက်နက်ကိုင်ထားသူကိုသာ အာဏာရှင်ဟု ယုံကြည်ကြသည်။ လက်နက်မကိုင်သူကို ပြည်သူ၊ လက်နက်မရှိသူကို ပြည်သူ့အစိုးရဟု မှတ်ယူကြသည်။ လက်တွေ့တွင် ဒီမိုကရေစီတံဆိပ်ကပ်ထားသူများက လက်နက်မကိုင်တတ်သောပြည်သူများအား လက်နက်ကိုင်အကြမ်းဖက်နည်းကို လမ်းခင်းပေးလိုက်ပေသည်။ ဒီမိုကရေစီနိုင်ငံတွင် ဆူပူဆန္ဒပြမှုကြောင့် ထိခိုက်မှုအနည်းငယ်ရှိနိုင်သော်လည်း နိုင်ငံရေးဝါဒမှိုင်းလက်နက်ဖြင့် တိုက်ခိုက်မှုကြောင့် လူအများအပြားထိခိုက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်ရှိသော်လည်း အကြမ်းဖက်ဆူပူဆန္ဒပြမှုကို လက်မခံနိုင်ပေ။ အကြမ်းဖက်ဆူပူမှုသည် ဒီမိုကရေစီမဟုတ်၊ မင်းမဲ့စရိုက်သာဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများ မပြုလုပ်တော့ဘဲ အကြမ်းဖက်ဆူပူဆန္ဒပြမှုကိုကျော်လွန်ကာ အကြမ်းဖက်တိုက်ခိုက်မှုများ ဟိုနားဒီနားပြုလုပ်လာကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ဒီမိုကရေစီကို သိနားလည်မှုအားနည်းသော ကျေးလက်ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လာကြရာ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုများရှိလာသည်။ ဒီမိုကရေစီနိုင်ငံတွင်သာမက မည်သည့်နိုင်ငံတွင်မဆို ဆူပူအကြမ်းဖက်မှုများကို လက်မခံကြပေ။ အကြမ်းဖက်တိုက်ခိုက်မှုများဆိုလျှင် ပို၍လက်မခံပေ။ ဆူပူအကြမ်းဖက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများအား ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ကြရမည်သာဖြစ်သည်။

အာဏာရှင်နိုင်ငံကို မလိုလားပါလျှင် စစ်မှန်သောဒီမိုကရေစီနိုင်ငံအဖြစ်ကို လက်ခံရမည်သာဖြစ်သည်။ စစ်မှန်သောဒီမိုကရေစီနိုင်ငံတွင် ဥပဒေ၊ စည်းကမ်းနှင့်အညီ ဆန္ဒထုတ်ဖော်ခွင့်ရှိပြီး ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်တတ်သည့် အလေ့အကျင့်ရှိရမည်ဖြစ်သည်။ ယခုအခါတွင် ဒီမိုကရေစီရရှိရေး၊ အာဏာရှင်စနစ်ဖယ်ရှားရေးဟု ကြွေးကြော်နေကြသော်လည်း ဒီမိုကရေစီအလေ့အထ၊ ဒီမိုကရေစီစံနှုန်းများနှင့် မဆီလျော်သည့် အကြမ်းဖက်တိုက်ခိုက်မှုများအား ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဒီမိုကရေစီကို လိုလားပါသည်၊ တည်ဆောက်ပါသည်ဟုဆိုသော်လည်း မြန်မာ့ဓလေ့စရိုက်နှင့်မဆီလျော်သည့်၊ ဒီမိုကရေစီစနစ်နှင့်မကိုက်ညီသည့် အပြုအမူများ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ပါတီစုံဒီမိုကရေစီစနစ်အရ ပေါ်ပေါက်လာသောအစိုးရသည် တိုင်းပြည်၏ မူလရှိပြီး အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန်တာဝန်ရှိပေသည်။ ထိုသို့မဟုတ်မူဘဲ ဒီမိုကရေစီအာဏာရှင်စနစ်ကိုထူထောင်ပြီး နိုင်ငံရေးလက်နက်ဖြင့် ပြည်သူကိုအသုံးချကာ တိုင်းပြည်ပြိုကွဲပျက်စီးစေမည့် အကြမ်းဖက်လုပ်ရပ်များပြုလုပ်လာလျှင် တပ်မတော်သည် ပြည်ထောင်စုကြီး မပြိုကွဲအောင် တွန်းလှန်ဖယ်ရှားသွားမည်သာဖြစ်သည်။ သမိုင်းကြောင်းအစဉ်အလာကြီးမားသော တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး ဖျက်ဆီးမှုမှန်သမျှတို့ကို အစဉ်အမြဲကာကွယ်သွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အချိန်အခါတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို ဖျက်ဆီးနေသည့် အစွန်းရောက်နိုင်ငံရေးသမားများနှင့် အကြမ်းဖက်အဖျက်သမားများအားလုံးတို့ကို အစဉ်အလာကြီးမားသော တပ်မတော်ကြီးက တိုက်ဖျက်ကာကွယ်သွားမည်ဖြစ်ရာ ဒီမိုကရေစီကိုနှစ်သက်မြတ်နိုးသော တိုင်းရင်းသားပြည်သူများအနေဖြင့် ဒီမိုကရေစီစနစ်နှင့် ထိုက်တန်သည့် စည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။ ။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေစဉ်ကာလအတွင်း တရားမဝင်အဖွဲ့အစည်းနှင့် သတင်းဌာနအချို့သည် တရားမဝင်သော ဂြိုဟ်တုစလောင်းများမှတစ်ဆင့် ရုပ်သံလိုင်းများတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေသော အကြောင်းအရာများနှင့် နိုင်ငံတော်အားသစ္စာဖောက်ဖျက် ပုန်ကန်မှုကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုတရားမဝင်ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များကို တပ်ဆင်အသုံးပြု ဖမ်းယူကြည့်ရှုမှုများ ပြုလုပ်ပါက အများပြည်သူ၏ကောင်းကျိုးကို ရည်ရွယ်ပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေ၊ နည်းဥပဒေများအား မသိနားမလည်စွာ ကျူးလွန်ဖောက်ဖျက်ရာ ရောက်မိတတ်ပါသည်။

သို့ဖြစ်ပါ၍ ထောင်ဒဏ် ၁ နှစ်၊ ဒဏ်ငွေ ၅ သိန်း အစရှိသည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိစေရန် စေတနာကောင်းဖြင့် ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ် စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ် စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၆ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၄၆၉ | ၁၃,၃၆၄,၉၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၂,၀၁၃ | ၇,၀၃၂,၇၀၀ |

| | | | | |
|---|---|---|---|---|
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၆ | ၂၈၀,၈၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၂ | ၃၂,၄၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၂ | ၆,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၈.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၆၄.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၃၉.၁၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၆၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၅.၇၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၆၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၉၉.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၅၉.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✳ ရှေ့ဖုံးမှ

အိမ်နီးချင်းနိုင်ငံများတွင် COVID-19 ရောဂါ ကူးစက်မှုနှုန်း မြင့်မားလျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှု ရာခိုင်နှုန်းနည်းပါးလျက်ရှိသဖြင့် COVID-19 စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသား၊ မိဘနှင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသဖြင့် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသားများ ပညာတတ်ဖြစ်စေရန်အတွက် ကျွမ်းကျင်သည့် ဆရာ ဆရာမများက လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ယခုအခါ ကျောင်းမတက်ရန်အတွက် အချို့သူများက ခြိမ်းခြောက်ဆောင်ရွက်ပြီး အဖျက်လုပ်ငန်းများ ဆောင်ရွက်နေမှုသည် နိုင်ငံအားဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာတတ်များ ပေါ်များလာမည်ကို နိုင်ငံရေးလုပ်စားသူများကမလိုလားဘဲ ပြည်သူများဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းပင်ဖြစ်ပြီး မိုက်မဲသည့်လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း၊ ယခုသင်ကြားနေသည့် ပညာရပ်များသည် ယခင်အစိုးရများမှ ချမှတ်ထားခဲ့သည့် အမျိုးသားပညာရေး မူဝါဒများအတိုင်းသာ သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးစနစ်ကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ

- ❖ အချို့မြေနေရာများသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် လျှောက်ထားရယူထားသော်လည်း လက်တွေ့အသုံးမပြုသည့် စီမံကိန်းများရှိသဖြင့် နိုင်ငံတော်နစ်နာမှုမရှိစေရန် ပြန်လည်စိစစ်ဆောင်ရွက်ရန်နှင့် စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ကြပ်မတ်ဆောင်ရွက်ရန်လို။
- ❖ လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုခြင်းကို အတတ်နိုင်ဆုံး မပြုလုပ်ရန်လို။
- ❖ မြေယာမူဝါဒနှင့်ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားဆောင်ရွက်ရန်လို။
- ❖ သစ်တောပြုန်းတီးမှုများ ပိုမိုများပြားလာသဖြင့်၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာသဖြင့် သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းရန်လို။

အဖွဲ့အစည်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာသင်ကြားရေးပိုင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**များစွာအထောက်အကူဖြစ်**

ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ် (Information Technology Age)ဖြစ်သောကြောင့် ခေတ်နှင့်လျော်ညီသည့် နည်းပညာများတတ်ကျွမ်းထားရန် လိုအပ်သကဲ့သို့ လူမှုနယ်ပယ်တွင် အသုံးဝင်သည့် ဥပဒေပညာရပ်များနှင့် စီးပွားရေးဆိုင်ရာ ပညာရပ်များကိုလည်း နားလည်သိရှိထားရန်လိုအပ်ကြောင်း၊ ထို့အတူ ဝိဇ္ဇာဘာသာရပ်သည်လည်း စီမံခန့်ခွဲရေးပညာရပ်အတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ တက္ကသိုလ်များမှ ဘာသာရပ်အလိုက် သက်ဆိုင်ရာပညာရှင်များ မွေးထုတ်ပေးသော်လည်း ကျောင်းသားတိုင်း ပညာရှင်မဖြစ်နိုင်ကြောင်း၊ တက္ကသိုလ်မှသင်ကြားပေးလိုက်သည့် ဘာသာရပ်များအနက်ဥပဒေပညာရပ်နှင့်စီးပွားရေးပညာရပ်များသည် လက်တွေ့နယ်ပယ်တွင် များစွာအသုံးဝင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျောင်းသား ကျောင်းသူများ ဥပဒေနှင့် စီးပွားရေးပညာရပ်များအား သိရှိနားလည်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးပညာရပ်များ တတ်ကျွမ်းစေရန် ဆောင်ရွက်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပညာရေးစနစ်သည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ပညာရပ်ကို တိုက်ရိုက်အသုံးချနိုင်သည့် ပညာရေးစနစ်ဖြစ်အောင် ရွေးချယ်သင်ကြားပေးရန်လိုကြောင်း၊ အရည်အချင်းရှိသည့် လူငယ်လူရွယ်များအား ပညာရပ်အလိုက်လူမှန်နေရာမှန်ရောက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ပြန်လည်စိစစ်ဆောင်ရွက်**

မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်ပိုင်စီမံကိန်းများ၊ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသည့် စီမံကိန်းများနှင့် ပုဂ္ဂလိကပိုင်စီမံကိန်းများရှိကြောင်း၊ အချို့မြေနေရာများသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် လျှောက်ထားရယူထားသော်လည်း လက်တွေ့အသုံးမပြုသည့် စီမံကိန်းများရှိသဖြင့် နိုင်ငံတော်နစ်နာမှုမရှိစေရန် ပြန်လည်စိစစ်ဆောင်ရွက်ရန်နှင့် စာချုပ်ပါသဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုခြင်းကို အတတ်နိုင်ဆုံးမပြုလုပ်ရန်လိုကြောင်း၊ မြေယာမူဝါဒနှင့်ပတ်သက်ပြီး အလေးအနက်ထား စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ သစ်တောပြုန်းတီးမှုများ ပိုမိုများပြားလာသဖြင့်၊ ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာသဖြင့် သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းရန်လိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင်လည်း ပျိုးပင်များအား ဒေသနှင့်ကိုက်ညီသည့် အပင်၊ ပျိုးသက်ကောင်းမွန်သည့် အပင်များကို ရွေးချယ်စိုက်ပျိုး၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုကြောင်း၊ သစ်တောများစိမ်းလန်းစိုပြည်ရေး ဒေသအားလုံးတွင် သစ်ပင်များဖြစ်ထွန်းအောင် စိုက်ပျိုးရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်နိုင်သည့် ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ပြုန်းတီးမှုမရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒီရေတောများအား ပြန်လည်စိုက်ပျိုးခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သစ်တောများစိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သစ်ပင်ခုတ်ခြင်းများကိုလည်း ကြပ်မတ်ထိန်းသိမ်းရန်လိုကြောင်း၊

- ❖ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၌ အသုံးပြုရမည့် ငွေကြေးများကို ထိရောက်စွာအသုံးပြုရန်လိုပြီး သုံးစွဲမှုများအား ပြန်လည်တင်ပြရန်လို။
- ❖ မိမိတို့နိုင်ငံတွင် ပိတ်ထားရသည့် နိုင်ငံပိုင်စက်ရုံများရှိသဖြင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး စက်ရုံများပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်။
- ❖ နိုင်ငံတွင်း အသုံးပြုရန် လိုအပ်သည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ အရည်အသွေးမီထုတ်လုပ်ပြီး ပြည်တွင်းထုတ်ကုန်များကို ဂုဏ်ယူစွာဖြင့် အားပေး သုံးစွဲရန်လို။
- ❖ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကာအကွယ်ပေးပြီး ပြည်တွင်းထုတ်လုပ်သူများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်။

မြို့နယ်၊ ကျေးရွာများအလိုက် ထင်းသုံးစွဲမှုအတွက် လိုအပ်သည့် ထင်းစိုက်ခင်းများကို စိုက်ပျိုးရန်လိုကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့် ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိမှသာ လူနေမှုစနစ်မြင့်မားလာမည်ဖြစ်ပြီး ကျေးလက်၊ မြို့ပြဆင်းရဲချမ်းသာကွာဟမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်ကာ ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် ငွေကြေးကုန်ကျမှု သက်သာစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**ထိရောက်စွာအသုံးပြုရန်လို**

ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၌ အသုံးပြုရမည့် ငွေကြေးများကို ထိရောက်စွာအသုံးပြုရန်လိုပြီး သုံးစွဲမှုများအား ပြန်လည်တင်ပြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပိတ်ထားရသည့် နိုင်ငံပိုင်စက်ရုံများရှိသဖြင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိပြီး စက်ရုံများပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်း အသုံးပြုရန် လိုအပ်သည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ အရည်အသွေးမီ ထုတ်လုပ်ပြီး ပြည်တွင်းထုတ်ကုန်များကို ဂုဏ်ယူစွာဖြင့် အားပေးသုံးစွဲရန်လိုကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကာအကွယ်ပေးပြီး ပြည်တွင်းထုတ်လုပ်သူများ ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် အားပေးရန်လိုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချင့်ချိန်၍ ချိန်ဆဆောင်ရွက်ကြရန်လိုကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသဖြင့် ပြည်ပသို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးနည်းလမ်း ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် ဒေသထွက်ပစ္စည်းများ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရေး ထိထိရောက်ရောက်ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မျိုးကောင်းရန်၊ မြေကောင်းရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်နှင့် စိုက်ပျိုးရေပြည့်ဝစွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးမြေများအတွက်လိုအပ်သည့် စံချိန်စံညွှန်းကိုက်ညီသည့် မြေဩဇာများ၊ တမာပိုးသတ်ဆေးကဲ့သို့သော ဓာတုပစ္စည်းပါဝင်မှုနည်းပါးသည့် ပိုးသတ်ဆေးများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကော်မတီများမှ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းစီးပွားရေး ကောင်းမွန်တိုးတက်လာမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

**စနစ်တကျလေ့ကျင့်ဆောင်ရွက်**

အားကစားကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ကျဆင်းလျက်ရှိသဖြင့် တိုးတက်စေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အားကစားသမားများ စွမ်းရည်တိုးတက်စေရေးအတွက် အားပေးရန် လိုအပ်သကဲ့သို့ အားကစားကွင်းများ၊ အားကစားရုံများနှင့် နည်းစနစ်များကောင်းမွန်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် အားကစားသမားများ ကြံ့ခိုင်မှုရှိစေရေးကြံ့ခိုင်ရေးနည်းပြများ၊ နည်းစနစ်ပိုင်းအတွက် နည်းစနစ်ဆိုင်ရာနည်းပြများဖြင့် စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အားကစားဆိုင်ရာလေ့ကျင့်ခန်းများကို အောက်ခြေမှစ၍ စနစ်တကျဖြင့် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မီအားကစားကွင်းများနှင့် မိုးလုံလေလုံအားကစားရုံများ၊ ရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးခြင်း၊ အားကစားကဏ္ဍတိုးတက်စေရေး အားပေးခြင်းများ ဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ်ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း ဌာနအလိုက်အားကစားပွဲများ ကျင်းပဆောင်ရွက်သွားကြစေလိုကြောင်း၊ လာမည့် SEA Game ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုမြင့်မားစေရေး အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူများ စိတ်လက်ချမ်းသာစွာ လေ့ကျင့်ခန်းများပြုလုပ်နိုင်ရေး လမ်းလျှောက်ရေယာများအား မြို့များတွင် ဖော်ဆောင်ပေးရန်လိုကြောင်း။

လုံခြုံရေးနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဆူပူမှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါတွင် အခြေအနေများ ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ်

**စာမျက်နှာ ၄ သို့ ✳**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

* စာမျက်နှာ ၃ မှ

ခြိမ်းခြောက်ခြင်းနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူအချို့ CDM လှုပ်ရှားမှုတွင် ပေါ်ပေါ်တင်တင် မပါဝင်သော်လည်း လက်အောက်ဝန်ထမ်းများအပေါ် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေသည်ကို ကြားသိရသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အဆိုပါတာဝန်ရှိသူများအား ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ ထိရောက်စွာဖော်ထုတ် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ အခြားအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဖောက်ခွဲဖျက်ဆီးခြင်း ပြုလုပ်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်ဟန့်တားနိုင်သော အရေးယူမှုများဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ဆူပူအကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသူများသည် နိုင်ငံကို ဖျက်ဆီးနေကြခြင်းပင်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နေကြသူများမှာ အသိပညာနည်းပါးကြသူများဖြစ်သဖြင့် စုပေါင်းအားဖြင့် ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတကာတွင် ရုပ်ရှင်လောကရှိအနုပညာရှင်များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်မှုမရှိကြောင်း၊ နိုင်ငံတကာတွင်လည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အနုပညာသည်များနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အချို့မီဒီယာများသည် တစ်ဖက်သတ်မဟုတ်မမှန်သည်များကို ပြောဆိုရေးသားထုတ်လွှင့်မှုများ ရှိနေကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ရန်လိုအပ်သည့်ဥပဒေများ ရှိပါကလည်း ရှေ့နေချုပ်ရုံးနှင့်တိုင်ပင်၍ ထုတ်ပြန်ရန်လိုကြောင်း၊ အနုပညာသည် တိုင်းပြည်အတွက်သာဖြစ်စေရမည်ဖြစ်ပြီး နိုင်ငံရေးအတွက်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဖြစ်စေလိုကြောင်း၊ သတင်းမီဒီယာကောင်စီသည် နိုင်ငံရေးဝါဒမှိုင်းမမိရန်လိုအပ်ပြီး မှန်ကန်သော လမ်းကြောင်းပေါ်တွင်သာ ရပ်တည်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် အဓိကအရေးကြီးသည်မှာ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း။

**ဈေးနှုန်းမှန်ရရှိအောင် ဆောင်ရွက်ပေးရန်လို**

စီးပွားရေးနှင့်ပတ်သက်ပြီး နယ်စပ်ကုန်သွယ်ရေးတွင် စိုက်ပျိုးရေးထွက်ကုန်များနှင့်ပတ်သက်၍ အရှုံးပေါ်မှုများရှိနေသည်ဟု သိရကြောင်း၊ ယင်းကိုဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပြီး စိုက်ပျိုးရေးထွက်ကုန်များ ဈေးနှုန်းမှန်ရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် G to G စနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် လုပ်ဆောင်ပေးရန်လိုကြောင်း၊ သီးနှံထွက်ကုန်များအတွက် လိုအပ်သည့် အခြောက်ခံစက်ရုံများ တည်ဆောက်ပြီး ကုန်ချောထုတ်လုပ်ပြန်လည်ရောင်းချရန်လိုကြောင်း၊ ယင်းစက်မှုလုပ်ငန်းများကို အားပေးရမည်ဖြစ်ပြီး ယင်းစက်ရုံများ အဆက်မပြတ်လည်ပတ်နိုင်ရန်အတွက် ကုန်ကြမ်းများရရှိရန်လိုကြောင်း၊ ယင်းထုတ်ကုန်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မှသာ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များ အာမခံချက်ရှိပြီး ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ သို့မှသာ တိုင်းပြည်ဝင်ငွေမကျဆင်းဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပညာရေးအပိုင်းတွင် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးရမည့် တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ အခြားဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း အလားတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားထိခိုက်အောင် လုပ်ဆောင်လာပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို အဆင့်နှင့်လျော်ညီသည့် အထောက်အပံ့များပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ပညာရေးဝန်ထမ်းများကိုလည်း အလားတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများရရှိထားသည့် ဘွဲ့အဆင့်အတန်းအပေါ် မူတည်ပြီး အဆင့်အလိုက် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပြန်လည်တက်ရောက်ရန်လို**

ဝန်ထမ်းများအနေဖြင့်လည်း ရရှိထားသည့် ဘွဲ့အလိုက် အရည်အချင်း ပြည့်ဝနေရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများလေ့ကျင့်ရေးအပိုင်းနှင့်ပတ်သက်၍ ယခင်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖောင်ကြီး၊ ဇီးပင်ကြီး စသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အဆင့်အလိုက် သင်တန်းများတက်ရောက်ခဲ့ကြရကြောင်း၊ ယခုအချိန်တွင် သင်တန်းမတက်ရောက်ရသေးသူများ အဆင့်အလိုက်ပြန်လည်တက်ရောက်ရန်လိုကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် နိုင်ငံ့ဝန်ထမ်းများအားလုံး တစ်ပြေးညီစည်းကမ်းရှိစေရေးနှင့် ဝန်ထမ်းကောင်းများ ဖြစ်စေရေးအတွက် လေ့ကျင့်ပေးနေသော သင်တန်းကျောင်းများဖြစ်ကြောင်း၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အနေဖြင့် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ❖ **ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးရမည့် တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လို။**
- ❖ **အခြားဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း အလားတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားထိခိုက်အောင် လုပ်ဆောင်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမည်ဖြစ်။**
- ❖ **ကျန်းမာရေးဝန်ထမ်းများကို အဆင့်နှင့်လျော်ညီသည့် အထောက်အပံ့များပေးရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ပညာရေးဝန်ထမ်းများကိုလည်း အလားတူ ဆောင်ရွက်ပေးသွားမည်ဖြစ်။**
- ❖ **ဝန်ထမ်းများရရှိထားသည့် ဘွဲ့အဆင့်အတန်းအပေါ် မူတည်ပြီး အဆင့်အလိုက် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်။**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၈ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကိစ္စတစ်ရပ်ရပ်ကြုံတွေ့လာပါက ခေါင်းအေးအေးထားကာ ရင်ဆိုင်ဖြေရှင်းသင့်ကြောင်း ပညာပေးရေးဖွဲ့ထားသည့် ကာတွန်းကျော်ထွဏ်း၏ "ပြေးပါနဲ့လား မျောက်ဖိုးစိန်" မျက်နှာဖုံး ဇာတ်လမ်း၊ သစ်ပင်များ၏အသုံးဝင်ပုံနှင့် တန်ဖိုးထားထိန်းသိမ်းသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် ဒေါက်တာဇော်မြင့်နီ၏ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနီတိများ" သုတဆောင်းပါးနှင့် မြန်မာ့ရိုးရာတူရိယာများထဲမှ အိုးစည်အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် ဆရာကိုဇော်ငွေး (ယဉ်ကျေးမှု)၏ "အိုးစည်အကြောင်းသိကောင်းစရာ" သုတဆောင်းပါး၊ ကလေးများအနေဖြင့် ပူပြင်းသောနွေရာသီတွင် နေပူထဲ၌ ကစားခြင်းကို ရှောင်ကြဉ်သင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် ကာတွန်းလွင်ကျော်၏ "ချက်စူနှင့်အယ်လ်နီညို" နှစ်မျက်နှာကာတွန်း၊ မိမိအသက်ကိုကယ်တင်ခဲ့သည့်အတွက် ကျေးဇူးပြန်ဆပ်သော မျောက်လေးအကြောင်းကို တင်ဆက်ထားသည့် ဆရာမောင်ဇော်လတ် (ကျေးတောမြေ)၏ "ကျေးဇူးသိတတ်မှု" ပုံပြင်၊ ကလေးများပေးပို့သော ကာတွန်းများကိုဖော်ပြသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ရွှေဖဲ၏ ဦးလေးအကြောင်းကို ဂျိုကာနှင့်ရွှေဖဲတို့ အပြန်အလှန်ပြောဆိုကြပုံအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် ကာတွန်းမြတ်နိုး၏ "ရွှေဖဲ" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့တွဲသုံးစကားလုံးများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

■



# ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး

**လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှရှိနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စားရေရိက္ခာပေါများရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြောကြား



ရန်ကုန် မေ ၆

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ နာယက၊ မြောက်ဦးအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းဆောင်ရွက်နေသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာနိုင်ငံရှိ ပေါကြွယ်လှသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအနက်မှ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် အမွေအနှစ်ဒေသ ၄၈ ခုကို ဥပဒေနှင့်အညီ ဇုန်နယ်နိမိတ်သတ်မှတ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်းနှင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသသည် အမျိုးသားအဆင့် အမွေအနှစ်ဒေသလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ် ၁၀ ခုနှင့် သဘာဝအမွေအနှစ် ခုနစ်ခု စုစုပေါင်း ၁၇ ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရေးအတွက် UNESCO၊ ကမ္ဘာ့အမွေအနှစ်ဌာနကို အဆိုပြုအမွေအနှစ်စာရင်းအဖြစ် တင်သွင်းထားခဲ့ပါကြောင်း၊ ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရပါကြောင်း။

ထို့အပြင် ၂၀၁၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် မန္တလေးမြို့ရှိမဟာလောကမာရဇိန်ခေါ် ကုသိုလ်တော်ဘုရား၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ပုဂံမှာရှိသည့် ရာဇကုမာရ်မင်းသား ဘာသာလေးမျိုးဖြင့် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာ၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားရှိ ဘာသာ သုံးမျိုးဖြင့် ရေးထိုးထားသော ဘုရင့်နောင်ခေါင်းလောင်းစာနှင့် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ ဘုရင့်နောင် မင်းတရားကြီး၏ ရွှေပေလွှာတို့ကိုလည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာကို အာရှ-ပစိဖိတ်မှတ်တမ်း အမွေအနှစ်အဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသသည် ရခိုင်တစ်မျိုးသားလုံး၏ တန်ဖိုးထားရာဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့အတွက်လည်း ပုဂံကဲ့သို့ အထွတ်အမြတ်ထားရာဖြစ်၍ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းခဲ့ကြသည့် လူမှုစီးပွားဘဝ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေး၊ အနုပညာဆိုင်ရာ အားမာန်နှင့် စိတ်ဓာတ်တို့ကို ထင်ဟပ်ဖော်ပြနေသည့် “ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခု”ဖြစ်သည့်အပြင် သမိုင်းကြောင်းအရ အနုလက်ရာ၊ ဗိသုကာလက်ရာများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်စည်ပင်မှုများကို ဖော်ညွှန်းနေသည့် အမွေအနှစ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ သမိုင်းဝင် မြောက်ဦးမြို့တော်၏ လုံခြုံရေးဆိုင်ရာ တည်ဆောက်မှုများ၊ ဥယျာဉ်လယ်ယာ စိုက်ပျိုးမြေများ၊ ဘာသာရေးအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ တောင်ကုန်းတောင်တန်းများပေါ်ရှိ မြို့ရိုးစနစ်၊ မင်းခမ်းမင်းနား ဓလေ့ထုံးစံဆိုင်ရာ တည်ဆောက်မှုများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများဖြစ်သည့် မြို့ဝင်ပေါက်တံခါး၊ ခံတပ်၊ နန်းတော်ရာနှင့် နန်းတော်တံတိုင်း၊ စပါးကျီ၊ စဉ့်ဖိုနှင့် မြောက်ဦးခေတ်ကျောက်စာများကိုလည်း လေ့လာနိုင်ပါကြောင်း၊ ကိုးကွယ်မှုဆိုင်ရာ စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဗုဒ္ဓဆင်းတုတော်များ၊ နတ်ကွန်းများ၊ သိမ်အဆောက်အအုံများနှင့် ပိဋကတ်တိုက်များကိုလည်း တွေ့ရှိနိုင်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံအများစုကို သဲကျောက်များနှင့် ထွင်းထုတည်ဆောက်ထားပြီး မြန်မာနိုင်ငံတွင် မြောက်ဦးတစ်နေရာတည်း၌ တွေ့မြင်ရပါကြောင်း၊ ဒြပ်ရှိ/ ဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အလှတရားများနှင့် ကြွယ်ဝပြည့်စုံလျက်ရှိသည့် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြောက်ဦးဒေသအတွင်း အမျိုးအမည် များပြားလှသည့် အချက်အလက်များ စာရင်းကောက်ယူခြင်း၊ ဂြိုဟ်တုဓာတ်ပုံ/မြေပုံတွေ၊ GIS မြေပုံတွေ၊ ကောင်းကင်ဓာတ်ပုံ၊ One Map အတွက် အချက်အလက်ရရှိရေးတို့ကို ပြည်တွင်း/ ပြည်ပ ပညာရှင်များနှင့် ဌာနမှ အရာထမ်းအမှုထမ်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အဆိုပြုစာတွဲ(မူကြမ်း) Nomination Dossier (Draft)ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလက ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လိုအပ်သည့် အကြံပေးအဖွဲ့များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခဲ့ပါကြောင်း၊ အစိုးရအဖွဲ့အစည်း၊ ဒေသအာဏာပိုင်၊ ဒေသအတွင်းက ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့များ၊ ဒေသခံများအားလုံး၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုများကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများပူးပေါင်း၍ အမွေအနှစ်ဒေသများကို အမြင့်ဆုံးကာကွယ်စောင့်ရှောက်မည်ဖြစ်ပြီး အမွေအနှစ်ဒေသများသည် မိမိနိုင်ငံ မိမိဒေသ၏ ဂုဏ်သိက္ခာတိုးတက်မှုများနှင့်အတူ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် အဘက်ဘက်က တိုးတက်လာမှုများပါ မလွဲမသွေရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ရာတွင် ဒေသခံများ အကျိုးစီးပွားမထိခိုက်ရန်နှင့် ဒေသခံပြည်သူများ လုပ်ကိုင်နိုင်သည့် ကိစ္စများပါ ဖော်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့် နည်းပညာရော၊ ရန်ပုံငွေရော ကူညီပံ့ပိုးမှုများပါ ရရှိလာနိုင်မည်ဖြစ်ပြီး ဒေသ၏ တိုးတက်မှုများ၊ ဒေသခံများ၏ အကျိုးစီးပွားတိုးတက်မှုများပါ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် လူမျိုး၏သမိုင်း ကမ္ဘာတွင်ကျန်ရစ်စေရန်အတွက် ယခုအစည်းအဝေးတက်ရောက်လာသူအပေါင်းက မိမိတို့ကျရာ အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ရန် စီစဉ်လျာထားမှုများကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မြောက်ဦးဌာနခွဲမှ ညွှန်ကြားရေးမှူးတို့က မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ အဆိုပြုစာတွဲများတွင် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ မြောက်ဦးဒေသ၏ ဘက်စုံလွှမ်းခြုံသော စီမံခန့်ခွဲရေးမူဘောင်ရေးဆွဲထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ရာတွင် ဒေသတွင်းနယ်မြေအေးချမ်းလုံခြုံရေးရရှိရန် အထူးလိုအပ်ပါကြောင်း၊ ဒေသတွင်း နယ်မြေအေးချမ်းလုံခြုံမှုသာ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာတွင် လိုအပ်သော အထောက်အထား၊ စာရင်းဇယားများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မြေပြင်ကွင်းဆင်းလျက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်ဒေသရရှိပြီးပါကလည်း ဒေသတွင်းနယ်မြေ အေးချမ်းလုံခြုံရေးရရှိရန် ဆက်လက်လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိရဟန်းသံဃာနှင့်ပြည်သူအားလုံးကလည်း ဒေသတွင်း နယ်မြေအေးချမ်းလုံခြုံရေး အထူးတောင့်တလိုလားလျက်ရှိပါကြောင်း၊ သို့အတွက် ရဟန်းရှင်လူပြည်သူအားလုံးက ဒေသတွင်းနယ်မြေအေးချမ်းလုံခြုံရေးရရှိအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စကားပြောခြင်းအနုပညာ

ချစ်နိုင်(စိတ်ပညာ)

**အမေရိကန်မှာနေပြီး ဖေ့စ်ဘွတ်ဆိုရှယ်မီဒီယာမှာ ရေးတင်နေသော အမျိုးသမီးကြီးတစ်ဦး ရှိလေသည်။ သူ့ကို မကြည့်ဖူးခဲ့ပါ။ သိလည်းမသိ။ ကြားလည်းမကြားမိဖူးပါ။ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ရုတ်တရက်အသက်ရှုကျပ်ကာ အသက်သေဆုံးသွားကြောင်း၊ အချို့က ဝမ်းနည်းကြောင်း၊ အချို့က ဝမ်းသာကြောင်း ရေးတင်လာကြသည့်အခါတွင်မှ ထိုအမျိုးသမီးပုံမြင်ရတော့၏။ ရုပ်အဆိုးကြီးလည်း မဟုတ်။ ရုပ်ရည်လှပသူလည်း မဟုတ်။ အသက်အရွယ်ကား သေလောက်သည့်အရွယ် မဟုတ်သေး။ ငါးဆယ်ခန့်ရှိပေဦးမည်။ မျက်နှာထားကတော့ ပုပ်သည်။ သူသည် မသေခင်က ရဟန်းသံဃာတော်များကိုလည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေကြသော နိုင်ငံ့ဝန်ထမ်းများကိုလည်းကောင်း ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆို ပုတ်ခတ်၍ အမြဲတစေရေးနေ၊ ပြောနေသူဟု သိရပေသည်။ နှုတ်ကြောင့် သေခြင်းလော။**

## နိဒါန်း

သေခြင်းတရားဆိုသည်မှာ သတ္တဝါဟူသမျှ မည်သူမျှ ရှောင်ကွင်းတိမ်းရှောင်၍ရသော အရာမဟုတ်။

နောက်ဆုံးတစ်နေ့ သေမင်းခံတွင်းဝရှေ့မှောက်သို့ ရောက်ရမည့်သူချည်းသာဖြစ်ပါ၏။ သေခြင်းတရားက မိမိတို့နှင့် မည်မျှနီးကပ်ပါသနည်း။ အခြားသူများကိုတော့ မပြောတတ်ပါ။ မိမိတို့လို အသက် ၇၀ ကျော်များအတွက်မူကား သေမင်း၏ အသက်ရှုသံကိုပင် ကြားရအောင် နီးကပ်နေကြပေပြီ။ သေမင်း၏ နှာခေါင်းဝ၊ ပါးစပ်ခံတွင်းတို့မှ ထွက်သော လေနှင့်အတူ အာငွေ့နွေးနွေး၏ အနံ့အသက်ကိုပင် ရှူရှိုက်နေကြရပြီဟု ဆိုချင်သည်။ အများအားဖြင့် အသက် ၁၂၀ အထိ ရှည်ကြသူက ရှားလှပါသည်။ ဇာတာထန်းဖူးရွက်ထဲမှာပဲ “အသက် ၁၂၀ ရှည်စေသော်”ဟု ရေးထားသည်ကို တွေ့ရပါမည်။ အသက် ၉၉ နှစ်တိုင်အောင် သီချင်းနားထောင်ဆဲ၊ စာတွေဖတ်နေဆဲ၊ လူတွေ့နှုတ်မေးအင်တာဗျူးတွေ ဖြေနေဆဲ၊ ဂီတစာဆိုဆရာကြီး ဗိုလ်ကလေးတင့်အောင်တော့ ရှားရှားပါးပါး သက်ရှိထင်ရှားရှိနေဆဲ ဖြစ်ပါ၏။ ကျိုက်လတ်မြို့မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သော အမျိုးသားအောင်ပွဲနေ့ စာပေဟောပြောပွဲ၊ ဂီတဆည်းဆာဖျော်ဖြေပွဲများသို့ မလိုက်ပါနိုင်တော့သည်ကား လေးငါးနှစ် ရှိခဲ့ပေပြီ။ အိုခြင်းတရားကို မည်သူမျှ မတားဆီး မလွန်ဆန်နိုင်ပေ။

## တွေ့ရဖတ်ရ

မအိုသေးခင် သေဆုံးကြသူတချို့ကို လက်ကိုင်ဖုန်း ဖေ့စ်ဘွတ်တွင် ရေးသားမျှဝေကြသော သတင်းများအရ ဖတ်ရ၊ ကြားရသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့တစ်မြို့အဝင် ကားလမ်းမကြီးပေါ်မှာ ဒီဇင်ဘာ ၂၄ ရက် ညနေက ဖြစ်ပွားခဲ့သည်။ အမျိုးသားလူရွယ်နှစ်ဦး စီးလာသော မော်တော်ဆိုင်ကယ်သည် အရှိန်နှင့် မောင်းနှင်နေရာမှ ရှေ့က ဆိုင်ကယ်စီးနေသူက ရုတ်တရက် ဆိုင်ကယ်ကို လမ်းဘေးသို့ချပြီး ရပ်လိုက်ရင်း အံ့သြထိတ်လန့်သော လေသံဖြင့် “ဟာသွားပြီကွာ”ဟု ပြောလိုက်ပါသည်။ သူ၏လည်ပင်းကို ရစ်ပတ်မိနေသော လေတံခွန်ကြိုးကိုလည်း ဖြေရန်၊ ဖြတ်ရန် ကြိုးစားနေလေသည်။

နောက်ထိုင်ခုံမှလိုက်ပါလာသောသူက ဖြစ်ရပ်က မြန်ဆန်လွန်းသဖြင့် နားမလည်။ ရှေ့ကလူ၏ လည်ပင်းမှ သွေးများစီးကျလာနေသည်ကိုမြင်ရမှ မှန်စာကော်တိုက်ထားသော ထက်ရှနေသည့် စွန်ကြိုးက တိုက်တိုက်ဆိုင်ဆိုင် ဆိုင်ကယ်စီးလာသူ၏ လည်ပင်းကို ဓားဖြင့်လှီးဖြတ်သကဲ့သို့ ရစ်ပတ်ကာ အရှိန်ပြင်းပြင်း ဖြတ်ခဲ့ခြင်းပေတည်း။

နီးရာလူများကို အကူအညီတောင်း၍ မြို့နယ်ဆေးရုံသို့ ပို့သည်။ သွေးထွက်လွန်နေသည်။ ဒဏ်ရာက ထင်မှတ်သည်ထက် နက်သည်။ ပြင်းထန်သည်။ ထိုနေ့ညမှာပင် ကွယ်လွန်သွားရှာသည်။

ဖြစ်ခဲလှသော တိုက်ဆိုင်မှုတစ်ရပ်ပင်။

ဖေ့စ်ဘွတ်မှာတွေ့ရတော့ အံ့သြသည်။

ဖေ့စ်ဘွတ်မှာပင် လူတစ်ယောက်က အလားတူ စွန်ကြိုးနှင့် ဆိုင်ကယ်စီးသူအဖြစ်မျိုး လွန်ခဲ့သောလေး၊ ငါးနှစ်က တောင်ကြီးမြို့မှာလည်း ဖြစ်ခဲ့ဖူးသည်ဟု ရေးသည်။

## တိုက်တိုက်ဆိုင်ဆိုင်

အသက်အရွယ် သုံးဆယ်၊ လေးဆယ်ခန့် သန်သန်မာမာလူရွယ်ပင်ဖြစ်သည်။ မမြင်နိုင်သော အန္တရာယ်က တိုက်ဆိုင်စွာကျရောက်ကာ အသက်ဆုံးရရှာသည်။ ရေးကကောင်းကင်မှာ ပျံဝဲလာသော ကျီးကန်းတစ်ကောင်သည် လေပွေလေရူးဖြင့် လွင့်ပါလာသော ကရွတ်ခွေမီးတောက်လောင်ဆဲ၏ အပေါက်ထဲသို့ တည့်တည့်တိုးကာ သူပါမီးလောင်ပြီး မြေသို့ကျ၍ သေရသည်။ ရေအိုးစင်၊ ရေအိုးအောက်မှာ အေးအေးစိမ့်စိမ့်တည်ရှိနေတတ်သည့် ကရွတ်ခွေသည် အိမ်မီးလောင်၍လော၊ ဟောင်းအိုသဖြင့် အမှိုက်ပုံထဲရောက်ရစဉ် မီးရှို့ခံရ၍လောမသိ။ မီးညီးညီးတောက်လောင်ဆဲမှာပင် လေပွေဗွေ့သဖြင့် ထန်းတစ်ဖျားအမြင့်ထိ လွင့်ပါရသည်။ ကျီးတစ်ကောင်ကလည်းလေထဲမှာ ဤမီးလောင်နေသည့် ကရွတ်ခွေမီးကွင်းအတွင်း ပျံသန်းရင်း မတော်တဆ တည့်တည့်တိုးရသည်။ ထူးဆန်းလှသော ဤအဖြစ်ကို မြတ်စွာဘုရားထံ ပရိသတ်တချို့က အကျိုးအကြောင်း လျှောက်ထားသောအခါ မြတ်စွာဘုရားက ဝဋ်ကြွေးရှိခဲ့ပုံကို ဟောကြားတော်မူလေသည်။

တောင်သူယာသမားတစ်ဦးသည် ယာထွန်နေဆဲ ပေကပ်ကပ်ရပ်နေသော နွားတစ်ကောင်ကို အမျိုးမျိုးရိုက်နှက်ပါသော်လည်း မသွားရုံမျှမက လှဲအိပ်ကာ ဆန့်ကျင်ဆန္ဒပြသောနွားကို ဒေါသပြင်းစွာထွက်သဖြင့် ကောက်ရိုးကို လိမ်ကျစ်၍ လည်ဆွဲကွင်း သဏ္ဌာန် လုပ်သည်။ နွား၏လည်ပင်းတွင် စွပ်ပြီး မီးရှို့တိုက်လေသည်။ နွားသတ္တဝါမှာ လည်ပင်းတစ်ခုလုံး မီးလောင်မြိုက်သော ကောက်ရိုးမီး၏ ပူလောင်မှုကြောင့် ပြေးလွှားနေရရှာလေ၏။ ထိုအနာ မီးလောင်ဒဏ်ရာဖြင့်ပင် သေရရှာ၏။ ထိုတောင်သူသည် ယခု သင်တို့ မြင်ကြရသော ကျီးကန်းဘဝ၊ ထူးဆန်းစွာလည်ပင်းသို့ မီးကွင်းကရွတ်ခွေစွပ်မိခြင်း ဖြစ်ရပေသည်ဟု ကံကံ၏အကျိုးကို ဟောကြားတော်မူခဲ့ဖူး၏။ ဝဋ်ခံရခြင်း။

## ဝဋ်

ငရဲကို လွတ်အောင်ရှောင်နိုင်ပါသေး၏။

ဝဋ်ကိုကား မည်သူမျှ ကိုယ်ပြုခဲ့၊ မိုက်ခဲ့သမျှ ပုန်းခိုရှောင်လွှဲ၍ မရနိုင်ချေ။ ကိုယ်စိုက်ခဲ့မိသော အပင်မှ အသီးကို မိမိသာလျှင် ရိတ်သိမ်း၊ စားသုံးရလိမ့်မည်။ ဝဋ်ကြွေးကို မည်သူမဆိုပေးဆပ်ရလိမ့်မည်။

အမေရိကန်မှာနေပြီး ဖေ့စ်ဘွတ်ဆိုရှယ်မီဒီယာမှာ ရေးတင်နေသော အမျိုးသမီးကြီးတစ်ဦး ရှိလေသည်။ သူ့ကိုမကြည့်ဖူးခဲ့ပါ။ သိလည်းမသိ။ ကြားလည်း မကြားမိဖူးပါ။ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ရုတ်တရက်အသက်ရှူကျပ်ကာ အသက်သေဆုံးသွားကြောင်း၊ အချို့က ဝမ်းနည်းကြောင်း၊ အချို့က ဝမ်းသာကြောင်း ရေးတင်လာကြသည့်အခါတွင်မှ ထိုအမျိုးသမီးပုံ မြင်ရတော့၏။ ရုပ်အဆိုးကြီးလည်း မဟုတ်။ ရုပ်ရည်လှပသူလည်း မဟုတ်။ အသက်အရွယ်ကား သေလောက်သည့်အရွယ် မဟုတ်သေး။ ငါးဆယ်ခန့် ရှိပေဦးမည်။ မျက်နှာထားကတော့ ပုပ်သည်။ သူသည် မသေခင်က ရဟန်းသံဃာတော်များကိုလည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်နေကြသော နိုင်ငံ့ဝန်ထမ်းများကိုလည်းကောင်း ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆို ပုတ်ခတ်၍ အမြဲတစေ ရေးနေ၊ ပြောနေသူဟု သိရပေသည်။ နှုတ်ကြောင့်သေခြင်းလော။

သေခြင်းတရားသည် အရွယ်မရွေးချေ။

အိုမင်းသော အသက်အရွယ်သို့လည်း မရောက်သေး။ ကျန်းမာရေးထိခိုက်ဖျားနာလည်း မရှိသေး။ ဆေးဝါးငွေကြေးပြည့်စုံသော အခြေအနေမျိုး ရှိပုံရပါလျက်နှင့် ရုတ်တရက်ချက်ချင်း လေပြင်းတိုက်ခတ်လိုက်သဖြင့် ပြတင်းပေါက်မပိတ်လိုက်ရသေးမီ ဖယောင်းတိုင် မီးငြိမ်းသွားဘိသကဲ့သို့ မြန်ဆန်လှသော သေခြင်းတရားသည် သူ၏လူ့ဘဝသက်တမ်းကို ပိုင်းဖြတ်ရပ်တန့်စေခဲ့ပြီ။ အချို့ကလည်း သူပြုခဲ့သည့် အကုသိုလ်ကြီးတွေကြောင့် ထိုက်သင့်သော အကျိုးပေးကို ရရှိသွားခြင်းပင်ဖြစ်သည်ဟု သင်ခန်းစာ ဖော်ထုတ်သည်။ ကံ ကံ၏အကျိုးမှာ မမြင်နိုင်ပါ။ ဟုတ်ချင်လည်း ဟုတ်မည်။ ဟုတ်ချင်မှလည်း ဟုတ်မည်။ ဤသတင်းအတွက် တစ်စုံတစ်ရာမှတ်ချက်ပေးစရာမရှိပါ။

ဖြစ်ရပ်များကို ဖော်ပြပြီး စကားပြောဆိုပါ။

ဖြစ်စဉ်သာဓက၊ ဇာတ်၊ ဝတ္ထု၊ သတင်းတို့ကိုပါ ထည့်သွင်းဟောပြောပါက ဆွဲဆောင်မှုပိုရတတ်သည်ဟု ဟိုတစ်နေ့က ဖေ့စ်ဘွတ်ဆိုရှယ်မီဒီယာမှာ ကြားလိုက်မိသဖြင့် ဆရာကျော်ကျော်လှိုင် ဟောပြောချက်ကို လက်တွေ့ကြားသမျှ၊ သိရသမျှ၊ မျှဝေတင်ပြခြင်း ဖြစ်သည်။

## ဟောပြော

ဆရာကျော်ကျော်လှိုင်နှင့်အတူ စာပေဟောပြောပွဲများ သွားခဲ့ဖူးပါသည်။ စကားပြောခြင်းအနုပညာကို စနစ်တကျလေ့လာလေ့ကျင့်ထားသူဖြစ်ပါသည်။ စာရေးလည်း ကောင်းသည်။ အမျိုးသားစာပေဆုများလည်း ရခဲ့ပြီးပေပြီ။ ဘာပဲလုပ်လုပ် အောင်မြင်ထွန်းပေါက်အောင် လုပ်ဆောင်တတ်သူဖြစ်လေသည်။ သူ၏ခေါင်းစဉ်က “စကားပြောခြင်းအနုပညာ”တဲ့။

ဆရာကျော်ကျော်လှိုင် ၁၅ မိနစ်ခန့်ဟောပြောသော ဟောပြောခြင်းကို မိမိကြည့်လိုက်ရသည်။ သဘောကျပါသည်။ ကောင်းသည်။ အချိန်တိုတိုအတွင်း အမှန်တကယ် လိုချင်သူအတွက် ကောင်းမွန်သော နည်းလမ်းများရရှိစေနိုင်ပါသည်။ အကျိုးရှိလောက်သည်။ (မှတ်မိသမျှ ဖော်ပြခွင့်ပြုစေလိုပါသည်)

မှန်ပါသည်။

စကားပြောခြင်းသည် အနုပညာဖြစ်ပါ၏။

မိမိဘဝကို လက်ရှိအခြေအနေ အဆင့်အတန်းထက်ပို၍ မြင့်ချင်သူ၊ တတ်ချင်သူအတွက် စကားပြောခြင်း အတတ်ပညာ၊ ဟောခြင်းပြောခြင်းနှုတ်မှုပညာကို လေ့လာ၊ လေ့ကျင့်၊ ဖြည့်ဆည်းသင့်သည် အမှန်ပင်၊ ခေါင်းဆောင်ဆိုသည်ကား စကားထုတ်လုပ်စက်ရုံ။

## လိုအပ်ချက်

ခေါင်းဆောင်လုပ်မည့်သူသည် စကားပြောကောင်းဖို့ရာ လိုအပ်ပါသည်။ ပြောတတ် ဆိုတတ်၊ ပြောနိုင်ဆိုနိုင်၊ စကားပြောကောင်းသူတစ်ယောက်ဖြစ်လာဖို့ဆိုသည်မှာ နေ့ချင်းညချင်းမရပါ။ အခုရေတွင်းတူး အခုချက်ချင်းရေကြည်သောက်ချင်၍ မရနိုင်ပေ။

အချို့က စကားပြောကောင်းခြင်းသည် မွေးရာပါ အရည်အသွေးဟု ထင်ကြ၏။ မဟုတ်ပါ။

စာမျက်နှာ ၇ သို့ ■

**မိမိဘဝကို လက်ရှိအခြေအနေ အဆင့်အတန်းထက်ပို၍ မြင့်ချင်သူ၊ တတ်ချင်သူအတွက် စကားပြောခြင်း အတတ်ပညာ၊ ဟောခြင်းပြောခြင်း နှုတ်မှုပညာကို လေ့လာ၊ လေ့ကျင့်၊ ဖြည့်ဆည်းသင့်သည် အမှန်ပင်၊ ခေါင်းဆောင်ဆိုသည်ကား စကား ထုတ်လုပ်စက်ရုံ။**

# (၁၃) ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း ပေါင်းစပ်ညှိနှိုင်းရေးညီလာခံသို့ ဒုတိယရှေ့နေချုပ် တက်ရောက်



**နေပြည်တော် မေ ၆**

(၁၃) ကြိမ်မြောက် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံကို အင်ဒိုနီရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ယနေ့နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (ASLOM) အလှည့်ကျဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးစန်းလွင် တက်ရောက်ပြီး ASLOM ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

ASLOM အလှည့်ကျဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က ဆွေးနွေးပြောကြားရာတွင် ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်ရေးအတွက် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ASLOM နှင့် အာဆီယံ ဥပဒေပညာရှင်များအသင်း(ALA)တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ် (MLAT) ကို အာဆီယံပဋိညာဉ်၏ နောက်ဆက်တွဲ (၁)အဖြစ် ထည့်သွင်းသတ်မှတ်နိုင်ခဲ့ပြီး ဖြစ်သည့်အတွက် လက်ရှိအချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် တတိယနိုင်ငံများကိုလည်း MLAT သဘောတူစာချုပ်တွင်ပါဝင်နိုင်ရေး လုပ်ငန်းစဉ်ကို ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ASLOM အနေဖြင့် အာဆီယံပဋိညာဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ပြန်လည်သုံးသပ်ခြင်း၊ အရေးပေါ်အခြေအနေနှင့် ဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များအပေါ် အာဆီယံ၏တုံ့ပြန်ဖြေရှင်းမှုများ၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်ပေးမှုများ စသည့် ကိစ္စရပ်များတွင် အကြံပြု ပံ့ပိုးလျက်ရှိပါကြောင်း၊ ထို့ပြင် ASLOM အနေဖြင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်မူကြမ်းရေးဆွဲရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၂၁ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

ညီလာခံသို့ တက်ရောက်လာသည့် အာဆီယံကဏ္ဍအလိုက် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အခြေပြုမြေပုံ(APSC Blueprint 2025) အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အာဆီယံမျှော်မှန်းချက် (ASEAN Post–2025 Vision) ဖော်ဆောင်မှုအခြေအနေနှင့် အာဆီယံအဖွဲ့ဝင်သစ်အဖြစ် အရှေ့တီမောနိုင်ငံ၏ လျှောက်ထားမှုတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ညီလာခံသို့ ASLOM အလှည့်ကျဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့်နှင့် ဥပဒေအရာရှိများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပုသိမ်၌ တိုင်းဒေသကြီးအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ



**ပုသိမ် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ၂၀၁၄–၂၀၁၅ မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို မေ ၅ ရက်က ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီကောင်စီဝင် (၂) ဦးတင်အေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးရမည့်အချက်များကို ရှင်းလင်းတင်ပြသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်တွင် ခရိုင် ခြောက်ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်၌ ကျေးရွာပေါင်း ၁၁၄၃၃ ရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာပေါင်း ၂၂၁၀၊ ယူနစ် ၁၇၂၀ နှင့် လည်ပတ်ရန်ပုံငွေ ကျပ်သန်း ၇၆၇၇၅ ဒသမ ၃၃၅ ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် စီမံကိန်း အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

■ စာမျက်နှာ ၆ မှ

လေ့လာဆည်းပူး၊ သင်ယူလေ့ကျင့်ပါက (စနစ်တကျဆည်းပူးလေ့လာ) ကြိုးစားသူဖြစ်လျှင် ရရှိနိုင်သည့် စွမ်းရည်တစ်ရပ်ဖြစ်ပါ၏။

စကားပြောကောင်းသူတစ်ယောက်ဖြစ်ဖို့ရာ လိုအပ်ချက်များရှိပေသည်။ အောက်ပါအချက်များပင် ဖြစ်၏။

၁။ ရှူးသွပ်ရမည်။

၂။ လေ့ကျင့်ရမည်။

၃။ များများဖတ်၊ များများမှတ်၊ များများပြောရမည်။

### ရှူးသွပ်ရမည်

ရှူးသွပ်ရမည်ဆိုသည်က အဘယ်နည်း။

စကားပြောခြင်းအတတ်သည် အနုပညာလည်း ဖြစ်သည်။ အနုပညာရပ်များဖြစ်သော သဘင်၊ ဂီတ၊ စာပေ၊ ပန်းချီ၊ ကာတွန်း၊ ရုပ်ရှင်၊ ကပြ၊ သရုပ်ဆောင် စသည်တို့သည် စွဲစွဲလမ်းလမ်း၊ စိုက်လိုက်မတ်တတ် (အရူးအမူး)ထက်သန်သည့် စိတ်ဆန္ဒရှိမှသာ ထူးချွန်နိုင်သည်။ အကယ်ဒမီများရှင် ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေး အကြောင်း ဝတ္ထုဟန် ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်ရှိပါသည်။ ဂျာနယ်ကျော် မမလေးရေးသားသော “မာလာရီ” အမည်ရှိ စာအုပ်ဖြစ်ပါ၏။ ဖတ်ကြည့်ပါက အောက်ချင်းမ ဟူသော ဇာတ်သမလေး ဘဝမှ ပြည်သူချစ်သောအနုပညာသည် ထိပ်တန်းရုပ်ရှင်မင်းသမီး ဖြစ်လာပုံအထိ သိမြင်ရလိမ့်မည်။ ဂျာနယ်ကျော်မမလေး၏ နိုင်ငံကျော် “သူလိုလူ” ဟူသော သတင်းစာဆရာ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကြိုးပမ်းအားထုတ်ပုံကို တွေ့ရလိမ့်မည်။ အဆိုတော် မာမာအေး၊ အလင်္ကာကျော်စွာရွှေမန်းတင်မောင် (လူထုဒေါ်အမာရေးထားပါသည်) စသည့် အနုပညာရှင်များ၏ ဘဝဖြတ်သန်းမှုကိုကြည့်၍ အတုယူနိုင်ပါမည်။ ရှူးသွပ်စွာ ကြိုးစားရမည်။

### လေ့ကျင့်ရမည်

လေ့ကျင့်လျှင်တိုးတက်စမြဲပင်။ စောင်းသမားသည် စောင်းကို မပြတ်တီးခတ်လေ့ကျင့်နေမှသာ သူ၏ လက်ကျလက်န၊ လက်ကွက် ပိုမိုကောင်းမွန် သွက်လက်သည်။ ဆိုင်းဆရာကြီး စိန်ဗေဒါသည် နေ့စဉ်မပြတ် ဆိုင်းဝိုင်းထဲဝင်၍ တီးသည်။ ပတ္တလား တီးသည်။ နိုင်ငံကျော်အောင် ထူးချွန်သည်လည်း မပြောနှင့်။ အစဉ်အမြဲလေ့ကျင့်မှုဖြင့် တိုးတက်ကျွမ်းကျင်နေသူ ဖြစ်၏။ မနေ့က စိန်ဗေဒါကို ယနေ့ စိန်ဗေဒါက သာရမည်ဟု စိတ်ပိုင်းဖြတ်ထား၏။

စကားပြောကောင်းချင်လျှင် ပြောဖို့ပြင်ထားပါ။ အခွင့်အရေးပေါ်လျှင် မလွတ်တမ်း ဝင်ပြောပါ။ စဉ်းစားပါ။ ချရေးပါ။ ပြန်ဖတ်ကြည့် တည်းဖြတ်ပါ။ ပိုကောင်းအောင်၊ ထိမိအောင်ပြောစမ်းကြည့်ပါ။ ဟောပြောချက်ကို အသံဖမ်း။ ပြန်နားထောင်ကြည့်။ မချောတာ၊ ထောက်တာရှိလျှင် နောက်တစ်ခေါက် ထပ်ပြောကြည့် များများပြောပါ။ အထပ်ထပ် လေ့ကျင့်ပါ။ အကြိမ်ကြိမ်ပြောပါ။ တက္ကသိုလ် ကျောင်းသားကိုအောင်ဆန်းသည် သူစပြောစက သူငယ်ချင်းများက နားမထောင်ညံ့သည်ဟု ဝေဖန်ခံရသည်။ ဆက်ကြိုးစားသည်။ ထပ်ကြိုးစားသည်။ အင်္ဂလိပ်လိုအရေး၊ အဖတ်၊ အပြော အထပ်ထပ်ကြိုးစားသည်။ နိုင်ငံရေးခေါင်းဆောင်ဖြစ်လာသောအခါ ဆာဝီလျှမ်ဆလင်း၊ လော့ဒ်မောင့်ဘက်တန်၊ ဝန်ကြီးချုပ် အက်တလီတို့နှင့် ဆွေးနွေးပြောဆိုရသောအခါ မိမိရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်အောင် ကောင်းစွာပြောတတ်ဆိုတတ်၊ ပြောနိုင်ဆိုနိုင် ဖြစ်နေခဲ့ပါချေပြီ။

ပါရမီဆိုသည်မှာ သင်မည်မျှကြိုတင်လေ့ကျင့် ပြင်ဆင်(အားထည့်)ဆည်းပူးခဲ့သလဲဟူသော အလေ့အကျင့် အတိုင်းအတာပင်ဖြစ်၏။ ဖြည့်ဆည်းရမည်။

### များများပြော

များများဖတ်၊ များများမှတ်၊ များများရေး၍ များများပြောလျှင် သိသိသာသာ တိုးတက်ဖွံ့ဖြိုးလာမည်။ အနုပညာ၏ သဘောသဘာဝ။ ပါရမီ၏ နိယာမ။ ကောင်းပြီ။ ဘာတွေကို ဘယ်လိုပြောမလဲ။

| | | |
|---|---|---|
| ၁။ Story Telling | – | အဖြစ်အပျက်လေးများ ထည့်ပြောပါ။ စိတ်ဝင်စားစေသည်။ (ရှေ့မှာ အဖွင့်ဖော်ပြခဲ့ပြီး) |
| ၂။ Humour | – | ရယ်စရာဟာသပါရမည်။ ချိတ်ဖြစ်စေ၊ ဘောက်ဖြစ်စေ ပရိသတ် ပျော်ရွှင်နှစ်သက်စေရပါမည်။ ပရိသတ်နှင့် ရင်းနှီးအောင် သုံးရမည်။ |
| ၃။ Art | – | အနုပညာရသပါရမည်။ စိတ်ဝင်စားအောင်၊ နှစ်သက်ဖွယ်၊ ရယ်မောဖွယ်၊ လွမ်းဆွတ်ဖွယ်စသည့်ခံစားမှုပေးရမည်။ သို့မှသာ စွဲပါမည်။ မှတ်မိစေလိမ့်မည်။ |

အောက်ပါအချက်များလေ့ကျင့်ရမည် –

| | | |
|---|---|---|
| (က)Words | – | စကားလုံးအရေးပါမှု ခုနစ်ရာခိုင်နှုန်း၊ |
| (ခ)Tone | – | လေသံ၊ အသံအရေးပါမှု ၃၈ ရာခိုင်နှုန်း၊ |
| (ဂ) Body Language | – | ဟန်ပန်အရေးပါမှု ၅၅ ရာခိုင်နှုန်း၊ လက်ဟန်ခြေဟန်က လေသံထက်၊ စကားလုံးထက် ပိုမိုထိရောက် အရေးပါ၏။ |
| (ဃ)Power Point | – | ရုပ်ပုံ၊ မြေပုံ၊ ဂရပ်ပြရန်။ စာလုံးတွေ မပြသင့်ပါ။ |
| (c) Extent | – | အချိန်အတိုင်းအတာ ၁၈ မိနစ်အတွင်း တိုနိုင်လေ ကောင်းလေလေ။ အချိန်ကြာလေလေ ပေါ့ရွတ်လေ။ |

(သမ္မတလင်ကွန်း၏ ဂက်စတီးဘတ် ကမ္ဘာကျော်မိန့်ခွန်းသည် ကြာချိန် နှစ်မိနစ်သာ ရှိပါ၏) တိုတိုနှင့် ထိထိမိမိပြောတတ်ပါစေ။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူမှု တတိယတစ်လတာခရီး

## ကနောင်



မေ ၂၄ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး ကျင်းပစဉ်။

**မှတ်မှတ်ရရ ထိုနေ့ကား ဧပြီ ၂၄ ရက်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ပထမဆုံးပြည်ပခရီးစဉ် သွားရောက်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာကျင်းပတဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲတစ်ယောက် ပြည်ပခရီးစဉ်သွားရောက်တယ်ဆိုတာ ထူးခြားတဲ့ဖြစ်စဉ်မဟုတ်ပါဘူး။ သို့သော် ဒီခရီးစဉ်ဟာ ထူးခြားတဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးအောင် ကြိုးပမ်းပေးဖို့၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူများရဲ့လူနေမှုဘဝ မြင့်မားအောင်ဖော်ဆောင်ပေးဖို့၊ နိုင်ငံတော်ကို အရေးပေါ်အခြေအနေတွင် စေတနာ၊ မေတ္တာအပြည့်အဝနဲ့ တိုင်းပြည်ကို တာဝန်ယူပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို နိုင်ငံတကာအလယ်မှာ ထင်သာမြင်သာရှိစေခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် ထူးခြားတဲ့ခရီးစဉ်လို့ ဆိုနိုင်ပါတယ်။

အာဆီယံဒေသအတွင်း ရေရှည်ကြံ့ကြံ့ခံနိုင်မှုရှိပြီး စဉ်ဆက်မပြတ်ဒေသတွင်း ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပံ့ပိုးသွားမယ်ဆိုတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အာဆီယံနိုင်ငံ့ခေါင်းဆောင်များထံ သတင်းစကားပါးခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံရဲ့ဦးတည်ချက်များအောင်မြင်စေဖို့၊ အာဆီယံပဋိညာဉ်စာတမ်းနဲ့ အရှေ့တောင်အာရှချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) ပါ အခြေခံမှုများနဲ့အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကိုလည်း ထပ်လောင်းပြောကြားနိုင်ခဲ့ပါတယ်။

### ယုံကြည်စိတ်ချရတဲ့ အစိုးရ

အခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနဲ့ ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေအကြောင်းကို အာဆီယံနိုင်ငံ့ခေါင်းဆောင်များကို ကိုယ်တိုင်ရှင်းရှင်းလင်းလင်း ပြောကြားနိုင်ခဲ့တာပဲဖြစ်ပါတယ်။ လက်ရှိတိုင်းပြည်အရေးကို ကိုင်တွယ်ဖြေရှင်းနေရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အရေးပါမှု၊ နိုင်ငံတကာနဲ့ ဒေသတွင်းတိုင်းပြည်တွေရဲ့ အသိအမှတ်ပြုမှု၊ အာဆီယံရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မှန်ကန်တဲ့ ရပ်တည်ချက်သဘောထားကိုလည်း မြင်တွေ့နိုင်ခဲ့ရတဲ့ ခရီးစဉ်တစ်ခု ဖြစ်ပါတယ်။ အထူးခြားဆုံးရလဒ်ကတော့ ပြည်သူအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပိုမိုယုံကြည်စိတ်ချမှုရှိစွာနဲ့ ရှေ့ဆက်လျှောက်လှမ်းကြဖို့၊ ငြိမ်းချမ်းစွာအတူ ပူးပေါင်းပြီး မြန်မာနိုင်ငံတော် တိုးတက်ရာတိုးတက်ကြောင်း လျှောက်လှမ်းနိုင်ဖို့အတွက် အင်အားသစ်တွေရရှိစေခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါတယ်။

### ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ချက်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်စောင်ကို မတ် ၃၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာမှာ ထာဝရငြိမ်းချမ်းရေးအတွက် ရှေ့ဆက်သွားမယ့် ညှိနှိုင်းဆွေးနွေးမှုအစီအမံများ ပါရှိသကဲ့သို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလ ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ယူခြင်းနဲ့ ပွဲတော်ကျင်းပခြင်းအစီအမံများ ပြုလုပ်နိုင်အောင် တပ်မတော်ရဲ့ စစ်ရေးဆိုင်ရာလှုပ်ရှားမှုတွေကို ဧပြီ ၁ ရက်ကနေ ၃၀ ရက်အထိ ရပ်ဆိုင်းပေးမယ်ဆိုတာကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကနေ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်စောင်ကို ဧပြီ ၃၀ ရက်မှာ ထပ်မံထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို မေ ၁ ရက်မှ ၃၁ ရက်အထိ ထပ်မံရပ်ဆိုင်းပေးသွားမှာ ဖြစ်တယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဆိုပါကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများနဲ့ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြဖို့ တိုက်တွန်းထားတာကို မြင်တွေ့ရပါတယ်။


အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးကို ရောက်ရှိနေကြတဲ့ နိုင်ငံသားတွေကို ပြန်လည်ဖိတ်ခေါ်တဲ့ သတင်းထုတ်ပြန်ချက်ကို ဧပြီ ၁ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့ရဲ့သွေးဆောင်ဖြားယောင်းမှုအမျိုးမျိုးကို ယုံစားပြီး ကျောင်းသားကျောင်းသူအချို့၊ လူငယ်လူရွယ်အချို့နဲ့ နိုင်ငံ့ဝန်ထမ်းအချို့စတဲ့ ပြည်သူတွေဟာ EAO များ တည်ရှိရာနေရာတွေနဲ့ ပြည်ပနိုင်ငံတွေကို စိုးရိမ်စိတ်တွေနဲ့ ရှောင်တိမ်းနေကြတာတွေ ရှိလာတဲ့အခါ လုံခြုံမှု၊ ဘဝအာမခံချက်နဲ့ လူမှုစီးပွားရေးတွေ ထိခိုက်ကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအရပ်ရပ်က မိမိတို့ ဒေသအသီးသီးကို ပြန်လာနိုင်ဖို့ ဖိတ်ခေါ်ထားတာကိုလည်း ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါတယ်။ ထို့အတူ ဧပြီလအတွင်း CDM လှုပ်ရှားမှု၊ ဆန္ဒပြမှုမှာ ပါဝင်ခဲ့ပေမယ့် နိုင်ငံရေးအသွေးအရောင်မရှိဘဲ သွေးထိုးမြှောက်ပင့်မှုတွေကြောင့် ပါဝင်ခဲ့ရတဲ့ နုနယ်သေးတဲ့ ကျောင်းသားကျောင်းသူတွေကို အနာဂတ်အရေးအတွက် ရင်ဝယ်သားကဲ့သို့ သဘောထားကာ မိဘအုပ်ထိန်းသူတွေထံကို ပြန်လည်လွှဲပြောင်းပေးခဲ့တာတွေကိုလည်း ပြည်သူများ မြင်တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ☆



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးအောင် ကြိုးပမ်းပေးဖို့၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူများရဲ့ လူနေမှုဘဝမြင့်မားအောင် ဖော်ဆောင်ပေးဖို့၊ နိုင်ငံတော်ကို အရေးပေါ်အခြေအနေတွင် စေတနာ၊ မေတ္တာ အပြည့်အဝနဲ့ တိုင်းပြည်ကို တာဝန်ယူပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို နိုင်ငံတကာအလယ်မှာ ထင်သာမြင်သာရှိစေခဲ့။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲသိင်္ခသူ)နှင့် စစ်ရေယာဉ်များက Single Line Formation ဖြင့် ပုံပြုချီတက်ခုတ်မောင်း အလေးပြုစဉ်။

☆ စာမျက်နှာ ၈ မှ

ပြည်တွင်းနေရပ်စွန့်ခွာသူတွေကို ပြန်လည်နေရာချထားပေးဖို့နဲ့ ယာယီခိုလှုံရာစခန်းတွေ ပိတ်သိမ်းဖို့အတွက် အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးတစ်ရပ်ကို မေ ၂ ရက်က ကျင်းပခဲ့ပါတယ်။ ဒေသအသီးသီးက IDPs တွေအတွက် ကာကွယ်စောင့်ရှောက်ထောက်ပံ့မှုတွေကိုဆက်လက်ပေးသွားမယ်ဆိုတာ သိရှိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ နေရပ်စွန့်ခွာသူတွေကို ဘေးကင်းလုံခြုံပြီး မှီခိုမှုကင်းတဲ့ လူနေမှုပတ်ဝန်းကျင်တွေ ပြန်လည်တည်ဆောက်ပေးဖို့ စီစဉ်မှုတွေကိုလည်း ကြားသိရတဲ့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ဝမ်းမြောက်ကြိုဆိုဖွယ် သတင်းကောင်းပင် ဖြစ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA – PC) တို့နဲ့ မေ ၂၆ ရက်မှာ သီးခြားစီတွေ့ဆုံခဲ့တာဟာလည်း ငြိမ်းချမ်းရေးအတွက် ခြေလှမ်းစိပ်စိပ် ဆောင်ရွက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အစည်းအဝေးများအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတွေ၊ ကျေးရွာချင်းဆက်လမ်းတွေ တိုးတက်လုပ်ဆောင်ပေးဖို့ ကိစ္စရပ်တွေနဲ့ ဒေသတွင်းက ပြည်သူတွေနဲ့ တပ်ဖွဲ့ဝင်မိသားစုတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ဖို့၊ ဒေသနဲ့ကိုက်ညီမယ့် စက်ရုံ၊ အလုပ်ရုံတွေ တည်ဆောက်ပေးဖို့၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးစတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းခဲ့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတွေ၊ ကျေးရွာချင်းဆက်လမ်းတွေ တိုးတက်လုပ်ဆောင်ပေးဖို့ကိစ္စရပ်တွေနဲ့ ဒေသတွင်းက ပြည်သူတွေနဲ့ တပ်ဖွဲ့ဝင်မိသားစုတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ဖို့၊ ဒေသနဲ့ကိုက်ညီမယ့် စက်ရုံ၊ အလုပ်ရုံတွေ တည်ဆောက်ပေးဖို့၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးစတဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းခဲ့။**

မေ ၂ ရက်ကနေစတင်ပြီး လူမှုကွန်ရက်ကနေ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေဖို့ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်သူတွေကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)နဲ့ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ နေ့စဉ်နိုင်ငံပိုင် သတင်းစာများ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့မှာ အရေးယူထားရှိသူတွေရဲ့ အမည်၊ လိပ်စာနဲ့ ဓာတ်ပုံ၊ လူမှုကွန်ရက်သုံးစွဲတဲ့အကောင့်တွေကို ဖော်ထုတ်ခဲ့တာကိုလည်း မြင်တွေ့ရပါတယ်။ အဲဒီအထဲမှာ ထင်ရှားသူအချို့၊ အနုပညာရှင်အချို့နဲ့ နိုင်ငံ့ဝန်ထမ်း ဆရာဝန်တွေလည်း ပါဝင်ခဲ့ပါတယ်။ နိုင်ငံတော်မတည်မငြိမ်ဖြစ်အောင်၊ ဆူပူအုံကြွမှုနဲ့ ပြည်သူအထိတ်တလန့်ဖြစ်အောင် လှုံ့ဆော်သူ၊ ဖြန့်ဖြူးသူတွေကို နေ့စဉ်ဖော်ထုတ်နေတာကိုလည်း မြင်တွေ့ရပါတယ်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်နိုင်ရန်နဲ့ ကာကွယ်ရေးစွမ်းရည် ထက်မြက်မြင့်မားစေရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ တပ်မတော် (ရေ) မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်အပါအဝင် စစ်ရေယာဉ်များ၊ ရဟတ်ယာဉ်များနဲ့ စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနဲ့ ပစ်ခတ်မှုလေ့ကျင့်ခန်း လေ့ကျင့်ခြင်းတွေကိုလည်း မေ ၄ ရက်မှာ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေ ၁၀ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင် လေ့ကျင့်မှုတွေကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးကို တာဝန်ယူထားရတဲ့ တပ်မတော်အတွက် မြန်မာ့ရေပိုင်နက်က အလွန်ကျယ်ပြန့်ပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့် ရှည်လျားတဲ့အတွက် ယခုလိုတပ်မတော် (ရေ)ရဲ့ လေ့ကျင့်မှုဟာ အလွန်အရေးကြီးပါတယ်။

ရခိုင်ပြည်နယ်အတွင်းက တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူတွေကို ထောက်ပံ့ပေးအပ်ခဲ့တဲ့အပြင် နေရပ်ပြန်လိုသူတွေကို ပြန်လည်နေရာချထားပေးဖို့ အစီအမံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ထောက်ပံ့သင်ကြားမှုများ ပြုလုပ်ပေးသွားဖို့ ရှိတာကိုလည်း သိရှိရပါတယ်။ မေ ၁၀ ရက်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူများ အားထောက်ပံ့ခြင်းအခမ်းအနားမှာ အဲဒီအစီအမံတွေကို ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။ ထို့အတူ စစ်တွေ၊ အမ်း၊ ကျောက်ဖြူနဲ့ မြောက်ဦးမြို့နယ်တို့ကို သွားရောက်ပြီး တိုက်ပွဲရှောင်စခန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနဲ့ တွေ့ဆုံညှိနှိုင်း ထောက်ပံ့ပေးခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်စောင်ကို မေ ၂၀ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ တရားမဝင်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)နဲ့ ယင်းကော်မတီကဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် မတ် ၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်တာကြောင့် ယင်းအသင်းက ဖွဲ့စည်းတဲ့ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နဲ့ ယင်းအဖွဲ့တွင် ပါဝင်သူတွေဟာ မတရားအသင်းနဲ့ မတရားအသင်းဝင်တွေ ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

မတရားအသင်းဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) က တရားမဝင် စင်ပြိုင်အစိုးရ ဖွဲ့စည်းတဲ့အခါမှာလည်း ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ခဲ့တာကို မြင်တွေ့ရပါတယ်။ စင်ပြိုင်အစိုးရဖွဲ့စည်းရာမှာ ပါဝင်သူ ၂၆ ဦးကိုလည်း တရားဥပဒေနဲ့အညီ သက်ဆိုင်ရာတရားရုံးတွေနဲ့ ရဲစခန်းအသီးသီးမှာ တရားစွဲဆိုတာ၊ အမှုဖွင့်အရေးယူတာတွေကို ဆောင်ရွက်ခဲ့တာကို မေ ၂၂ ရက်က သိရှိရပါတယ်။ ဒါ့အပြင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့ မညီညွတ်တဲ့အတွက် မှတ်ပုံတင်ခွင့်မရရှိတဲ့ အသင်း ဖြစ်ပါတယ်။ အဆိုပါအသင်းဟာ လက်ရှိဖြစ်ပေါ်နေတဲ့ ဆန္ဒပြအကြမ်းဖက်မှုတွေနဲ့ စပ်လျဉ်းပြီး ထိခိုက်သေဆုံးသူစာရင်းတွေကို ဆိုရှယ်မီဒီယာတွေနဲ့ ကောလာဟလများအပေါ် အခြေခံထုတ်ပြန်နေတဲ့အတွက် မမှန်ကန်တဲ့ ကိန်းဂဏန်းတွေဖြစ်နေခဲ့ပါတယ်။ ဒီလို ထုတ်ပြန်နေတာဟာ ဆူပူအကြမ်းဖက်မှုတွေကို ပိုမိုဖြစ်ပေါ်စေဖို့ လှုံ့ဆော်ရာရောက်တဲ့အတွက် ပြည်သူတွေ စိုးရိမ်ပူပန်မှုမြင့်တက်နေရခြင်းကို ဥပဒေနဲ့အညီ အရေးယူသွားဖို့ ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားတာကိုလည်း မေ ၂၆ ရက်က မြင်တွေ့ရပါတယ်။

စာမျက်နှာ ၁၀ သို့ ☆



မေ ၂ ရက်က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကျင်းပစဉ်။

✯ စာမျက်နှာ ၉ မှ

အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ရသော်လည်း ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ခြင်းမရှိသူများ၊ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ဖိအားပေး ခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့်အခြေအနေများကို စိုးရိမ်ပူပန်ခြင်းစတဲ့ အကြောင်းတစ်ရပ်ရပ်ကြောင့် ပါဝင်ခဲ့ကြပြီး အရေးယူခံခဲ့ရတဲ့ နိုင်ငံ့ဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်လိုပါက ကန့်သတ်ချက်အချို့နဲ့ ပြန်လည်တာဝန်ထမ်းဆောင်ခွင့် ပြုနိုင်ရန်အတွက်လည်း ဖြေလျှော့မှုများကို ပြုလုပ်ပေးမယ့် အသိပေးထုတ်ပြန်ချက်ကိုလည်း ဧပြီ ၂၇ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်အသိပေးခဲ့ပါတယ်။

**စုပေါင်းခွန်အား ခြေလှမ်းများ**

နိုင်ငံတော်ရဲ့တာဝန်အဝဝကို ထမ်းဆောင်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တတိယတစ်လတာ နိုင်ငံတော်တာဝန်ထမ်းဆောင်စဉ်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများဘဝမြင့်မားရေးနဲ့ ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းနိုင်အောင် စေတနာမှန်၊ လုပ်ရပ်မှန်၊ ရပ်တည်ချက်မှန်မှန်ထားရှိပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာကို မြင်တွေ့နေရပြီဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဧပြီ ၆ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဘာသာရေးနဲ့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုအတွက် ဗုဒ္ဓဘာသာအပြင် အခြားသောဘာသာဝင်များအားလုံး သက်ဆိုင်ရာ ဘာသာရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာဆောင်ရွက်နိုင်ရန်၊ သယံဇာတထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်၊ ပြည်ပသို့တင်ပို့နိုင်ရန်တို့ အပါအဝင် ဒေသများအတွင်း လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာစေရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။

ထို့အတူ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို မိမိတို့အနေနဲ့ ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက ယုံကြည်စိတ်ချမှုရရှိတဲ့ အစိုးရတစ်ရပ်ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဆိုတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အစိုးရအဖွဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနဲ့ တွေ့ဆုံစဉ် လေးလေးနက်နက်ပြောကြားခဲ့တာကို မြင်တွေ့ရပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့၊ ပြည်သူ များ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အသိအမြင်များ နိုးကြားသိမြင်နိုင်အောင် ဖော်ဆောင်သွားကြရမယ်ဆိုတာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထပ်လောင်းပြောကြားခဲ့ပါတယ်။ အဆိုပါအခမ်းအနားကို ဧပြီ ၆ ရက်က ကျင်းပခဲ့တာဖြစ်ပါတယ်။

အစိုးရတစ်ရပ်ဆိုတာ နိုင်ငံတော်ကို ကောင်းမွန်အောင်နဲ့ အာမခံချက်ပေးနိုင်အောင် လုပ်ဆောင်ရန်တာဝန်ရှိပါတယ်။ ဆူပူအကြမ်းဖက်မှုတွေကို နှိမ်နင်းဖို့၊ Country Destructive Movement လို့ ခေါ်ဝေါ်သင့်တဲ့ CDM လှုပ်ရှားမှုတွေကို အဆုံးသတ်ဖို့၊ အွန်လိုင်းနဲ့ တရားမဝင်မီဒီယာတွေကနေ သတင်းမှား၊ သတင်းတုတွေ ဖြန့်ဝေနေတာတွေကို ထိန်းချုပ်ဖို့၊ လူငယ်မောင်မယ်များ စာသင်ကြားခွင့်အမြန်ဆုံးရရှိဖို့ ကြိုးပမ်းနေတဲ့ အခြေအနေတွေကို အဆိုပါတွေ့ဆုံပွဲမှာ မြင်တွေ့ခဲ့ရပါတယ်။ တွေ့ဆုံပွဲရလဒ်တွေအဖြစ် တပ်မတော်ဆေးတပ်ရင်းတွေကနေ အရေးပေါ်ဆေးကုသမှုပေးအပ်နေတာတွေ၊ ပြည်သူ့ဆေးရုံတွေ ပြန်လည်ဖွင့်လှစ်ဖို့ ကြိုးပမ်းနေတာတွေအပြင် တိုင်းပြည်အတွက် လိုအပ်ချက်တွေဖြစ်တဲ့ အခြေခံအဆောက်အအုံတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေနဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကဏ္ဍအသီးသီးဖော်ဆောင်မှုတွေကို အရှိန်မြင့်ဆောင်ရွက်နေကြတာကို မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧပြီ ၁၀ ရက်မှာ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနဲ့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှာ တွေ့ဆုံခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပုံမှန်အတိုင်းပြန်လည်တည့်မတ်ပေးနိုင်ရေးတို့အတွက် ဆွေးနွေးပြောကြားခဲ့ပြီး အတူလိုက်ပါလာတဲ့ ပြည်ထောင်စုဝန်ကြီးများက တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအစီအမံများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကိုလည်း တစ်ပါတည်းဆောင်ရွက်ခဲ့တာကို မြင်တွေ့ရပါတယ်။

ဧပြီ ၂၂ ရက်က ကျင်းပခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁) မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တက်ရောက်အမှာစကား ပြောကြားခဲ့ရာမှာလည်း နိုင်ငံအတွက် အရေးတကြီးဆောင်ရွက်ရန် လိုအပ်ချက်တွေဖြစ်တဲ့ စီးပွားရေးကဏ္ဍမှာ ဈေးကွက်ရရှိနိုင်မယ့်ထုတ်ကုန်တွေ ထုတ်လုပ်တင်ပို့ရောင်းချနိုင်စေမယ့်နည်းလမ်းတွေ၊ နိုင်ငံ့ဘဏ္ဍာများအလေအလွင့်မရှိစေဖို့ အစီအမံတွေ၊ အားကစားပြိုင်ပွဲတွေ ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်းနဲ့ စိတ်ဓာတ်အရည်အသွေးမြင့်မားလာစေဖို့ နည်းလမ်းတွေ၊ စာသင်ကျောင်းတွေကို မေလနဲ့ ဇွန်လတို့မှာ ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားမှုတွေနဲ့ စိုက်ပျိုးမွေးမြူရေးပညာရှင်တွေ မွေးထုတ်နိုင်ဖို့၊ ဥပဒေဘာသာရပ်တွေကို တက္ကသိုလ်တွေမှာ ထည့်သွင်းသင်ကြားဖို့နဲ့ စီးပွားရေးဘာသာရပ်တွေကိုလည်း အလားတူ တက္ကသိုလ်အဆင့်တွေမှာ အထူးပြုသင်ကြားပေးကြဖို့အတွက် အစီအမံတွေ ရေးဆွဲခဲ့ကြပါတယ်။

နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးကိုလည်း ဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပန်းခင်းစီမံချက်ဟာ ၁၈ လတာကာလကြာမြင့်မှာဖြစ်တဲ့အပြင် လူဦးရေ ၃ ဒသမ ၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ဖို့ စီမံချက်အသစ်တစ်ရပ်လည်း ဖြစ်ပါတယ်။ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် အဆင့်ဆင့်သော တာဝန်ရှိတဲ့ဌာနတိုင်းက ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်တယ်ဆိုတာကိုလည်း စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှတ်တမ်းများအရ သိရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၁) ကို ဧပြီ ၂၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးအတွင်း တင်ပြဆွေးနွေးချက်တွေအပေါ် ပြန်လည်ဆွေးနွေးရာမှာ အဖွဲ့အစည်းတစ်ခုကို ဥပဒေကြောင်းအရ အရေးယူမည်ဆိုပါက အကြောင်းအရာ၊ အချက်အလက် တိကျခိုင်မာရန် လိုကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိတဲ့ ဝန်ထမ်းတွေကို ချီးမြှောက်ခြင်းမှာ ကောင်းမွန်တဲ့ကိစ္စဖြစ်ကြောင်းအပါအဝင် ဘဏ်များ ပုံမှန်လည်ပတ်နိုင်ရေး၊ အကြိမ်ကြိမ်သတိပေးသော်လည်း မလိုက်နာတဲ့အနုပညာရှင်တွေကို အရေးယူသွားနိုင်ရေး၊ ကြားဖြတ်သတင်းစာရှင်းလင်းပွဲများ ကျင်းပနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ဆိုလာစနစ်အသုံးပြုပြီး အင်းတော်ကြီးကန်အပါအဝင် ရေပြင်ကျယ်တဲ့ကန်တွေမှာ လျှပ်စစ်ထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်း အဖြေရှာပေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရာမှာ နိုင်ငံသားဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ပေးရန်နဲ့ မှတ်ပုံတင်ပြုလုပ်ဖို့ ကျန်ရှိနေသူတွေအားလုံး စနစ်တကျလုပ်ဆောင်ပေးနိုင်ရန်တို့ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

**ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေး**

(၂၅)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကို မတ် ၃၁ ရက်က ကျင်းပခဲ့ရာမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနဲ့အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပြီး ပြည်သူများအတွက် လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်ချက်များ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်။

ဧပြီ ၁ ရက်မှာ ကျင်းပတဲ့ (၁၇) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ပါတယ်။ ပဉ္စမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးမှာ အတည်ပြုကြမယ့် စာရွက်စာတမ်းကိစ္စ သဘောတူညီမှုများကို ဆွေးနွေးအတည်ပြုခဲ့ကြသလို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဘေးကင်းလုံခြုံတဲ့ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ဖို့၊ ဒေသတွင်းစိုက်ပျိုးရေးကဏ္ဍနဲ့ စွမ်းအင်ကဏ္ဍတို့မှာ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြမယ့် လုပ်ဆောင်ချက်တွေကို မြန်မာနိုင်ငံအနေနဲ့ ဆွေးနွေးပြောကြားခဲ့ပါတယ်။

အာဆီယံနဲ့ ဗြိတိန်တို့အကြား ကိုဗစ်-၁၉ အပါအဝင် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ကြံ့ကြံ့ခံနိုင်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးများ ပြန်လည်ထူထောင်ရေးနဲ့ ရာသီဥတုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းတဲ့ ASEAN –UK Open–Ended Troika Dialogue သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဗီဒီယိုကွန်ဖရင့်နဲ့ ဧပြီ ၈ ရက်မှာ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ကာကွယ်နိုင်ဖို့နဲ့ ကိုဗစ်-၁၉ အလွန် မြန်မာ့စီးပွားရေးကဏ္ဍ မြင့်မားစေဖို့အတွက် ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်မူဝါဒအတွင်း ထည့်သွင်းရေးဆွဲပြီး အထူးလုပ်ငန်းတစ်ရပ်အနေနဲ့ ဆောင်ရွက်နေတာကို အာဆီယံနဲ့ ဗြိတိန်နိုင်ငံဆိုင်ရာ တာဝန်ရှိသူများထံ ပြောကြားနိုင်ခဲ့တဲ့ အခမ်းအနားတစ်ရပ်ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**




မတရားအသင်းဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)က တရားမဝင် စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်ကို တွေ့ရစဉ်။

**နိုင်ငံအတွက် အရေးတကြီးဆောင်ရွက်ရန် လိုအပ်ချက်တွေဖြစ်တဲ့ စီးပွားရေးကဏ္ဍမှာ ဈေးကွက်ရရှိနိုင်မယ့် ထုတ်ကုန်တွေ ထုတ်လုပ်တင်ပို့ရောင်းချနိုင်စေမယ့် နည်းလမ်းတွေ၊ နိုင်ငံ့ဘဏ္ဍာများ အလေအလွင့်မရှိစေဖို့ အစီအမံတွေ၊ အားကစားပြိုင်ပွဲတွေ ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်းနဲ့ စိတ်ဓာတ်အရည်အသွေးမြင့်မားလာစေဖို့ နည်းလမ်းတွေ၊ စာသင်ကျောင်းတွေကို မေလနဲ့ ဇွန်လတို့မှာ ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားမှုတွေနဲ့ စိုက်ပျိုးမွေးမြူရေးပညာရှင်တွေ မွေးထုတ်နိုင်ဖို့၊ ဥပဒေဘာသာရပ်တွေကို တက္ကသိုလ်တွေမှာ ထည့်သွင်းသင်ကြားဖို့နဲ့ စီးပွားရေးဘာသာရပ်တွေကိုလည်း အလားတူ တက္ကသိုလ်အဆင့်တွေမှာ အထူးပြုသင်ကြားပေးကြဖို့အတွက် အစီအမံတွေ ရေးဆွဲခဲ့။**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယနှစ်ဝက်သင်တန်းကာလ မဟာဝိဇ္ဇာတန်းများနှင့် ဘွဲ့လွန် အနုပညာဒီပလိုမာတန်းများ ပြန်လည်ဖွင့်လှစ်မည်

**မန္တလေး မေ ၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေးကိုဆောင်ရွက်ရန်၊ မြန်မာ့အနုသုခုမပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သောအနုပညာရှင်များ ပေါ်ထွန်းရေးတို့အတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို အထောက်အကူပြုနိုင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ခေတ်ပညာတတ် အနုပညာရှင်ကောင်းများ မွေးထုတ်ပေးနိုင်ရန် စသော ရည်မှန်းချက်များနှင့်အညီ လူမှုယဉ်ကျေးမှု အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်း ပြည့်ဝသည့် အနုသုခုမဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် နိုင်ငံတကာ အသိအမှတ်ပြုတက္ကသိုလ်ဖြစ်စေရန် မျှော်မှန်းလျက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်၍ ဘွဲ့ကြိုနှင့်ဘွဲ့လွန်တန်းများကို သင်ကြားပို့ချလျက်ရှိသည်။

သို့ရာတွင် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်၏ ပထမနှစ်ဝက် စာမေးပွဲများကို ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် တက္ကသိုလ်သင်တန်းများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှစတင်၍ ယာယီရပ်နားထားခဲ့ရသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ဒုတိယနှစ်ဝက်သင်တန်းကာလ မဟာဝိဇ္ဇာတန်းများနှင့် ဘွဲ့လွန်အနုပညာဒီပလိုမာတန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျောင်းတော်သွားစို့ ဖော်ချင်းတို့

❂ ဖော်ချင်းတို့ရေ ဖော်ချင်းတို့
ပညာပန်းတွေ ခူးဆွတ်ဖို့
ကျောင်းတော် သွားကြစို့။
❂ ကျောင်းတော်သွားဖို့ ပျော်လို့ရွှင်
စာသင်ခန်းထဲဝင်၊
နုပျိုသစ်လွင်၊ ရွှန်းစိုလန်း
လှပ ရောင်စုံပန်း။
❂ ရောင်စုံပန်းတွေ ဖူးပွင့်ဝေ
ကြည်သာ မြူးဝင့်နေ၊
ပန်းတိုင်းပွင့်စေ၊ ပြုစုပေး
ပွင့်တဲ့ပန်းတိုင်း မွှေး။
❂ ပန်းတိုင်းမွှေးယဉ် ပန်းဂုဏ်အင်
လောကအလှဆင်၊
အလှဆင်ဖို့ ပဓာန
ပညာသင်ဖို့ အဓိက။
❂ အဓိကရဲ့ အခရာ
ပညာတတ်ဖို့ပါ၊
ကျောင်းတော်သာက သာစခန်း
ပညာ့ဗိမာန်နန်း။
❂ ဗိမာန်နန်းက ကြိုလို့နေ
ပညာပန်းတွေ ဝေ၊
ဖော်ချင်းတို့ရေ၊ ဖော်ချင်းတို့
ပညာပန်းတွေ ခူးဆွတ်ဖို့
ကျောင်းတော်သွားကြစို့။ ။

ရေနံ့သာ မောင်ကျော်ညွန့်

# ရန်ကုန်မြို့၌ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ စွန့်ပစ်ရန် မြေနေရာရရှိရေး ကြိုးပမ်းလျက်ရှိ



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်အမှိုက်ပုံကို တွေ့ရစဉ်။

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ၃၃ မြို့နယ်တွင်နေထိုင်သော ပြည်သူငါးသန်းကျော်မှ နေ့စဉ်စွန့်ပစ်အမှိုက်တန်ချိန် ၂၅၀၀ ကျော် ထွက်ရှိနေပြီး သတ်မှတ်ထားသည့် အမှိုက်ပုံများသို့ စွန့်ပစ်လျက်ရှိရာ ယခုအခါ မြို့ပြ၏တန်ဖိုးရှိသော မြေနေရာများသည် အမှိုက်များကြောင့် တဖြည်းဖြည်း ကျယ်ပြန့်စွာနေရာယူလာပြီး အမှိုက်စွန့်ပစ်မြေနေရာရရှိရန် အခက်အခဲများကြုံတွေ့လာရသည်။

**ကြိုးပမ်းအားထုတ်လျက်ရှိ**

ထို့ကြောင့် ရန်ကုန်မြို့အတွင်းရှိ သတ်မှတ်စွန့်ပစ်အမှိုက်များ စုပုံထားသော မြေနေရာများကို ပြန်လည် အသုံးပြုနိုင်ရန်နှင့် လက်ရှိအမှိုက်ပုံများကို မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် စွန့်ပစ်အမှိုက်မှ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည်အသုံးပြုနိုင်သည့် လူသုံးကုန်ပစ္စည်းများ အနာဂတ်တွင် စီးပွားဖြစ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အသိပညာရှင် အတတ်ပညာရှင်များက သမားရိုးကျစွန့်ပစ်ခြင်းမှ ခေတ်စနစ်နှင့်အညီ စွန့်ပစ်မှုများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရသည်။

အနာဂတ်တွင် စွန့်ပစ်အမှိုက်များ စိန်ခေါ်မှုအမျိုးမျိုးကို ကြိုတင်မျှော်မှန်း၍ အမှိုက်မီးရှို့စက်များ တိုးချဲ့ တည်ဆောက်ပေးသင့်ကြောင်း၊ မီးရှို့စက်တည်ဆောက်ပေးခြင်းဖြင့် မီးဘေးအန္တရာယ်ကင်းဝေးခြင်း၊ အမှိုက်မှအနံ့ဆိုးထွက်ရှိမှုမရှိခြင်းနှင့် မြို့ပြအတွက် စီးပွားဖြစ် အသုံးချနိုင်သော မြေနေရာအသစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်းကို မြို့တော်စည်ပင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အသိပညာရှင်၊ အတတ်ပညာရှင်များက သုံးသပ်တင်ပြထားသည်။

ရန်ကုန်မြို့တွင် စွန့်ပစ်အမှိုက်ပုံလေးနေရာ ရှိသည့်အနက် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသည် ၂၀၁၈ ခုနှစ် နွေရာသီတွင် မီသိန်းဓာတ်ငွေ့များ ထွက်၍ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးတားလမ်းများ စနစ်တကျ မရှိခြင်းကြောင့် မီးသတ်တပ်ဖွဲ့များ မီးငြိမ်းသတ်ရာတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ ထိုသို့အခက်အခဲများ အနာဂတ်တွင်မဖြစ်ပေါ်စေရန် မြို့တော်စည်ပင်မှ ပညာရှင်များက မီးသတ်ယာဉ်၊ အမှိုက်သိမ်းယာဉ်နှင့် စက်ယန္တရားယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်ရန် မီးတားလမ်းများကိုလည်း စနစ်တကျ ဖောက်လုပ်ပေးခဲ့သည်။

ထို့ပြင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အမှိုက်ပုံများကို တစ်ဆက်တည်း စုပုံမထားဘဲ အမှိုက်များကို ပေ ၆၀၀၊ ပေ ၃၀၀ အကန့်များခွဲ၍ ဘောင်ခတ်ကာ လှေကားထစ်ပုံစံပုံဖော်၍ စနစ်တကျ ဆောင်ရွက်ထားပြီး အမှိုက်များကို ပိုမိုကျစ်လျစ်သိပ်သည်းစေရန်နှင့် မီသိန်းဓာတ်ငွေ့များ ခိုအောင်းမှုမရှိစေရန် စက်ယန္တရားများဖြင့် ကြိတ်ခြင်း၊ ရေတိုင်ကီများတွင် ပတ်လည် အပေါက်ငယ်များဖောက်၍ PPC ပိုက်များနှင့် အမှိုက်ပုံများအတွင်း စိုက်ထည့်ခြင်းဖြင့် မီသိန်းဓာတ်ငွေ့ ထွက်ရှိခြင်းကို ဖြေလျှော့ကာ မီးလောင်မှုကို ကာကွယ်တားဆီးနိုင်ကြောင်း သိရသည်။

**ဆေးဖျန်းခြင်းလုပ်ငန်းများ**

ထို့ပြင်မိုးရာသီတွင် အမှိုက်ပုံမှ အနံ့ဆိုးများထွက်ရှိပြီး လေထုထဲသို့မရောက်ရှိရန်နှင့် ခြင်၊ ယင်များကြောင့် ရောဂါပိုးများ ပေါက်ပွားပြန့်ပွားပြီး ပြည်သူများသို့မကူးစက်စေရန်အတွက် ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့အတွင်း စွန့်ပစ်အမှိုက်ပုံကြီး လေးခုရှိရာ လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံသည် မြေဧက ၂၅၀ကျော်ရှိသည့်အနက် အမှိုက်စုပုံရန် မြေဧက ၅၀ ကျော်သာ ကျန်ရှိတော့သည်။ ထို့ပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထားဝယ်ချောင်အမှိုက်ပုံသည် မြေ ၁၄၇ ဧကရှိရာ မြေ ၂၇ ဧကသာ ကျန်ရှိတော့သည်။ ထို့အတူ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များရှိ အမှိုက်ပုံများသည်လည်း အမှိုက်စွန့်ပစ်ရန် မြေနေရာများ တဖြည်းဖြည်း နည်းပါးလာကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါအမှိုက်စွန့်ပစ်ရန် မြေနေရာအခက်အခဲများ ရှိလာခြင်းနှင့် လက်ရှိအမှိုက်ပုံများကြောင့် ရောဂါနှင့်မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန်အတွက် အမှိုက်များကို ပြန်လည်အသုံးပြုနိုင်သည့် လူသုံးကုန်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် လက်ရှိ လှော်ကားအမှိုက်မီးရှို့စက်ကဲ့သို့ နောက်ထပ်အမှိုက်မီးရှို့စက်များကို ထပ်မံတိုးချဲ့တည်ဆောက်သွားသင့်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

**စောသိန်းဝင်း**

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လုပ်တဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁ သန်းကျော် ရှိလာ



**နယူးဒေလီ မေ ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၂၆၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁ သန်းကျော်အထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ယခုလအတွင်း လေးသိန်းကျော်အထိ မြင့်တက်ခဲ့သည့် နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**သေဆုံးသူပေါင်း ၂၃၀၁၆၈ ဦး**

ထို့ပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၃၉၈၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၀၁၆၈ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။

သို့သော်လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၇၂၈၀၈၄၄ ဦးရှိလာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ နေ့စဉ်နှင့်အမျှ မြင့်တက်လျက်ရှိပြီး ရောဂါကူးစက်မှုအဆိုးရွားဆုံးခံစားရသည့်ဒေသများ၌ ခရီးသွားလာမှုကန့်သတ်ချက်များ ချမှတ်ထားကြောင်း သိရသည်။ အချို့သောဒေသများတွင် ခရီးသွားလာမှုကန့်သတ်ချက်များအပြင် ညမထွက်ရအမိန့်များကိုပါ ချမှတ်ထားသည်။

မြို့တော်နယူးဒေလီ၌ ခရီးသွားလာမှုကန့်သတ်ချက်ကို တတိယအကြိမ် ချမှတ်ထားပြီး အဆိုပါကန့်သတ်ချက်သည် မေ ၁၀ ရက်အထိ အသက်ဝင်မည်ဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်အတွင်း နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အရေအတွက်သည် သိသိသာသာမြင့်တက်လာခဲ့သည်။ ဇန်နဝါရီလအတွင်း၌ နေ့စဉ်ကူးစက်မှုအရေအတွက်သည် ၁၀၀၀၀ အထိ ကျဆင်းသွားခဲ့သည်ကို တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၆၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

အလားတူ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၂၉၆ သန်းအား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

မြို့တော်နယူးဒေလီသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၉၆၀ ထပ်မံတွေ့ရှိခဲ့သည်။ ထို့ပြင် လူနာ ၃၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၁၈၀၆၃ ဦးရှိလာခဲ့ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Covishield နှင့် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို အသုံးပြုလျက်ရှိသည်။

ထို့ပြင် မေ ၁ ရက်တွင် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုလည်း ပထမအကြိမ် ထိုးနှံပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အစ္စရေးနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် ပိုမိုများပြားလာ

**ဂျေရုဆလင် မေ ၆**

အစ္စရေးနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားအရေအတွက် မတ်လမှ ဧပြီလအတွင်း ၄ ဒသမ ၅ ဆ ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း စာရင်းအင်းဆိုင်ရာ ဗဟိုဗျူရိုမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

**မြင့်တက်လာခဲ့**

မတ်လအတွင်း အစ္စရေးနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် ၆၇၀၀ ရှိခဲ့ပြီး ဧပြီလတွင် ၃၀၂၀၀ အထိ မြင့်တက်လာခဲ့သည်။ လွန်ခဲ့သောနှစ် ဧပြီလတွင် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် ၆၀၀ ခန့်သာရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွားလာမှုနှုန်းများ မြင့်တက်လာခြင်းသည် ဇန်နဝါရီ ၂၆ ရက်က နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် စတင်ပိတ်ပင်ခဲ့သည့် နိုင်ငံတကာလေကြောင်းလိုင်းများကို မတ်လအလယ်ပိုင်းက ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သောကြောင့်ဖြစ်သည်ဟု အဆိုပါ စစ်တမ်းတွင် ဖော်ပြထားသည်။

**လျော့ကျသွားခဲ့**

သို့သော် ၂၀၂၁ ခုနှစ် ပထမလေးလတာအတွင်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုအရေအတွက်သည် ၄၆၉၀၀ သာရှိပြီး ၂၀၂၀ ပြည့်နှစ် တတိယလေးလတာအတွင်း ခရီးသွားလာမှုအရေအတွက် ၆၃၇၀၀ ရှိခဲ့ရာ ၂၆ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။

အလားတူ ယခုနှစ် ပထမလေးလတာကာလအတွင်း နိုင်ငံခြားသား လာရောက်မှုသည် ၂၀၂၀ ပြည့်နှစ် ပထမလေးလတာကာလနှင့် နှိုင်းယှဉ်ပါက ၉၄ ရာခိုင်နှုန်းလျော့ကျသွားကြောင်း တွေ့ရှိရသည်။ အစ္စရေးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်မှုကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်တွေ့ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ယူဂန္ဓာနိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လာသဖြင့် အသွားအလာကန့်သတ်မှုများ ချမှတ်

**ကန်ပါလာ မေ ၆**

ယူဂန္ဓာနိုင်ငံတွင် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ မြင့်တက်လာသဖြင့် အသွားအလာကန့်သတ်မှုများကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

**ဒုတိယလှိုင်းစတင်**

ကျန်းမာရေးဆိုင်ရာ ပညာရှင်များက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဒုတိယလှိုင်းစတင်ဖြစ်ပွားနေကြောင်း ပြောကြားသည်။ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများ၏ ကူးစက်ဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့အပေါ်မူတည်ပြီး နိုင်ငံအတွင်းရောက်ရှိလာမည့် ခရီးသည်များကို အုပ်စုသုံးစု ခွဲခြားသတ်မှတ်သွားမည်ဟု ယူဂန္ဓာ ကျန်းမာရေးဝန်ကြီး ရုဒ်အေဆန်းက သတင်းထောက်များအား ယမန်နေ့တွင် ပြောကြားသည်။

အုပ်စု(၁)တွင် ပါဝင်သော အိန္ဒိယနိုင်ငံမှ လေယာဉ်ခရီးစဉ်များနှင့် ခရီးသည်များအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို မေ ၁ ရက်မှစတင်ပြီး ပိတ်ပင်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် အရေးပေါ်ဆင်းသက်သောလေယာဉ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်သော လေယာဉ်များနှင့် ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးလေယာဉ်များကိုမူ ခြွင်းချက်အနေဖြင့် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**စစ်ဆေးမှုခံယူ**

အုပ်စု(၂)တွင် ကင်ညာ၊ တန်ဇန်းနီးယား၊ အီသီယိုးပီးယား၊ တောင်ဆူဒန်၊ တောင်အာဖရိက၊ အမေရိကန်၊ ဗြိတိန်၊ တူရကီနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ပါဝင်ပြီး ၎င်းနိုင်ငံများမှ နိုင်ငံသားများအနေဖြင့် ယူဂန္ဓာနိုင်ငံသို့ သာမန်ကိစ္စရပ်များဖြင့် လာရောက်ခြင်းမပြုရန်ယူဂန္ဓာနိုင်ငံမှ တာဝန်ရှိသူများက ညွှန်ကြားထားသည်။ အုပ်စု(၃)တွင် အထက်ပါသတ်မှတ်ထားသော နိုင်ငံများမှ မဟုတ်သည့် ခရီးသည်များကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုထားသည်။ ယူဂန္ဓာနိုင်ငံသို့ လာရောက်မည့်ခရီးသည်များအနေဖြင့် အန်တက်ဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုင်ငံ၏နယ်စပ်ဒေသများသို့ ရောက်ရှိသည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ စစ်ဆေးမှုခံယူရာတွင် ရောဂါပိုးတွေ့ရှိသူများအား သီးခြားစောင့်ကြည့်ရေးစင်တာများတွင် ထားရှိမည်ဖြစ်ပြီး ရောဂါပိုးမတွေ့ရှိသူများအား ၎င်းတို့သွားရောက်မည့် ခရီးစဉ်များကို သွားလာခွင့်ပြုမည်ဖြစ်သည်။

**စည်းမျဉ်းများကို လိုက်နာခြင်းမရှိ**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများမြင့်တက်နေသော်လည်း မြို့တော်ကန်ပါလာရှိ လမ်းမများတွင် နိုင်ငံသားများသည် နှာခေါင်းစည်းဝတ်ဆင်ခြင်းမပြုဘဲ သွားလာနေကြပြီး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကိုလည်း လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားနေသည်ကို တွေ့ရှိရသောကြောင့် မိမိတို့အနေဖြင့် အခြားနိုင်ငံများတွင် ကူးစက်ပျံ့နှံ့နေသော ကိုရိုနာဗိုင်းရပ်စ်များ မိမိတို့နိုင်ငံအတွင်းသို့ ရောက်ရှိလာခြင်းမရှိစေရန် တားဆီးသွားရမည်ဟု ယူဂန္ဓာ ကျန်းမာရေးဝန်ကြီး ရုဒ်အေဆန်းက ပြောကြားသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသား ၃၇၅၂၈၃ ဦးမှာ AstraZeneca ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း တစ်သန်းကျော် ရှိလာ

**မနီလာ မေ ၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၃၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၈၀၁၇၂ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၁၉၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၉၉၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။

လူဦးရေသန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ပျံ့နှံ့ခဲ့သည်။

ဖိလစ်ပိုင်အစိုးရက အိန္ဒိယနိုင်ငံမှ လာရောက်လည်ပတ်သည့် ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ အနီးကပ်စောင့်ကြည့်လျက်ရှိရာ ဧပြီ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသည့် ခရီးသည်ငါးဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထိုအချိန်မှစပြီး အိန္ဒိယနိုင်ငံမှ ခရီးသည်များအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ယာယီပိတ်ပင်ထားကြောင်း သိရသည်။

အလားတူ မေ ၇ ရက်မှစပြီး ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနိုင်ငံများမှ ခရီးသည်များအပါအဝင် အဆိုပါနိုင်ငံများသို့ ၁၄ ရက်အတွင်း သွားရောက်ခဲ့သူများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ယာယီပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**






# ကိုဗစ်-၁၉ ရောဂါဒဏ် ခံစားခဲ့ရသော နိုင်ငံသားများအား ထိုင်းအစိုးရက ငွေကြေးထောက်ပံ့မှုပေးမည်

**ဗန်ကောက် မေ ၆**

ထိုင်းနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုများကြောင့် ကျဆင်းခဲ့ရသော နိုင်ငံ၏စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုဒဏ် ခံစားခဲ့ရသော နိုင်ငံသားများအား ငွေကြေးအထောက်အပံ့ပေးနိုင်ရန် ကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံသားများအား ငွေကြေးအထောက်အပံ့ပေးမည့် အစီအစဉ် တစ်ရပ်အဖြစ် ထိုင်းဘတ်ငွေ ၁၇၈ ဒသမ ၅ဘီလီယံ (ကန်ဒေါ်လာ ၅ ဒသမ ၇ဘီလီယံ) ခန့်ရှိသော ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ကို ဝန်ကြီးအဖွဲ့က အတည်ပြုခဲ့ကြောင်းနှင့် ၎င်းအစီအစဉ်အရ နိုင်ငံသားများဝယ်ယူသည့် လူသုံးကုန်ပစ္စည်းများ၏ ကျသင့်ငွေထက်ဝက်အား အစိုးရက ကျခံသည့် အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဆူပတ်တာနာပေါင် ပန်မီချိုးက ပြောကြားသည်။

နိုင်ငံသား ၃၁ သန်းအား ခံစားခွင့်ရရှိစေမည့် ၎င်းအစီအစဉ်၏ တတိယအဆင့်ကို ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အွန်လိုင်းမှပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

အခြားငွေကြေးထောက်ပံ့ရေးအစီအစဉ်များအဖြစ် ပါဝင်မှတ်ပုံတင်စာရင်းသွင်းသူ တစ်ဦးချင်းစီအား ဖွန်လမကုန်မီ ထိုင်းဘတ်ငွေ ၂၀၀၀ ပေးအပ်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိသောကြောင့် ကျောင်းများကို ပိတ်ထားရပြီး ညကလပ်များ၏ ဖွင့်လှစ်ချိန်ကိုလည်း သတ်မှတ်ထားသော နာရီထက် အချိန်လျှော့ချခဲ့ရကြောင်း သိရသည်။

၎င်းအပြင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးကာလကိုလည်း သီတင်းနှစ်ပတ်အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေမှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းများ ကျဆင်းလျက်ရှိပြီး လိုအပ်ပါက ငွေကြေးဆိုင်ရာမူဝါဒကို သင့်တော်သည့်နည်းလမ်းဖြင့် စီမံဆောင်ရွက်သွားရန် ပြင်ဆင်ထားကြောင်း ထိုင်းနိုင်ငံဗဟိုဘဏ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံတွင် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၂၀၀၀၀၀ ကျော်ရှိလာ

**အစ္စလာမ်မာဘတ် မေ ၆**

ပါကစ္စတန်နိုင်ငံတွင် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ အရေအတွက်သည် ပထမအကြိမ်အဖြစ် ၂၀၀၀၀၀ ကျော်ရှိလာခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားစီမံခန့်ခွဲရေးစင်တာမှဥက္ကဋ္ဌ အာဆတ်အူမာက ယမန်နေ့တွင် ပြောကြားသည်။

မေ ၄ ရက် တစ်ရက်တည်းတွင် ကာကွယ်ဆေးထိုးနှံသူအရေအတွက် ၂၀၀၀၀၀ ကျော် ရှိလာခဲ့ပြီး နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း မကြာသေးမီအချိန်က အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံတစ်ဝန်းရှိ ပြည်သူငါးသန်းကျော်မှာ ကာကွယ်ဆေးထိုးနှံရန်အတွက် စာရင်းပေးသွင်းခဲ့ကြကြောင်း သိရသည်။ အသက်၄၀နှစ်နှင့်အထက်ရှိ နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံရေးအတွက် စာရင်းပေးသွင်းကြရန် အူမာက တိုက်တွန်းခဲ့သည်။

အစိုးရအနေဖြင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်သည့်အနေဖြင့် အသက် ၄၀ မှ ၄၉ နှစ်အတွင်းရှိ နိုင်ငံသားများအား မေ ၃ ရက်က ကာကွယ်ဆေးစတင်ထိုးနှံပေးခဲ့သည်။ နိုင်ငံသားများအနေဖြင့် အစိုးရက ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြရန် အူမာက တိုက်တွန်းခဲ့သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၀ ထပ်မံတွေ့ရှိ

**ဖနောင်ပင် မေ ၆**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၀ ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၇၆၂၁ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် လေးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၄ဦးရှိလာခဲ့ပြီဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၉ ဦးမှာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၆၈၄၃ ဦး ရှိလာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ လျော့ကျခြင်းမရှိသေးသော်လည်း မြို့တော်ဖနောင်ပင်နှင့် ကန်ဒယ်ခရိုင်ရှိ တာခါမူမြို့၌ ချမှတ်ထားသည့် ခရီးသွားလာမှု ကန့်သတ်ကာလ ၂၁ရက်ကိုယနေ့ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



သို့သော် အဆိုပါမြို့တော်များရှိ ဒေသန္တရအစိုးရများက ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေး စည်းမျဉ်းများကို အသေအချာ လိုက်နာရန်နှင့် ရက်သတ္တတစ်ပတ်အတွင်း ခရီးသွားလာမှုများ မပြုလုပ်သင့်သေးကြောင်း ဒေသခံပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတတိယလှိုင်းသည် ဖေဖော်ဝါရီ ၂၀ ရက်မှစတင်ပြီး ပျံ့နှံ့လျက်ရှိသည်။ နိုင်ငံအတွင်းရှိ စာသင်ကျောင်းများ၊ အားကစားခန်းမများ၊ ပြတိုက်များ၊ ရုပ်ရှင်ရုံများနှင့် ဖျော်ဖြေရေးစင်တာများကို ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၅၅၉၆၂၀၇၀ ဦး | ၃၂၅၈၅၅၆ ဦး | ၁၃၃၄၂၃၄၇၀ ဦး |

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၆**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တီရန်ဇွပ်ရွာနေ မောင်ဖမ်းအောင် (ခ)အင်ခရိုင်ဖမ်းအောင် (မိ)၊ မန်စီမြို့ အင်ဘာဘာလထော်ဖတ်ကုန်ရွာနေ မဘောက်ဂျာ(ခ)မရန်ဘောက်ဂျာ(မိ)၊ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ ကာလိုင်ရွာနေ မောင်တူးရိန်(ခ)မာတူး (မိ)၊ မိုင်းယုလေးရွာနေ မထွယ်ဘူ (ခ)အင်ခွမ်ခါးရာ (တိမ်းရှောင်)၊ တရုတ်နိုင်ငံ ရှမ်းစီးပြည်နယ်နေ မအားမျှော်(တိမ်းရှောင်)နှင့် ရှန်းတုန်းပြည်နယ် လင်းယီမြို့နေ မအားဖန် (တိမ်းရှောင်)တို့က ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ ဗန်ပူးရွာနေ မXXX၊ ၂၀ နှစ်နှင့် မXXX၊ ၁၉ နှစ်တို့ကို တရုတ်နိုင်ငံ ကျန်းဖုန်းမြို့တွင် သန့်ရှင်းရေးအလုပ်လုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား ကွတ်ခိုင်မြို့မရဲစခန်း (ပ)၂၁/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၄ ရက်တွင် တရားခံ မောင်ဖမ်းအောင်(ခ)အင်ခရိုင်ဖမ်းအောင်၊ မဘောက်ဂျာ(ခ)မရန်ဘောက်ဂျာနှင့် မောင်တူးရိန်(ခ) မာတူးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးမောက်၊ မော်လမြိုင်၊ မိုင်းဆတ်နှင့် သိန္နီမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် နံနက် ၉ နာရီတွင် သတင်းအရ မိုးမောက်မြို့နယ် ဗန်းမော်-မြစ်ကြီးနားသွားကားလမ်း တာပိန်မြစ်ကူးတံတား ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဖုန်ဂျွန်မျိုးအောင်လာ(ခ)မာဒီး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၉၄ ကီလို ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဗိုလ်ကုန်းရပ်ကွက် သံလွင်ဈေးအနီးတွင် ခင်မောင်လှမောင်းနှင်ပြီး ပြည့်ဖြိုးသူနှင့် ဖြိုးသက်ပိုင်တို့လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

အလားတူ ထိုနေ့ နံနက် ၈ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် ဟိုနားကျေးရွာအနီး မိုင်းပျဉ်း-မိုင်းဆတ်သွားကားလမ်း၊ ရွှေဘိုပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ အဆိုပါအမျိုးသားမှာ ဆိုင်ကယ်အား ရပ်တန့်၍ တောအတွင်းသို့ ထွက်ပြေးသွားသောကြောင့် ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၅ ကီလို ကိုလည်းကောင်း၊ ထို့နောက် ယင်းနေ့ နံနက် ၁၀ နာရီခွဲ တွင် သိန္နီမြို့၊ ကွတ်ခိုင်-သိန္နီသွား ကားလမ်း သိန္နီမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် မြမင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူး သွပ်ဆေးပြား ၂၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**





# မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ CDM မလုပ်သောဝန်ထမ်းများအား ခြိမ်းခြောက်အကျပ်ကိုင်သည့် စာသားပါလက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေနေသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုနည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့ကလည်း နိုင်ငံတော် ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များ ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၅ ရက် ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (၄) မိုင်၊ (၅)မိုင်နှင့် (၆)မိုင်ကျေးရွာများတွင် CDM မလုပ်သော ဝန်ထမ်းများအား ခြိမ်းခြောက်အကျပ်ကိုင်သည့် စာသားပါ လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖမ်းဆီးရာ ပေသောင်ကျေးရွာအနီး သဲသောင်ပြင်အရောက်၌ မသင်္ကာသူ အမျိုးသား တစ်ဦးကို တွေ့ရသဖြင့် စစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ဓမ္မသီတဂူကျောင်းတိုက်နေ အရှင်ဆန္ဒသူရိယ (ခ) ကျော်မျိုးသက် (၂၃)နှစ်ဖြစ်ပြီး ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ CDM မလုပ်သော ဝန်ထမ်းများအား ခြိမ်းခြောက်အကျပ်ကိုင်သည့် စာသားပါ A-4 စာရွက်များနှင့် ၎င်းဝတ်ဆင်ခဲ့သည့် သင်္ကန်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ လက်လုပ်မိုင်း ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မေ ၅ ရက်တွင် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် အမျိုးသား နှစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရန်အောင်မြေရပ်ကွက် ယုမဝလမ်းနေ ကြည်စိုး(ခ)ကိုဖြိုး(၄၀)နှစ်(ဘ)ဦးအေးမောင် ပိုင်ဆိုင်သည့် ရန်အောင်မြေရပ်ကွက် အမှတ်(၁)လမ်းရှိ ခြံဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကြည်စိုး(ခ)ကိုဖြိုးအား ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးမေးမြန်းခဲ့ရာ အဆိုပါခြံဝင်းအတွင်း ရေတွင်းအနီး၌ ၎င်းနှင့် ၎င်း၏ မိတ်ဆွေများဖြစ်သည့် သက်ဦး(၅၃)နှစ်(ဘ)ဦးကျော်မြင့်နှင့် ကျော်သက်ထွန်း(၃၉)နှစ် (ဘ)ဦးထွန်းမောင်တို့ သုံးဦးသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သက်ဦးနှင့် ကျော်သက်ထွန်းတို့ နှစ်ဦးမှာ ဒဏ်ရာများရရှိကာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တိမ်းရှောင်နေသူများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ သက်ဦးအား သံဖြူဇရပ်မြို့နယ်၊ မြမာလာကျေးရွာအနီး ရော်ဘာတောအတွင်း၌ မျက်နှာနှင့် ရင်ဘတ်တို့တွင် အရေပြားစုတ်ပြဲဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး သံဖြူဇရပ်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံများဖြစ်သည့် ကြည်စိုး(ခ)ကိုဖြိုးနှင့် သက်ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် တိမ်းရှောင်ထွက်ပြေးလျက်ရှိသည့် တရားခံကျော်သက်ထွန်းအား ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ ကြည်စိုး(ခ)ကိုဖြိုး

# မောဟအမှောင်ကြီး ဖိစီးနှိပ်စက်ခံ ဝေနေယျအများ ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ

## မောင်သောမန

မဟာမောဟန္ဓကာရေနှ၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊ ဉာဏာလောကေနသော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

"မောဟအမှောင်ကြီး ဖိစီးနှိပ်စက်ခံနေရသော သတ္တဝါများအား မြတ်စွာဘုရားရှင်၏ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့် ပညာမျက်လုံးကို ရစေတော်မူပြီ။ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ"ဆိုသည့် အတွင်းအောင်ခြင်းရှစ်ပါး ဂါထာတစ်ပိုဒ်သည် အကျိုးများပါသည်။

လောကလူသားများသည် အရိယာသူတော်စင်မဟုတ်သည့် ပုထုဇဉ်လူသားများသာဖြစ်၍ မောဟ အမှောင်အားကြီးလွယ်သူများ၊ မောဟအမှောင် ဖုံးလွှမ်းလွယ်သူများ ဖြစ်ကြပါသည်။ ဤသို့ဆိုလျှင်လည်း လက်ခံကြမည်မဟုတ်ခြင်းသည်ပင် မောဟအမှောင်ဖုံးနေ၍ပင်ဖြစ်သည်။ ထို့ကြောင့် လောကကြီးတွင် မရပ်မနား သံသရာလည်နေသရွေ့ သတ္တဝါများအား မောဟအမှောင်ကြီးသည် ဖိစီးနှိပ်စက်နေမည်သာဖြစ်သည်။ ပုထုဇဉ်ဖြစ်နေသရွေ့ ထိုမောဟအမှောင်ကြီးကို ရှောင်ဖယ်နိုင်ရန်မလွယ်ကူဘဲ တစ်မျိုးမျိုးဖြင့် ဖိစီးနှိပ်စက်ခံနေရမည်သာဖြစ်သည်။ ထိုမောဟအမှောင်ကြီးကို မြတ်စွာဘုရားရှင်၏ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်သာ စစ်မှန်သည့် ပညာအမြင်ကို ရစေနိုင်ပါသည်။

**မောဟအမိုက်မှောင်ဖုံး**

ဗုဒ္ဓဟောကြား တရားသဘောအရ အမှောင်တကာ့အမှောင်တွင် ကာမအမှောင်သည် အမှောင်ဆုံးဖြစ်သည်ဟုဆိုသည်။ အလားတူပင် လူတို့၏စိတ်နှလုံးကို အမှောင်ပိတ်ဖုံးစေသောအမှောင်တွင် မောဟအမှောင်သည် အမှောင်ဆုံးဖြစ်သည်။ လောကလူသားများသည် ပုထုဇဉ်ဖြစ်ကြ၍ ကောင်းမှုတို့တွင် မေ့လျော့၍ မကောင်းမှုတို့တွင်သာ မွေ့လျော်တတ်ကြသည်။ ပြုသင့်သည့်အမှုတို့ကို မပြုဘဲ မပြုသင့်သည့်အမှုကို ပြုလိုကြသည်။ ယင်းသည် မောဟအမှောင်ဖုံးခြင်းသာတည်း။ ဗုဒ္ဓဘုရားရှင်လက်ထက်က ဒေဝဒတ်ကို ဆရာတင်မိသဖြင့် အဖသတ်သည့်အမှုကိုပင် ကျူးလွန်မိသည်အထိ သားတော် အဇာတသတ်သည် မောဟအမိုက်မှောင်ဖုံးခဲ့သည်။

ကာမဂုဏ်အာရုံ အမိုက်မှောင်ဝင်ခဲ့ပါက အမှောင်အတိကျသကဲ့သို့ ဘာမျှမမြင်၊ ဘာမျှမသိ၊ ဘာမျှစဉ်းစားဆင်ခြင်ရန်ပင် မသိတော့ဘဲ မကျူးလွန်သင့်သောအမှားတို့ကို ကျူးလွန်မိတတ်ကြပါသည်။ ထို့ကြောင့် အမှောင်တကာ့အမှောင်တွင် ကာမအမှောင်သည် အမှောင်ဆုံးဟု ဆိုခြင်းဖြစ်သည်။ ထိုနည်းတူပင် ဆရာတင်မှားပြီး အမှားတကာ့အမှားတွင် အယူဝါဒအမှားသည် အဆိုးရွားဆုံးဖြစ်သလို ယုံကြည်မှုမှားသည့် မှိုင်းတကာ့မှိုင်းတွင် နိုင်ငံရေးမှိုင်းသည် အမှောင်ပိတ်ဖုံးဆုံးဟု ဆိုရမည်ဖြစ်သည်။ မောဟသည် အမှား/အမှန်မသိမှု အမှောင်ပိတ်ဖုံးခြင်းသာတည်း။ တစ်ဖန်ထပ်၍ ဆိုလိုချင်သေးသည်။ "မောဟ"သည် မသိတတ်ခြင်းဖြစ်ပြီး "ဒိဋ္ဌိ"သည် အမှားမှားအယွင်းယွင်း သိမြင်ခြင်းဖြစ်၍ ဒိဋ္ဌိ နှင့် မောဟသည် အတူတူပင်ဖြစ်သည်။ ၎င်းတို့သည် မကောင်းမှုပြုရာ၌ ပါဝင်သော အကုသိုလ်စိတ်များပင်ဖြစ်သည်။

**အရာရာတွင်"မရှိ"ဟုခံယူ**

မောဟသည် ဒိဋ္ဌိဖြစ်သလို ဒိဋ္ဌိကို "မိစ္ဆာဒိဋ္ဌိ"ဟုလည်းဆိုပါသည်။ "မိစ္ဆာဒိဋ္ဌိ"ဟူသည် မှားယွင်းသောအယူကိုယူခြင်း ဖြစ်ပါသည်။ မှားသောအားဖြင့် နှလုံးသွင်းခြင်း ဒိဋ္ဌိနှင့် အယူမှားသော မိစ္ဆာကို အမှီပြု၍ မိစ္ဆာဒိဋ္ဌိဖြစ်လာပေသည်။ အမှားကို အမှန်ဟု နှလုံးသွင်းပြီး မှားယွင်းသော အယူအဆကို မှန်ကန်သော အယူအဆဟု ယူဆသော မိစ္ဆာ ဒိဋ္ဌိ အယူရှိသူတို့ ရောက်ရှိရရှိနိုင်သော ဘုံဘဝ၊ လားရာဂတိနှင့် မှန်မှန်ကန်ကန် သဘာဝဓမ္မကို သိမြင်သော အမြင်မှန် "သမ္မာဒိဋ္ဌိ" အယူရှိသောပုဂ္ဂိုလ်၊ ၎င်းတို့ရောက်ရှိနိုင်သော ဘုံဘဝ၊ လားရာဂတိ အင်္ဂါလက္ခဏာတို့ကို အကျဉ်းမျှသိသင့်၊ နားလည်မှတ်သားထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့သည် မည်သို့ခံယူချက်ဖြင့် လောကတွင် မည်သို့ရပ်တည်နေသည်ကို မှန်မှန်ကန်ကန်သိရှိနိုင်မှသာ ကောင်းကျိုး/ဆိုးကျိုး နှစ်တန်ကို ပိုင်းခြားနိုင်မည်ဖြစ်သည်။

မိစ္ဆာဒိဋ္ဌိ အယူရှိနေလျှင် ပေးလှူခြင်းကြောင့် ရရှိသောအကျိုးသည်လည်းမရှိ။ သေးငယ်သောပူဇော်ခြင်းကြောင့် ရရှိသောအကျိုးသည်လည်း မရှိ။ ကြီးကြီးကျယ်ကျယ် ပူဇော်ခြင်းကြောင့် ရရှိသောအကျိုးသည် မရှိ။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးပေးသည် မရှိ။ လောကသည် မရှိ။ တစ်ပါးသောလောကသည် မရှိ။ အမိသည် မရှိ။ အဖသည် မရှိ။ နတ်ပြည်ငရဲပြည် မရှိ။ ပစ္စုပ္ပန်လောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ ကောင်းသော အကျင့်ရှိကုန်သော ရဟန်းသမဏဗြာဟ္မဏများ၊ သူတော်ကောင်းများလောက၌ မရှိဟူ၍ အရာရာတွင် "မရှိ"ဟု ခံယူထားကြမည်ဖြစ်သည်။

**ကြီးစွာသတိထားသင့်**

မိမိကိုယ်တိုင်လည်း မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူရှိ၏။ သူတစ်ပါးကိုလည်း မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူ ယူစေရန် နှိုးဆော်တိုက်တွန်း၏။ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူ ယူသည်ကိုလည်း သဘောတူနှစ်သက်၏။ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူယူခြင်း၏ အကျိုးကျေးဇူးကိုလည်း ပြောဆို၏။ ၎င်းအင်္ဂါလေးပါးနှင့် ပြည့်စုံနေလျှင် မိမိသည် မိစ္ဆာဒိဋ္ဌိ ဖြစ်နေပြီဟု မှတ်အပ်၏။ ၎င်းမိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် သမုတိသစ္စာ လက်ရှိလောကနယ်ပယ်၌ ဖြစ်လေ့ရှိပြီး ယုံကြည်မှုမှားယွင်းမှုများဖြစ်သည်။ ပုထုဇဉ်ကံလောက သမုတိသစ္စာနယ်ပယ်တွင်သာမက အမှန်တရားကို ရှာဖွေနေသည့် အရိယာဉာဏ်လောက ပရမတ္ထသစ္စာ နယ်ပယ်တွင်လည်း မိစ္ဆာဒိဋ္ဌိအယူ ဖြစ်တတ်သေးသည်ကိုလည်း သိအပ်ပေသည်။

အမှားကို အမှန်ဟုနှလုံးသွင်းပြီး မှားယွင်းသောအယူအဆကို မှန်ကန်သော အယူအဆဟု ယူဆသော မိစ္ဆာဒိဋ္ဌိအယူအဆသည် အဘယ်တရားတို့အား အစွဲအကြောင်းခံ၍ ဖြစ်ပေါ်လာသည်ကို သာဝတ္ထိပြည်တွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူစဉ်က ရဟန်းတော်တို့အား ဟောကြားတော်မူခဲ့ပါသည်။ ဖောက်ပြန်တတ်သော ရုပ်အစုရှိလျှင် ၎င်းရုပ်ကို အစွဲပြုအကြောင်းခံပြီး နှလုံးသွင်းမှုမှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပေါ်တတ်၏။ ခံစားတတ်သော ဝေဒနာအစုလျှင် ၎င်းဝေဒနာကို အစွဲပြုအကြောင်းခံပြီး နှလုံးသွင်းမှု မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူဖြစ်ပေါ်တတ်၏။ မှတ်သားတတ်သော သညာအစုရှိလျှင် ၎င်း သညာကို အစွဲပြုအကြောင်းခံပြီး နှလုံးသွင်းမှုမှားယွင်းတတ်သော မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပေါ်တတ်၏။ ပြုပြင်စီမံတတ်သော သင်္ခါရအစုရှိလျှင် ၎င်းသင်္ခါရကို အစွဲပြုအကြောင်းခံပြီး မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ပေါ်တတ်၏။ သိမှုကိုဖြစ်စေသော ဝိညာဏ်အစုရှိလျှင် ၎င်းဝိညာဏ်ကို အစွဲပြုအကြောင်းခံပြီး နှလုံးသွင်းမှု မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူဖြစ်ပေါ်တတ်၏။ ထို့ကြောင့်မိစ္ဆာဒိဋ္ဌိအယူသည် ပုထုဇဉ်ကံလောကတွင်သာမက အရိယာ ဉာဏ်လောကတွင်ပါ ဖြစ်ပေါ်တတ်သည်ကို အလေးအနက် ဆင်ခြင်ရမည်ဖြစ်သည်။

**ငရဲသို့ မုချရောက်ရမည်**

ယင်းသို့ဆိုလျှင် မိစ္ဆာဒိဋ္ဌိအယူကင်းဝေးအောင် မည်သို့ဆောင်ကြဉ်းပေးရမည်နည်းဆိုသော် ဘာသာတရားကို အထူးအလေးထား၍ မှန်ကန်စွာ ကျင့်ကြံအားထုတ်ခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ သာသနာပြုသူတို့သည် သတ္တဝါများအပေါ် မေတ္တာစိတ် ကြီးကြီးမားမားထား၍ သတ္တဝါတို့အား ပထမဆုံး မိစ္ဆာဒိဋ္ဌိအယူမှ ကင်းဝေးအောင် ဆောင်ကြဉ်းပေးရမည်ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိအယူကို ရှောင်၍ သမ္မာဒိဋ္ဌိ အယူကိုဆောင်ရပေမည်။ မိမိကိုယ်တိုင်လည်း အမြင်မှန်သော သမ္မာဒိဋ္ဌိ အယူရှိ၏။ သူတစ်ပါးကိုလည်း အမြင်မှန် သမ္မာဒိဋ္ဌိယူစေရန် နှိုးဆော်တိုက်တွန်း၏။ အမြင်မှန် သမ္မာဒိဋ္ဌိအယူယူသည်ကိုလည်း သဘောတူနှစ်သက်၏။ အမြင်မှန် သမ္မာဒိဋ္ဌိအယူယူခြင်း၏ အကျိုးကျေးဇူးကိုလည်းပြောဆို၏။ ထိုအင်္ဂါလေးပါးနှင့်ပြည့်စုံသူသည် ကောင်းသော သုဂတိသို့ ရောက်ရ၏။

မိစ္ဆာဒိဋ္ဌိအယူသည်ကား အပြစ်ကြီးလေးလှ၏။ အဘယ်မျှ အပြစ်ကြီးလေးသနည်းဟူမူ အကုသိုလ်အားလုံးတို့တွင် ပဉ္စာနန္တရိယကံ ခေါ် အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း ဟူသည့် အဇာတသတ်ကဲ့သို့လည်းကောင်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကိုသင်းခွဲခြင်းဟူသည့် ဒေဝဒတ်ကဲ့သို့လည်းကောင်း အလွန်အပြစ်ကြီးလေးလွန်းလှ၏။ ထိုကံကြီး ငါးမျိုးကို ကျူးလွန်ထားသူသည် မည်သည့်ကုသိုလ်ကို မည်မျှပြုပြု ထိုကုသိုလ်တို့၏အကျိုးကို အပါယ်ငရဲက လွတ်မှသာ ခံစားခွင့်ရမည်။ လောလောဆယ်ကား သေလွန်လျှင် ငရဲသို့ မုချရောက်ရမည်ဖြစ်သည်။

**အကျိုးကြီးသောအလုပ်**

မိစ္ဆာဒိဋ္ဌိအယူကို ယူမိသူကား ပဉ္စာနန္တရိယကံ ကျူးလွန်သူထက်ပင် ပိုမိုအပြစ်ကြီးလေးသည်။ ပဉ္စာနန္တရိယကံ ကျူးလွန်သူသည် ကမ္ဘာပျက်ခါနီးတွင်မှ ငရဲသို့ ကျရောက်သည်ဖြစ်အံ့ ကမ္ဘာပျက်လျှင် ငရဲမှ လွတ်ခွင့်ရှိသေးသည်။ တစ်စုံတစ်ခုသော မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲမြဲမြဲယူမိသူသည်ကား ကမ္ဘာပျက်သော်လည်း ငရဲသက်မစေ့သေးလျှင် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့၍ ငရဲခံကြရ၏။ မိစ္ဆာဒိဋ္ဌိအယူ ယူမိလျှင် အလွန်ကြီးလေးသော ငရဲဒုက္ခကို ခံရမည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူ မယူမိအောင် ရှောင်ကြဉ်အပ်သည်။ ထိုမျှကြီးလေးသော ဒုက္ခမှလွတ်မြောက်အောင် ထုတ်ဆောင်ကယ်တင်ပေးသော ဘုရား၊ တရား၊ ရဟန္တာ၊ ရဟန်းလူ သူတော်ကောင်းအပေါင်းတို့၏ အလုပ်သည် အဘယ်မျှ မြင့်မြတ်၍ အကျိုးကြီးမားသောအလုပ်ဖြစ်ကြောင်း စဉ်းစားကြည့်နိုင်ပေသည်။

ယနေ့မျက်မှောက်ကာလတွင် ဆရာမှား၊ အယူမှား၊ ခေါင်းဆောင်မှား၊ ယုံကြည်ချက်မှားကြ၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ပြစ်မှားစော်ကားမိခြင်း၊ ကောင်းသော အလုပ်ကို မကောင်းသောအလုပ်၊ မှားသောအပြုအမူကို မှန်သောအပြုအမူဟူသည့် အမှား/အမှန်ကို မခွဲခြားနိုင်သည့် မိစ္ဆာဒိဋ္ဌိအယူကဲ့သို့ လွဲမှားသောအယူများကို ယူမိကြ၊ လုပ်မိကြခြင်းဖြစ်လာကြလေသည်။ ဖော်ပြပါ မိစ္ဆာဒိဋ္ဌိအယူကို ယူမိကြသော ပုဂ္ဂိုလ်တို့သည် ကွယ်လွန်ခါနီးအချိန်အထိ ထိုအယူအဆများ မပြောင်းလဲသွားဘဲ ငါ၏ အယူအဆမှားယွင်းသည်ဟု နောင်တမရခဲ့လျှင် ကမ္ဘာပျက်သော်လည်း ကင်းလွတ်ခွင့်မပေးသော လောကန္တရိက်ငရဲ(လွတ်လမ်းမရှိသောငရဲ)၌ ခံရမည်မှာ သေချာလှပေသည်။ ထို့ကြောင့် မှားယွင်းသော အယူဝါဒများကို ရှောင်ရှားနိုင်ကြစေရန် စေတနာကောင်းဖြင့် အသိပေးအပ်ပါသည်။

"မောဟအမှောင်ကြီး ဖိစီးနှိပ်စက်ခံနေရသော သတ္တဝါများအား မြတ်စွာဘုရားရှင်၏ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့် ပညာမျက်လုံးကို ရစေတော်မူပြီ။ ဤမှန်ကန်သော သစ္စာစကားကြောင့် အကျွန်ုပ်တို့ မြန်မာပြည်သူပြည်သားအားလုံး ကောင်းခြင်းမင်္ဂလာ ဖြစ်ကြပါစေ"ဟု ဆိုလိုက်ပါသည်။ ။

**ယနေ့မျက်မှောက်ကာလတွင် ဆရာမှား၊ အယူမှား၊ ခေါင်းဆောင် မှား၊ ယုံကြည်ချက်မှားကြ၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ပြစ်မှားစော်ကားမိခြင်း၊ ကောင်းသောအလုပ်ကို မကောင်းသောအလုပ်၊ မှားသောအပြုအမူကို မှန်သောအပြုအမူဟူသည့် အမှား/အမှန်ကို မခွဲခြားနိုင်သည့် မိစ္ဆာဒိဋ္ဌိအယူကဲ့သို့ လွဲမှားသောအယူများကို ယူမိကြ၊ လုပ်မိကြခြင်းဖြစ်လာကြလေသည်။ ဖော်ပြပါ မိစ္ဆာဒိဋ္ဌိအယူကို ယူမိကြသော ပုဂ္ဂိုလ်တို့သည် ကွယ်လွန်ခါနီးအချိန်အထိ ထိုအယူအဆများ မပြောင်းလဲသွားဘဲ ငါ၏ အယူအဆမှားယွင်းသည်ဟု နောင်တမရခဲ့လျှင် ကမ္ဘာပျက်သော်လည်း ကင်းလွတ်ခွင့်မပေးသော လောကန္တရိက်ငရဲ(လွတ်လမ်းမရှိသောငရဲ)၌ ခံရမည်မှာ သေချာလှပေသည်။ ထို့ကြောင့် မှားယွင်းသော အယူဝါဒများကို ရှောင်ရှားနိုင်ကြစေရန် စေတနာကောင်းဖြင့် အသိပေးအပ်ပါသည်။**

# ဆင်ဟွာသတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်း - မြန်မာနိုင်ငံအရေးကို အာဆီယံနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဟု တပ်မတော်ပြောရေးဆိုခွင့်ရှိသူပြော

**မြန်မာနိုင်ငံအရေးကို အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့(အာဆီယံ)၏ နည်းလမ်းဖြင့် ဖြေရှင်းနိုင်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဆင်ဟွာ (Xinhua) သတင်းဌာနနှင့် မကြာသေးမီကပြုလုပ်သော တွေ့ဆုံ မေးမြန်းခန်းတွင် ပြောသည်။**

www.news.cn
新华网 NEWS
www.xinhuanet.com
Monday, May 3, 2021
Asia&Pacific
Editions

## Interview: Solution to Myanmar issue can be worked out in "ASEAN way," says military spokesman

Source: Xinhua| 2021-05-01 22:58:29|Editor: huaxia




Zaw Min Tun (L), spokesman for Myanmar military and the State Administration Council (SAC), speaks during an interview with Xinhua in Nay Pyi Taw, Myanmar, on April 28, 2021. A solution to the Myanmar issue can be worked out in the "Association of Southeast Asian Nations (ASEAN) way," said Zaw Min Tun. (Xinhua/Zhang Dongqiang)

**(ယမန်နေ့မှအဆက်)**

**Mr. Che Hong Liang ။** မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့် သွေးထွက်သံယိုဖြစ်မှုများက မကြာခဏဖြစ်ပွားနေခြင်းကြောင့် အခြေအနေတည်ငြိမ်အေးချမ်းစေရန်နှင့် ပြည်သူလူထုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်မှုပြန်လည်ရရှိစေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် မည်ကဲ့သို့သော ဆောင်ရွက်မှုများရှိကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း။** ဖြေကြားရာ ယခုမေးမြန်းသည့် မေးခွန်းတွင် အပိုင်းနှစ်ပိုင်းပါရှိပြီး ဒုတိယအပိုင်းဖြစ်သည့် ပြည်သူလူထုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ယုံကြည်မှု ပြန်လည်ရရှိရေးအပိုင်းကို မိမိအနေဖြင့် ဦးစွာဖြေကြားလိုကြောင်း၊ ယခုလက်ရှိ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် ပြောကြားခဲ့သည့် မိန့်ခွန်းထဲကအတိုင်း ကိုးကားပြီး ပြောလိုကြောင်း၊ ၂၀၁၃ ခုနှစ်က တရုတ်ဗဟိုပါတီသင်တန်းကျောင်း နှစ်(၈၀)ပြည့် အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းထဲမှ ကောက်နုတ်ချက်တစ်ခုကို ကိုးကားလိုကြောင်း၊ မစ္စတာရှီကျင့်ဖျင်က "အနှစ်မပါတဲ့ ပြောစကားတွေက တိုင်းပြည်ကို ထိခိုက်နစ်နာစေပါတယ်၊ အလုပ်ကို ပင်ပင်ပန်းပန်း ကြိုးကြိုးစားစားလုပ်လို့က တိုင်းပြည်ကို စည်ပင်ဝဖြိုးစေပါတယ်" ဟု ပြောကြားခဲ့ကြောင်း၊ တရုတ်သမ္မတကြီးက ဆက်လက်ပြောကြားရာတွင် တရုတ်သမိုင်းက နာမည်တစ်ခုကို ကိုးကားလိုကြောင်း၊ "ကျောင်ခူဝေါ်" ဆိုသည့် သမိုင်းဆိုင်ရာ သင်ခန်းစာများကို စွဲမြဲသင့်ကြောင်း၊ "ကျောင်ခူဝေါ်" စကားနှင့် ပတ်သက်ပြီး နှစ်မျိုးရှိပြီး "ကျောင်ခူဝေါ်" နှင့် "ကျောင်ခူအို" ဟု ရှိကြောင်း၊ **ဘီစီ ၂၆၀ တွင် ကျောင်နိုင်ငံရဲ့ စစ်ဘက်အရာရှိတစ်ယောက်ဖြစ်ပြီး လက်တွေ့တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိကြောင်း၊ ၎င်းပုဂ္ဂိုလ်အား "ထိုင်ရာမထ၊ သေနင်္ဂဗျူဟာရှင်"ဟု ပြောကြားခဲ့ကြောင်း၊ အဆိုပါပုဂ္ဂိုလ်သည် လက်တွေ့တိုက်ပွဲမရှိဘဲ စာရွက်ပေါ်တွင်ပဲ တိုက်ပွဲတိုက်တတ်ပြီး လက်တွေ့ကြုံရသည့်အခါ ၎င်း၏စစ်သည်လေးသိန်းလောက် အဖမ်းခံရပြီး အသတ်ခံရခြင်း** ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသမ္မတကြီး သတိပေးသွားသည့်အရာက ထိုအကြောင်းအရာဖြစ်ကြောင်း၊ အနှစ်မပါသည့်ပြောစကားက တိုင်းပြည်တည်ဆောက်လို့မရကြောင်းနှင့် ကြိုးကြိုးစားစားတည်ဆောက်ရမည်ဖြစ်ကြောင်း။

"ထိုင်ရာမထ၊ သေနင်္ဂဗျူဟာရှင်" ဆိုသည့် ထိုင်ရာမထသည့် ပညာရှင်များကို မလိုချင်ကြောင်းနှင့် လက်တွေ့အလုပ်လုပ်မည့်လူငယ်များကို လိုသည်ဟု အဓိပ္ပာယ်ဖြစ်ကြောင်း၊ မိမိပြောကြားလိုသည်မှာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဦးဆောင်နေရသူများသည် နိုင်ငံဖွံ့ဖြိုးရေး၊ လုံခြုံရေးကို မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လက်တွေ့ကော၊ စာတွေ့ကော အတွေ့အကြုံရှိပြီးသူဖြစ်**ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မိမိနိုင်ငံအနေဖြင့် တပ်မတော်အစိုးရလက်ထက်တွင် အနောက်နိုင်ငံကြီးများနှင့် အပေါင်းပါနိုင်ငံများက ပိတ်ဆို့မှုမျိုးစုံ လုပ်ဆောင်ခဲ့ကြောင်း၊ အခုလိုပိတ်ဆို့မှုများကြားက ဖွံ့ဖြိုးရေးတိုးတက်ရေး၊ ပေါင်းသင်းဆက်ဆံရေးအတွက်ပါ ထိထိရောက်ရောက် ကူညီပေးသည့်နိုင်ငံသည် တရုတ်နိုင်ငံပဲဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံပေါင်းစုံက ပိတ်ဆို့နေသည့်ကြားက တပ်မတော်အစိုးရအနေဖြင့် ရန်ကုန်-မန္တလေးအထိ အမြန်လမ်းမကြီးကို ဖောက်လုပ်ခဲ့ကြောင်း၊ မည်သည့်ဒီမိုကရေစီအစိုးရလက်ထက်မှာမှ ဖောက်ခဲ့တာ မဟုတ်ကြောင်း၊ နေပြည်တော်ဆိုသည်မှာ တပ်မတော်အစိုးရ လက်ထက်တွင် တည်ဆောက်ခဲ့ကြောင်း၊ လွှတ်တော်အဆောက်အအုံများအပါအဝင် ပါတီစုံဒီမိုကရေစီစနစ်အတွက် အခြေခံအဆောက်အအုံများကို တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ခဲ့ကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်၏ အခြေခံအဆောက်အအုံများ၊ ယခုလုပ်နေသည့် လွှတ်တော်၊ သမ္မတအိမ်တော်စသည်များကို တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ခဲ့ကြောင်း။

**ယခုနိုင်ငံတော်ကို စီမံအုပ်ချုပ်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက အဆိုပါခေတ်များတွင် လက်တွေ့လုပ်ငန်းများ၌ ပါဝင်ခဲ့ကြသည့်သူများဖြစ်**ကြောင်း၊ ထို့ကြောင့် "ကျောင်ခူဝေါ်" လို "ထိုင်ရာမထ၊ သေနင်္ဂဗျူဟာရှင်" တစ်ယောက်မှ မပါဝင်ကြောင်း၊ လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်မည်ကို အပတ်စဉ်ကောင်စီအစည်းအဝေး၊ အစိုးရအဖွဲ့ညှိနှိုင်းအစည်းအဝေးများတွင် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ **ယခင် ဒီမိုကရေစီအစိုးရလက်ထက်တွင် အစိုးရက မည်ကဲ့သို့ဆောင်ရွက်မည်ကို ပြည်သူများမသိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်မည်၊ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို ပြည်သူသိအောင် အပတ်စဉ်၊ နေ့စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ လက်တွေ့အပိုင်းတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မြန်မာနိုင်ငံအနှံ့ကို သွားရောက်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ အောက်ခြေနှင့် ထိတွေ့လျက်ရှိကြောင်း၊ ဥပမာအနေဖြင့် မိမိပြောရလျှင် လှိုင်သာယာမြို့နှင့် ရွှေပြည်သာမြို့မှာ တရုတ်လူမျိုးပိုင်သည့်စက်ရုံတချို့ မီးရှို့ခံရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် ၎င်းစက်ရုံတွေအထိ ရောက်အောင်သွားခဲ့ပြီး ပိုင်ရှင်များ၊ အလုပ်သမားများနှင့် တွေ့ခဲ့ရကြောင်း၊ သူတို့ပြောပြသည့်အခက်အခဲများကို မိမိတို့နားထောင်ပြီး လက်ငင်းဖြေရှင်းပေးခဲ့ကြောင်း၊** အဲဒီခေါ်သွားသည့်အထဲမှာ သူ့သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ပါကြောင်း၊ ပိုင်ရှင်များနှင့် တွေ့ဆုံပြီး အခက်အခဲများကို ဖြေရှင်းပေးခဲ့ပါကြောင်း၊ အလုပ်သမားများနှင့် တွေ့ဆုံပြီး အခက်အခဲများကို ဖြေရှင်းပေးခဲ့ပါကြောင်း၊ ထိုကိစ္စများက လက်တွေ့ဖြစ်ကြောင်း၊ မိမိတို့ နောက်ထပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအတွက် မိမိတို့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာက ဒီနေရာမှာတော့ မိမိတို့အနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုကို မေတ္တာရပ်ခံလိုပါကြောင်း။

မိမိတို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေဆဲနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်သည် စိုက်ပျိုး/မွေးမြူရေးထုတ်ကုန် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်မှုမှာ အများဆုံးဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှစ်လတာအတွင်းမှာ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစာရင်းအရ မိမိတို့ပို့ကုန် အမေရိကန်ဒေါ်လာ ၄၃၈ သန်းရှိပါကြောင်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၇၁ သန်း စုစုပေါင်း ပမာဏ ၆၀၉ သန်းလောက်ရှိပါကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် တရုတ်ပြည်သူလူထုနှင့် ဆက်လက်ကူညီပေးပါလို့ မိမိမေတ္တာရပ်ခံလိုပါကြောင်း၊ ခုနကပြောသည့် ဒုတိယပိုင်းအနေဖြင့် အကြမ်းဖက် သွေးထွက်သံယိုမှုများ ရှိနေဆဲဆိုသည့်အပိုင်းကို ရှိနေသည်ဆိုတာကို မိမိတို့ဝန်ခံပါကြောင်း၊ အဓိကကတော့ NLD ပါတီဝင်တချို့နှင့် NLD ပါတီ အစွန်းရောက်သူများက မိမိတို့နိုင်ငံမှာ ဆန္ဒပြမှုများကို လက်တွေ့ကြည့်ရင် သိနိုင်ပါကြောင်း၊ ဆန္ဒပြမှုများကို တချို့မီဒီယာများက ဆန္ဒပြနေတယ်၊ ဘယ်နေရာမှာ ဆန္ဒပြနေတယ်ဆိုတာ ဖွနေတာရှိပေမယ့် တကယ့်လက်တွေ့မှာတော့ ဆန္ဒပြမှုတွေလျော့နည်းလာကြောင်း၊ သို့သော် ဗုံးထောင်မှုများ၊ ဗုံးခွဲမှုများ၊ မိုင်းခွဲမှုများ၊ မီးကွင်းပစ်မှုများ စသည့် အကြမ်းဖက်လုပ်ရပ်များ ပိုမိုလုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ၎င်းတို့ကို ငြိမ်ဝပ်ပိပြားရန်၊ တရားဥပဒေစိုးမိုးရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး ပဋိပက္ခများ လျော့နည်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

**Mr. Che Hong Liang ။** ယခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေ တစ်နှစ်ကြေညာခဲ့ပြီး အရေးပေါ်ကာလအပြီးတွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဖြစ်ကာ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးမည်ဟု ပြောကြားခဲ့သည်ကို သိရကြောင်း၊အရေးပေါ်အခြေအနေကြေညာပြီး ဘက်ပေါင်းစုံမှ အစီအစဉ်များ ပြန်လည်ကောင်းမွန်လာစေရန် မည်သို့သောလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသလဲ၊ ထိရောက်မှုအခြေအနေ မည်သို့ရှိပါသလဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်မှုမျိုးကို ဆောင်ရွက်ရန်ရှိပါသလဲ မေးမြန်းသည်။

**စာမျက်နှာ ၁၇ သို့** ✳

* စာမျက်နှာ ၁၆ မှ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပြီးနောက် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ ကျင်းပပြီး ပြည်သူကရွေးချယ်သောသူကို နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးမည်ဟု ကမ္ဘာသိ အာမခံပြီးဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းမှ သွေဖည်သွားမည် မဟုတ်ကြောင်း၊ နစကအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အနှစ်ချုပ်ပြောရမည်ဆိုပါက ပထမဦးဆုံး UEC ကို ဖွဲ့စည်းပြီး UEC က မဲမသမာမှုများနှင့် ပတ်သက်ပြီး စစ်ဆေးလျက်ရှိကာ နေ့စဉ်လည်း ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ နံပါတ်(၂)အချက်မှာ COVID-19 ကာကွယ်ရေးကို အရှိန်အဟုန်မပျက် လုပ်ဆောင်လျက်ရှိကြောင်း၊ နံပါတ်(၃) အချက်မှာ COVID-19 ကြောင့် ထိခိုက်ခဲ့ရသော စီးပွားရေးများကို အမြန်ဆုံးကုစားနိုင်ရန် ဆောင်ရွက်နေကြောင်း၊ နံပါတ်(၄) အချက်မှာ ငြိမ်းချမ်းရေးအတွက် NCA ပါအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နံပါတ် (၅) အချက်မှာအရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ရွေးကောက်ပွဲလုပ်ဆောင်ပေးမည်ဖြစ်ပြီး နိုင်ငံ့တာဝန်ကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း။

ထို့အပြင် ဦးတည်ချက် (၉) ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလော ဆောင်ရွက်ချက်အနေဖြင့် COVID-19 ကာလတွင် ကျောင်းပိတ်ထားရသည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တည်ထောင်နိုင်ရန်အတွက် ပညာတတ်များ၊ လူသားအရင်းအမြစ်များ နှစ်စဉ်မွေးထုတ်ပေးနေမှုသည် နှစ်နာလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုဇွန်လဆန်းတွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ပြီး တက္ကသိုလ်များ၊ ကောလိပ်များ၌ နောက်ဆုံးနှစ် သင်တန်းများဖြစ်သော ပါရဂူသင်တန်းများ၊ မဟာဘွဲ့သင်တန်းများ စသည်တို့ကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဤသည်မှာ ပညာရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းပြောကြားသည်။

**Mr. Che Hong Liang**။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိရောက်မှုအခြေအနေ မည်မျှရှိပါသလဲ မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**။ ထိရောက်မှုအခြေအနေသည် မြင်တွေ့နေရသည့်အတိုင်းဖြစ်ကြောင်း၊ သတင်းထောက်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် မြင်နေ၊ တွေ့နေရမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလဆန်းပိုင်း၊ မတ်လနှင့် ယခုအခြေအနေများသည် မတူတော့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အမိကမှာ ဆန္ဒပြမှုများနှင့် ပတ်သက်လာပါက အကြမ်းဖက်မှုများ ရှိကောင်းရှိလာနိုင်ကြောင်း၊ သို့သော် ဆန္ဒပြမှုများနှင့်ပတ်သက်၍ လျော့နည်းသွားသည်ကို လက်တွေ့ တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး တချို့ပိတ်သိမ်းလိုက်ရသော စက်ရုံများရှိကြောင်း၊ ရပ်ဆိုင်းလိုက်ရသော လုပ်ငန်းများရှိကြောင်း၊ ထိုလုပ်ငန်းများနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းများသည် အောက်ခြေအဆင့် လှိုင်သာယာ၊ ရွှေပြည်သာကဲ့သို့ နေရာမျိုးတွင် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နေသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကုန်သွယ်ရေး၊ ဆိပ်ကမ်းလုပ်ငန်းများနှင့် ပတ်သက်ပြီး ယခင်က ရပ်တန့်နေမှုများရှိကြောင်း၊ ယခုတွင် ပြန်လည်လည်ပတ်လာနေသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ သို့သော် မိမိဝန်ခံချင်သည်မှာ ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ မလည်ပတ်နိုင်သေးကြောင်း။

ဆက်လက်၍ ကြိုးစားအားထုတ်လျက်ရှိကြောင်း၊ ဘဏ်များနှင့် ပတ်သက်ပြီး တချို့ပုဂ္ဂလိကဘဏ်များတွင် CDM လုပ်ဆောင်နေသော ဝန်ထမ်းများ ရှိကြောင်း၊ ပုဂ္ဂလိကဘဏ်များတွင် ငွေရေး၊ ကြေးရေး အကျပ်အတည်းဖြစ်စေရန် လုပ်ဆောင်နေသည့် လုပ်ငန်းများရှိကြောင်း၊ မနေ့က ဗဟိုဘဏ်မှ အမိန့်ကြေညာစာ ထုတ်ပြန်ကြောင်း၊ အဓိကအနှစ်ချုပ်မှာ ဘဏ်များတွင် ဘဏ်စာရင်းအသစ်ဖွင့်ပြီးပါက ထိုဘဏ်များ၌ ငွေကို စာရင်းအသစ်တွင် မိမိအပ်ထားသလောက် အကန့်အသတ်မရှိ ထုတ်နိုင်သည်ကိုဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ဆောင်ခဲ့ရသည့်အကြောင်းမှာ ငွေပေး၊ ငွေချေစနစ်များတွင် ကြန့်ကြာနေသည့်အတွက် ငွေပေး၊ ငွေချေစနစ်များတွင် မြန်ဆောင်၊ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**Mr. Che Hong Liang**။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအခြေအနေသည် ဆိုးရွားနေဆဲဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် ကပ်ရောဂါ ထိန်းချုပ်ရေး အခြေအနေမှာ မည်သို့ရှိပါသလဲ၊ နောင်အခါတွင် ရောဂါထိန်းချုပ်ရေး၊ ကာကွယ်ဆေးထိုးနှံရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်မှုများရှိပါသလဲ မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**။ မြန်မာနိုင်ငံ၌ COVID-19 ဒုတိယလှိုင်းအပြီးတွင် ထပ်မံ၍ ဆိုးဆိုးရွားရွား မဖြစ်သေးကြောင်း၊ သို့သော် တချို့နိုင်ငံများတွင် တတိယလှိုင်းမှာ ပြင်းပြင်းထန်ထန်ဖြစ်နေသည်ကို သိရသည့်အတွက် မိမိတို့လည်း တော်တော်လေး ဂရုစိုက်ရမည့်အခြေအနေမျိုးဖြစ်ကြောင်း၊ ယနေ့ထိ COVID-19 ကာကွယ်ဆေး ၃ ဒသမ ၅ သန်းရရှိပြီးဖြစ်ကြောင်း၊ ရောက်ရှိရန် ကျန်ရှိသည့် ၂၈ သန်းကို သတ်မှတ်ကာလအတွင်း အသုတ်လိုက် ရရှိနိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးစားပေးအစီအစဉ်အနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလ ၂၂ ရက်နေ့အထိ ပထမအကြိမ် ထိုးနှံခြင်း ၁ ဒသမ ၅၄ သန်း၊ ဒုတိယအကြိမ် ထိုးနှံခြင်း ဝ ဒသမ ၃၄ သန်း စုစုပေါင်း ၁ ဒသမ ၈၈ သန်းမှာ ပထမအသုတ်တွင် ထိုးနှံပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ၁ ဒသမ ၆၂ သန်းကိုလည်း ထိုးနှံနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်နေကြောင်း၊ ထူးခြားချက်မှာ ယခင်က အိန္ဒိယနိုင်ငံက ထုတ်သည့် COVID ကာကွယ်ဆေးကို ဝယ်ယူဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် COVID-19 ကာကွယ်ဆေးကို တရုတ်နိုင်ငံက ထုတ်သည့် ***Sinopharm*** ကို ခွင့်ပြုခဲ့ကြောင်း၊ ရုရှားနိုင်ငံကထုတ်သည့် ***Sputnik-V***ကို ခွင့်ပြုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံကထုတ်သည့် ***Covaxin***တို့ကို ခွင့်ပြုခဲ့ကြောင်း၊ ထိုဆေးများကို အားလုံးထိုးနှံနိုင်ရန်အတွက် သန်း ၈၀ ခန့် လိုအပ်နေသေးကြောင်း၊ ထိုဆေးများကို စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားစဉ်ကတည်းက အစောဆုံးကူညီခဲ့သည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း တတ်နိုင်သ၍တပ်မတော်အနေဖြင့် တရုတ်နိုင်ငံ၌ COVID-19 ရောဂါ စတင်ဖြစ်ပွားချိန် တပ်မတော်မှ လေယာဉ်တစ်စင်းစေလွှတ်ပြီး တတ်နိုင်သည့် အကူအညီကို သွားရောက်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့် အပြန်အလှန် မြန်မာနိုင်ငံ၌ COVID-19 နှင့် ပတ်သက်သော ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် လိုအပ်သည့်ဆေးဝါးများ၊ ကိရိယာများကို လှူဒါန်းသည့်အပြင် ဆေးဘက်ဆိုင်ရာပညာရှင်များ မြန်မာနိုင်ငံသို့ စေလွှတ်ပြီး အတွေ့အကြုံများကို မျှဝေပေးခဲ့ကြောင်း၊ ထိုအတွေ့အကြုံများသည် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း အထူးကျေးဇူးတင်ရှိကြောင်း၊ မကြာမီရက်ပိုင်းအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် COVID -19 ကာကွယ်ဆေး ငါးသိန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ဆက်လက်ကူညီပေးရန်လည်း ပြောလိုကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ COVID-19နှင့်ပတ်သက်ပြီး တရုတ်နိုင်ငံသည် အတွေ့အကြုံ၊ ထိန်းချုပ်ကုသရေးတွင် ကမ္ဘာသိအတွေ့အကြုံရှိကြောင်း၊ ကမ္ဘာသိ ထိန်းချုပ်ကုသနိုင်သည့်အတွက် COVID-19 ကုသရေးနှင့်ပတ်သက်ပြီး အတွေ့အကြုံ၊ ဆေးဘက်ဆိုင်ရာပညာရှင်များလာရောက်၍ အတွေ့အကြုံများ မျှဝေပေးနိုင်ပါက မိမိတို့အတွက် ပိုမို၍ အကျိုးရှိမည်ကို ပြောလိုကြောင်း ရှင်းလင်းပြောကြားသည်။

**Mr. Che Hong Liang**။ ယခုလိုအချိန်ပေး၍ ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**။ ထပ်မံပြောလိုသည်မှာ CDM လုပ်နေသည့် ကာလ၊ မြန်မာနိုင်ငံတွင် အစိုးရဆန့်ကျင်ရေးဟူ၍ CDM ဟု အမည်တပ်၍ အလုပ်မဆင်းမှုများရှိကြောင်း၊ အလုပ်မဆင်းမှုများထဲမှ ကျန်းမာရေးကဏ္ဍက အဆိုးဆုံးဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် တပ်မတော်အနေဖြင့် တပ်မတော်ဆေးပညာရှင်များ၊ တပ်မတော်ဆေးရုံများမှ ပြည်သူလူထုကို ကုသပေးနေမှုများရှိကြောင်း၊ နေပြည်တော်နှင့် အနီးတစ်ဝိုက် တစ်နိုင်ငံလုံးတွင် ကုသပေးနေမှုများရှိကြောင်း၊ ထို့အပြင် ဖွင့်လှစ်နိုင်သောဆေးရုံ၊ ဆေးခန်းများကို တပ်မတော်သားဆရာဝန်များဖြင့် သွားရောက်ကုသပေးနေမှုများရှိကြောင်း၊ မဖွင့်နိုင်သည့် ဆေးခန်း/ဆေးရုံများကို တပ်မတော်သား ဆရာဝန်များဖြင့် သွားရောက်ကုသလျက်ရှိပါကြောင်း၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ဧပြီလ ၂၇ ရက်နေ့အထိ အရပ်သားပြည်သူလူထု၊ ပြင်ပလူနာ ၁၆၀၀၀၀ ကျော် ကုသပေးခဲ့ပါကြောင်း၊ အတွင်းလူနာ ၃၀၀၀၀ ကျော်ရှိပါကြောင်း၊ အကြီးစားခွဲစိတ်ကုသလူနာ ၇၈၁၁ ဦး၊ အသေးစားခွဲစိတ်ကုသလူနာ ၃၉၉၉ ဦး ရှိပါကြောင်း၊ ကလေးမွေးဖွားရန်အတွက် ခွဲစိတ်ကုသလူနာ ၄၀၇၁ ဦးရှိပါကြောင်း၊ သာမန်အရပ်သား ပြည်သူလူထု၏ ကလေးငယ်ပေါင်း ၁၀၃၅၄ ဦး မွေးဖွားပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ပြည်သူလူထုနှင့် လက်တွေ့ဆောင်ရွက်နေသည်များကို တပ်မတော်ဆေးရုံကြီးများတွင် ကြည့်နိုင်ပါကြောင်း၊ မိမိတို့လိုက်ပြမည် ဖြစ်ပါကြောင်း၊ မေးမြန်းလိုသည်များ ပြည်သူလူထုနှင့် ထိတွေ့ပြီးမေးမြန်းလိုပါက ကြိုက်နှစ်သက်သူများကို မေးမြန်းနိုင်ပါကြောင်း၊ မိမိတို့ဆောင်ရွက်ချက်များကို ပုံနှင့်တကွ ပြသလိုပါကြောင်း။

လှိုင်သာယာနှင့် ရွှေပြည်သာတွင် ဖျက်ဆီးခံရသည့် စက်ရုံများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် သွားရောက်ကြည့်ရှုပြီး စက်ရုံပိုင်ရှင်များကို မေးမြန်းနေသည့်ပုံများ ဖြစ်ပါကြောင်း၊ အထည်ချုပ်စက်ရုံဖြစ်ပါကြောင်း၊ ၎င်းစက်ရုံလည်း အများအပြား ပျက်စီးပါကြောင်း၊ မိမိတို့သွားရောက်စဉ်အချိန်က စက်ရုံအတွင်းမှ အပ်ချုပ်စက်များကို ပြောင်းရွှေ့နေပါကြောင်း၊ ၎င်းတို့ အာမခံထားသည့် ပြည်တွင်း/ ပြည်ပ အာမခံငွေများ ပြန်ထုတ်နိုင်ရန် လုပ်ငန်းပြန်စနိုင်ရန် ဝန်ကြီးများနှင့် တစ်ပါတည်းညှိနှိုင်းပြီး အာမခံငွေကြေး အမြန်ဆုံးရရှိနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်ပမှရရှိမည့် အာမခံကြေးများ အမြန်ဆုံးရရှိနိုင်ရန် မိမိတို့အနေဖြင့် ထောက်ခံချက်များဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

လှိုင်သာယာနှင့် ရွှေပြည်သာ၌ စက်ရုံများ ဖျက်ဆီး/ မီးရှို့ကြရာတွင် ပွင့်ပွင့်လင်းလင်းဆိုရလျှင် တရုတ်နိုင်ငံပိုင်စက်ရုံနှင့်တရုတ်လူမျိုးပိုင်စက်ရုံများဟုပြောဆိုကြပါကြောင်း၊ ၎င်းတို့တွင် အာမခံငွေကြေးများ ရှိပြီးဖြစ်ကြောင်း၊ အမှန်တကယ် နစ်နာသည်မှာ မြန်မာပြည်သူလူထုသာ နစ်နာပါကြောင်း၊ ၎င်းပြည်သူလူထု တစ်သောင်းကျော်၊ နှစ်သောင်းကျော် အလုပ်ပြုတ်သွားပြီးစားစရာမရှိ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ထိုနေ့တွင် လှိုင်သာယာနှင့် ရွှေပြည်သာမှာ စက်ရုံများကြည့်ပြီး ဒေသခံပြည်သူလူထုကို တပ်မတော်အနေဖြင့်၊ နစကအနေဖြင့် ဆန်အိတ်နှင့် ဆီများကို လက်တွေ့လှူခဲ့ပါကြောင်း၊ အခြားသိလိုသည်များရှိက မေးမြန်းနိုင်ပါကြောင်း၊ မိမိအနေဖြင့် ဖြေနိုင်သည်များ ဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Mr. Che Hong Liang**။ နောင်အချိန်များတွင် မေးခွန်းများ မေးစရာရှိပါက ထပ်ပြီးဆက်သွယ်၍ ရနိုင်မလား သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**။ ထပ်ပြီးဆက်သွယ်၍ရပါကြောင်း၊ မိမိအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားပြီး ဖြေကြားပေးမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ တရုတ်နိုင်ငံအစိုးရ၊ မြန်မာပြည်သူလူထုနှင့် တရုတ်ပြည်သူလူထု တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်ပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေး ဆင်ဟွာသတင်းဌာနက တစ်ဖက်တစ်လမ်းက ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

---

**○ အမေရိကန်နိုင်ငံမှ**

ဒုတိယနေ့ ၆၇ ချက်၊ တတိယနေ့ ၇၆ ချက်ဖြင့် သုံးရက်ပေါင်း စုစုပေါင်းရိုက်ချက် ၂၁၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ကာ ချန်ပီယံဆု ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဂေါက်ကွင်းနှစ်ကွင်း၌ ပြုလုပ်ခြင်းဖြစ်ပြီး ပထမနေ့နှင့် တတိယနေ့ကို TPC Sawgrass Stadium နှင့် ဒုတိယနေ့ကို Valley Courses ၌ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် PGA WORKS Collegiate မှ အမေရိကန်နိုင်ငံရှိ ဖိတ်ကြားထားသော တက္ကသိုလ်များမှ ဂေါက်သီးရိုက်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ပညာသင်ကြားနေ**

မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သည့် ဖူးပွင့်ရတီခိုင်သည် အမေရိကန်နိုင်ငံရှိ University of North Carolina Wilmington (UNCW) ၌ ပညာသင်ကြားနေသော ကျောင်းသူ တစ်ဦးဖြစ်ပြီး ၂၀၁၉ခုနှစ်တွင်လည်း CAA Women's Golf Championship ပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဖူးပွင့်ရတီခိုင်သည် Symetra Tour ပြိုင်ပွဲအား လက်ရည်စစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ မေလ ၆ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မဲရုံ ၁၀၄ ရုံ | ၁၃၄၇၂၃ | ၈၆၇၂၉ | ၁၅၆၃၈ | ၁၁၂၇ | ၁၄၄၆၀ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မဲရုံ ၉၇ ရုံ | ၈၂၃၁၃ | ၄၉၀၂၇ | ၁၆၅၈၅ | ၅၃၂ | ၇၇၅၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၀၁ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၇၂၅၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၅၅၄၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၁၇၁၇၊ မြေပြင်လက်ကျန် ၈၄၉၂၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၁၂၆၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၄၇၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ထားဝယ်မြို့နယ် | ၁၀၄ | ၁၄၁၅၅၁ | ၈၅၁၈၈ | ၅၆၃၆၃ | ၅၃၃၂၅ | ၇၄၃၈ | ၄၄၀၀ |
| ၂ | တနင်္သာရီမြို့နယ် | ၉၇ | ၉၅၇၀၇ | ၆၀၃၅၃ | ၃၅၃၅၄ | ၃၁၅၉၉ | ၃၈၂၅ | ၇၀ |
| | **စုစုပေါင်း** | **၂၀၁** | **၂၃၇၂၅၈** | **၁၄၅၅၄၁** | **၉၁၇၁၇** | **၈၄၉၂၄** | **၁၁၂၆၃** | **၄၄၇၀** |

**ထားဝယ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ မဲရုံပေါင်း ၁၀၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၁၅၅၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၅၁၈၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၆၃၆၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၃၃၂၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၇၀၀၀ | ၈၃၉၄၈ | ၅၃၀၅၂ | ၄၆၄၀၄ | ၇၄၃၈ | ၇၉၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၆၅၁ | ၁၂၄၀ | ၄၁၁ | ၄၁၁ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၉၀၀ | | ၂၉၀၀ | ၆၅၁၀ | | ၃၆၁၀ |
| | **စုစုပေါင်း** | **၁၄၁၅၅၁** | **၈၅၁၈၈** | **၅၆၃၆၃** | **၅၃၃၂၅** | **၇၄၃၈** | **၄၄၀၀** |

၆။ ထားဝယ်မြို့နယ်၊ ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စုရှိ မဲရုံ ၁၀၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၇၄၃၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၄၄၀၀ အပိုတွေ့ရှိရသည်။ ထားဝယ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆင်ဆိပ်ရပ်ကွက် | ၉၀၅၀ | ၅၄၇၈ | ၃၅၇၂ | ၃၄၇၂ | ၁၀၀ | |
| ၂ | ထိန်သစ်ရပ်ကွက် | ၁၁၀၀၀ | ၆၆၄၈ | ၄၃၅၂ | ၃၇၈၇ | ၅၆၅ | |
| ၃ | ဗျောတောဝရပ်ကွက် | ၄၄၀၀ | ၂၃၁၂ | ၂၀၈၈ | ၁၅၃၈ | ၅၅၀ | |
| ၄ | ဆန်းချီရပ်ကွက် | ၇၀၀၀ | ၄၄၉၃ | ၂၅၀၇ | ၁၇၅၄ | ၇၅၃ | |
| ၅ | အိုးလုပ်ရပ်ကွက် | ၇၅၀၀ | ၄၉၇၅ | ၂၅၂၅ | ၂၅၁၆ | ၉ | |
| ၆ | အနောက်မြို့တွင်းရပ်ကွက် | ၂၃၅၀ | ၁၄၃၄ | ၉၁၆ | ၆၁၇ | ၂၉၉ | |
| ၇ | ပိန္နဲတောရပ်ကွက် | ၆၁၀၀ | ၄၁၉၂ | ၁၉၀၈ | ၁၆၂၂ | ၂၈၆ | |
| ၈ | တလိုင်းထိန်ရပ်ကွက် | ၃၂၀၀ | ၁၈၈၀ | ၁၃၂၀ | ၇၄၉ | ၅၇၁ | |
| ၉ | မောင်မယ်ရှောင်ကျေးရွာအုပ်စု | ၃၇၀၀ | ၂၃၄၃ | ၁၃၅၇ | ၁၃၅၇ | | |
| ၁၀ | ဇဟာကျေးရွာအုပ်စု | ၂၆၅၀ | ၁၅၃၇ | ၁၁၁၃ | ၁၀၆၃ | ၅၀ | |
| ၁၁ | သပြေချောင်းကျေးရွာအုပ်စု | ၅၉၀၀ | ၃၃၀၀ | ၂၆၀၀ | ၂၂၀၁ | ၃၉၉ | |
| ၁၂ | ဇလွန်းကျေးရွာအုပ်စု | ၁၈၅၀ | ၉၅၃ | ၈၉၇ | ၅၄၇ | ၃၅၀ | |
| ၁၃ | တလိုင်းတောင်ကျေးရွာအုပ်စု | ၁၈၀၀ | ၁၁၈၀ | ၆၂၀ | ၆၂၀ | | |
| ၁၄ | သဗျာကျေးရွာအုပ်စု | ၁၂၅၀ | ၈၀၂ | ၄၄၈ | ၄၄၈ | | |
| ၁၅ | ဟာမြင်းကြီးကျေးရွာအုပ်စု | ၁၃၅၀ | ၇၆၂ | ၅၈၈ | ၁၀၃၈ | | ၄၅၀ |
| ၁၆ | ဝကုန်းကျေးရွာအုပ်စု | ၁၆၀၀ | ၁၁၄၆ | ၄၅၄ | ၅၅၄ | | ၁၀၀ |
| ၁၇ | မြေးခံဘော်ကျေးရွာအုပ်စု | ၄၅၀၀ | ၂၉၄၆ | ၁၅၅၄ | ၁၅၀၆ | ၄၈ | |
| ၁၈ | သဘော်ဆိပ်ရပ်ကွက် | ၁၁၅၀ | ၈၂၅ | ၃၂၅ | ၃၂၅ | | |
| ၁၉ | ဒေါင်းငူရပ်ကွက် | ၂၀၅၀ | ၁၄၅၉ | ၅၉၁ | ၅၉၁ | | |
| ၂၀ | ဇရစ်ရပ်ကွက် | ၁၈၅၀ | ၁၄၆၀ | ၃၉၀ | ၃၉၀ | | |
| ၂၁ | ဘုမွှော်ရပ်ကွက် | ၃၇၅၀ | ၂၀၃၈ | ၁၇၁၂ | ၁၀၆၂ | ၆၅၀ | |
| ၂၂ | ကြက်စားပြင်ရပ်ကွက် | ၇၅၅၀ | ၄၇၇၇ | ၂၇၇၃ | ၂၁၇၃ | ၆၀၀ | |
| ၂၃ | ကညွှံရပ်ကွက် | ၃၁၅၀ | ၂၁၄၉ | ၁၀၀၁ | ၉၆၀ | ၄၁ | |
| ၂၄ | ကျောက်မော်ရပ်ကွက် | ၄၆၀၀ | ၃၀၇၅ | ၁၅၂၅ | ၁၅၂၅ | | |
| ၂၅ | ကျောက်ရပ်ကျေးရွာအုပ်စု | ၁၉၀၀ | ၁၁၈၅ | ၇၁၅ | ၇၁၅ | | |
| ၂၆ | ကူးတို့ကျေးရွာအုပ်စု | ၁၅၅၀ | ၉၈၀ | ၅၇၀ | ၅၇၀ | | |
| ၂၇ | ကနိုင်းဒါကျေးရွာအုပ်စု | ၂၇၀၀ | ၁၆၅၇ | ၁၀၄၃ | ၁၀၁၃ | ၃၀ | |
| ၂၈ | ရှင်မုတ္တီးကျေးရွာအုပ်စု | ၃၀၀၀ | ၁၉၀၅ | ၁၀၉၅ | ၁၀၉၅ | | |
| ၂၉ | ရောင်းမော်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၀၉၀ | ၁၀၆၀ | ၁၀၁၀ | ၅၀ | |
| ၃၀ | ရှမ္မတွင်းကျေးရွာအုပ်စု | ၂၂၅၀ | ၁၃၂၄ | ၉၂၆ | ၉၂၆ | | |
| ၃၁ | ပကာရီကျေးရွာအုပ်စု | ၄၁၀၀ | ၂၄၁၈ | ၁၆၈၂ | ၁၁၄၀ | ၅၄၂ | |
| ၃၂ | အညာဖျားကျေးရွာအုပ်စု | ၁၆၀၀ | ၁၀၅၉ | ၅၄၁ | ၅၄၁ | | |
| ၃၃ | ပျားသားချောင်းကျေးရွာအုပ်စု | ၂၉၅၀ | ၁၃၈၂ | ၁၅၆၈ | ၁၃၂၈ | ၂၄၀ | |
| ၃၄ | အမှတ် (၁) ရပ်ကွက် | ၉၀၀ | ၅၇၇ | ၃၂၃ | ၃၂၃ | | |
| ၃၅ | အမှတ် (၂) ရပ်ကွက် | ၉၀၀ | ၅၆၈ | ၃၃၂ | ၃၃၂ | | |
| ၃၆ | အမှတ် (၃) ရပ်ကွက် | ၃၅၀ | ၁၉၀ | ၁၆၀ | ၁၆၀ | | |
| ၃၇ | ကျောက်မဲတောင်ကျေးရွာအုပ်စု | ၁၂၅၀ | ၇၃၅ | ၅၁၅ | ၄၆၅ | ၅၀ | |
| ၃၈ | ဟိန္ဒားကျေးရွာအုပ်စု | ၄၈၅၀ | ၂၉၆၇ | ၁၈၈၃ | ၇၇၈ | ၁၁၀၅ | |



တနင်္သာရီမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၃၉ | တောင်သုံးလုံးကျေးရွာအုပ်စု | ၁၉၅၀ | ၁၃၀၆ | ၆၄၄ | ၈၈၄ | | ၂၄၀ |
| ၄၀ | ကလစ်ကြီးကျေးရွာအုပ်စု | ၂၅၀ | ၁၅၆ | ၉၄ | ၉၄ | | |
| ၄၁ | ဖောင်းတောကြီးကျေးရွာအုပ်စု | ၁၄၅၀ | ၇၈၉ | ၆၆၁ | ၅၁၁ | ၁၅၀ | |
| ၄၂ | ဆင်ဖြူတိုင်ကျေးရွာအုပ်စု | ၉၅၀ | ၄၉၉ | ၄၅၁ | ၄၅၁ | | |
| ၄၃ | အမြားကျေးရွာအုပ်စု | ၂၆၅၀ | ၉၉၇ | ၁၆၅၃ | ၁၆၅၃ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၃၇၀၀၀ | ၈၃၉၄၈ | ၅၃၀၅၂ | ၄၆၄၀၄ | ၇၄၃၈ | ၇၉၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၆၅၁ | ၁၂၄၀ | ၄၁၁ | ၄၁၁ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၉၀၀ | | ၂၉၀၀ | ၆၅၁၀ | | ၃၆၁၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၄၁၅၅၁ | ၈၅၁၈၈ | ၅၆၃၆၃ | ၅၃၃၂၅ | ၇၄၃၈ | ၄၄၀၀ |

### တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ မြေပြင်စစ်ဆေးချက်များအရ တနင်္သာရီမြို့နယ်၊ မဲရုံ ၉၇ ရုံအတွက် ထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်အရေအတွက် ၉၅၇၀၇ အား ရပ်/ကျေးဆန္ဒမဲလက်မှတ် ၈၄၈၀၀၊ မြို့နယ်ကြိုတင်မဲလက်မှတ် ၂၂၀ နှင့် မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ် ၁၀၆၈၇ တို့အဖြစ် ဖြန့်ခွဲထုတ်ပေး၊ သုံးစွဲ၊ ထိန်းသိမ်းထားရှိကြောင်း တွေ့ရှိရပါသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ် အပို/လျော့နည်း ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၈၄၈၀၀ | ၆၀၁၃၃ | ၂၄၆၆၇ | ၂၃၉၇၈ | ၇၅၉ | ၇၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၂၀ | ၂၂၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၆၈၇ | | ၁၀၆၈၇ | ၇၆၂၁ | ၃၀၆၆ | |
| | စုစုပေါင်း | ၉၅၇၀၇ | ၆၀၃၅၃ | ၃၅၃၅၄ | ၃၁၅၉၉ | ၃၈၂၅ | ၇၀ |

၈။ မြေပြင်ဖွင့်ဖောက်စစ်ဆေးတွေ့ရှိချက်အရ တနင်္သာရီမြို့နယ် မဲရုံ ၉၇ ရုံအတွက် ထုတ်ယူရရှိခဲ့သော ရပ်/ကျေးဆန္ဒမဲလက်မှတ်အရေအတွက် ၈၄၈၀၀ အနက် ၆၀၁၃၃ အား ဆန္ဒမဲပေးအသုံးပြုထားသဖြင့် ၂၄၆၆၇ အမှန်တကယ် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၃၉၇၈ သာ ကျန်ရှိကြောင်းတွေ့ရှိရပါသည်။ အသေးစိတ်စိစစ်ချက်အရ မဲရုံ ၉ ရုံတွင် မဲလက်မှတ် ၇၅၉ စောင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၄ ရုံတွင် ဆန္ဒမဲလက်မှတ်အစောင် ၇၀ တရားမဝင်အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၉။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၂၂၀ မှာ မြေပြင်လက်ကျန် ကိုက်ညီမှုရှိသော်လည်း မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ် ၁၀၆၈၇ မှာ မြေပြင်တွင် ၇၆၂၁ သာ ကျန်ရှိသဖြင့် ၃၀၆၆ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်တစ်ခုလုံးအတွက် ထုတ်ယူရရှိခဲ့သော ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်အရေအတွက် ၉၅၇၀၇ အနက် မဲလက်မှတ် ၆၀၃၅၃ အား ဆန္ဒမဲပေး အသုံးပြုထားကြောင်း တွေ့ရှိရပြီး မဲလက်မှတ်စောင်ရေ ၃၁၅၉၉ အား အသုံးမပြုဘဲကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် တွေ့ရှိရပါသည်။

၁၁။ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချောင်းကြီးရပ်ကွက် | ၂ | ၂၇၅၀ | ၂၁၇၄ | ၅၇၆ | ၅၇၆ | | |
| ၂ | ချောင်းငယ်ရပ်ကွက် | ၂ | ၂၀၅၀ | ၁၅၁၄ | ၅၃၆ | ၅၄၆ | | ၁၀ |
| ၃ | ဆင်ခြေဖုံးကျေးရွာအုပ်စု | ၇ | ၄၃၀၀ | ၃၀၃၂ | ၁၂၆၈ | ၁၀၆၈ | ၂၀၀ | |
| ၄ | အရှေ့မော်တုန်းကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၈၉၀ | ၆၆၀ | ၆၆၀ | | |
| ၅ | အနောက်မော်တုန်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၀၈ | ၃၉၂ | ၄၄၂ | | ၅၀ |
| ၆ | ဘန်းလမွတ်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၆၃ | ၃၈၇ | ၃၈၉ | | ၂ |
| ၇ | ဇဝဲကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၂၀၉၅ | ၅၅၅ | ၅၅၅ | | |
| ၈ | ပဝကျေးရွာအုပ်စု | ၆ | ၅၂၅၀ | ၃၉၅၆ | ၁၂၉၄ | ၁၂၉၄ | | |
| ၉ | သာရဖုံကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၆၈ | ၃၃၂ | ၃၂၇ | ၅ | |
| ၁၀ | လယ်သစ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၇၉ | ၅၂၁ | ၅၂၁ | | |
| ၁၁ | ဘန်လောကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၂၅၃၆ | ၁၃၆၄ | ၁၃၆၄ | | |
| ၁၂ | သကျက်ကျေးရွာအုပ်စု | ၆ | ၄၆၅၀ | ၃၁၂၄ | ၁၅၂၆ | ၁၅၂၆ | | |
| ၁၃ | ညောင်ပင်ကွင်းကျေးရွာအုပ်စု | ၈ | ၈၈၅၀ | ၅၉၉၅ | ၂၈၅၅ | ၂၈၁၄ | ၄၁ | |
| ၁၄ | ကျောက်တလုံးကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၇၇၄ | ၃၂၆ | ၃၂၆ | | |
| ၁၅ | တမုတ်ချုံးကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၀၆၇ | ၈၈၃ | ၈၁၃ | ၇၀ | |
| ၁၆ | သိန်ခွန်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၄၄ | ၈၅၆ | ၈၆၄ | | ၈ |
| ၁၇ | ချောင်းလမုကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၀၃၂ | ၈၁၈ | ၈၁၆ | ၂ | |
| ၁၈ | အမှတ် (၉) ကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၁၇၇၄ | ၁၄၇၆ | ၁၄၇၆ | | |
| ၁၉ | တကူကျေးရွာအုပ်စု | ၁၁ | ၉၁၀၀ | ၇၀၇၂ | ၂၀၂၈ | ၂၀၂၈ | | |
| ၂၀ | သာရဘွင်ကျေးရွာအုပ်စု | ၇ | ၅၈၅၀ | ၄၀၂၇ | ၁၈၂၃ | ၁၈၂၂ | ၁ | |
| ၂၁ | ကော့မပြင်းကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၃၁၉ | ၃၈၁ | ၃၄၅ | ၃၆ | |
| ၂၂ | သိန္ဒေါကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၄၅၆ | ၅၉၄ | ၅၉၂ | ၂ | |
| ၂၃ | သဘော်ဦးကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၁၁၁၃ | ၁၆၃၇ | ၁၆၃၇ | | |
| ၂၄ | မြို့မရပ်ကွက်၊ မောတောင်မြို့ | ၁ | ၂၇၀၀ | ၁၆၃၇ | ၁၀၆၃ | ၁၀၆၃ | | |
| ၂၅ | အမှတ် (၁)/ (၂) ရပ်ကွက်၊ မောတောင်မြို့ | ၁ | ၁၂၀၀ | ၆၈၄ | ၅၁၆ | ၁၁၄ | ၄၀၂ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၇ | ၈၄၈၀၀ | ၆၀၁၃၃ | ၂၄၆၆၇ | ၂၃၉၇၈ | ၇၅၉ | ၇၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၂၀ | ၂၂၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၆၈၇ | | ၁၀၆၈၇ | ၇၆၂၁ | ၃၀၆၆ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၇ | ၉၅၇၀၇ | ၆၀၃၅၃ | ၃၅၃၅၄ | ၃၁၅၉၉ | ၃၈၂၅ | ၇၀ |



ထားဝယ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မေ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၆ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၅-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၈၆,၅၄၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၀၃) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

❑ ကျောဖုံးမှ

"နယ်စပ်ကုန်သွယ်ရေးကတော့ ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ ဒီဘက်ကအဓိက တင်ပို့ပေးနေတာကတော့ ကင်းမွန်၊ ချင်း(ဂျင်း)၊ ရေထွက်ကုန်နဲ့ ခြံထွက်သီးနှံတချို့ကို တင်ပို့ပေးနေပါတယ်။ ထိုင်းဘက်ကတော့ ဆောက်လုပ်ရေးသုံး ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ ပြန်လည်တင်သွင်းနေတာရှိပါတယ်။ သွင်းကုန်ထက် ပို့ကုန်ကပိုများပါတယ်"ဟု မြန်မာ-ထိုင်း နယ်စပ်တာဝန်ကျနေသူ တစ်ဦး က ပြောကြားသည်။

ယခုအခါ တစ်ဖက်ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားနေသော်လည်း မြန်မာ- ထိုင်းတာဝန်ရှိသူများက ယခင်ကအတိုင်း ကုန်သွယ်မှု ပုံမှန်လည်ပတ်ရန် ခွင့်ပြုပေးထားသည်။ အဆိုပါ မော်တောင်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံသို့ ကုန်ပစ္စည်းများ တင်ပို့နေမှုမှ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ခန့်ရရှိထားပြီး သွင်းကုန်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဧပြီလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ဂိတ်တစ်ခုဖြစ်သော မော်တောင်-စင်းခွန်ဂိတ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မော်တောင်မြို့တွင်တည်ရှိပြီး မြိတ်မြို့မှ ၁၂၃ မိုင်ခန့်အကွာ အဝေးတွင်ရှိသည့် မော်တောင်- စင်းခွန်နယ်စပ်ဂိတ်မှာ ကုန်သွယ်မှုအတွက် အလားအလာကောင်းများရှိနေကာ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းဂိတ်အဖြစ် ဖွင့်လှစ်ထားသော်လည်း ထိုင်းနိုင်ငံဘက်မှ အထူးယာယီနယ်စပ်ဂိတ်အဖြစ်သာ ဖွင့်လှစ်ထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၃၂၁၂၄၄ | ၂၆၀၃၅၃၁၄ | ၅၉၃၁၄၈ |
| ၂။ | အိန္ဒိယ | ၂၁၀၇၇၄၁၀ | ၁၇၂၈၀၈၄၄ | ၂၃၀၁၆၈ |
| ၃။ | ဘရာဇီး | ၁၄၉၃၆၄၆၄ | ၁၃၅၂၉၅၇၂ | ၄၁၄၆၄၅ |
| ၄။ | ပြင်သစ် | ၅၇၀၆၃၇၈ | ၄၇၂၉၁၇၄ | ၁၀၅၆၃၁ |
| ၅။ | တူရကီ | ၄၉၅၅၅၉၄ | ၄၅၈၉၅၀၁ | ၄၁၈၈၃ |
| ၆။ | ရုရှား | ၄၈၅၅၁၂၈ | ၄၄၇၂၃၃၈ | ၁၁၂၂၄၆ |
| ၇။ | ဗြိတိန် | ၄၄၂၅၉၄၀ | ၄၂၃၇၉၁၃ | ၁၂၇၅၇၀ |
| ၈။ | အီတလီ | ၄၀၇၀၄၀၀ | ၃၅၄၁၂၆၆ | ၁၂၂၀၀၅ |
| ၉။ | စပိန် | ၃၅၅၁၂၆၂ | ၃၂၃၂၉၂၆ | ၇၈၅၆၆ |
| ၁၀။ | ဂျာမနီ | ၃၄၆၉၄၄၈ | ၃၁၀၇၃၀၀ | ၈၄၅၉၃ |

## မင်းလှမြို့နယ်၌ ပထမအကြိမ် ဂရန်အင်းများ လေလံရောင်းချ

**မင်းလှ မေ ၆**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၁ -၂၀၂၂ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ပထမအကြိမ် ဂရန်အင်းများလေလံရောင်းချခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ရောင်းချပေးသွားမည်ဖြစ်**

အဆိုပါ လေလံတင်ရောင်းချပွဲတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့က ၂၀၂၁-၂၀၂၂ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများ၏ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဂရန်အင်းများမှ ငါးထွက်ရှိမှုနှုန်း တိုးတက်လာစေရန် အင်းလေလံဆွဲဝယ်ရရှိသူသည် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း အင်းအတွင်း ငါးမျိုးစိုက်ထည့်ရန်နှင့် လေလံရောင်းချရန်ကျန်ရှိသည့် အင်းများကို မေ ၂၀ ရက်တွင် ဒုတိယအကြိမ် လေလံဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဖြိုးဝေလင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်ထွန်းနှင့် တာဝန်ရှိသူများက ဂရန်အင်းများ လေလံတင်ရောင်းချရာ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ်တလင်းမြို့နယ်အတွင်းရှိ ဂရန်အင်းငါးအင်းရှိသည့်အနက် ပထမအကြိမ်တွင် ဂရန်အင်းလေးခုကို အင်းသားကြီးများထံ ရောင်းချနိုင်ခဲ့ပြီး အင်းခွန်ငွေကျပ် ၅၆၉၀၀၀၀ ကို နိုင်ငံတော်အခွန်ငွေရရှိခဲ့ကြောင်း သိရသည်။

ပေါက်စ

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၉၇၃၀၅ | ၁၅၅၂၅၃၂ | ၄၆၄၉၆ |
| ၂။ | ဖိလစ်ပိုင် | ၁၀၈၀၁၇၂ | ၉၉၉၀၁၁ | ၁၇၉၉၁ |
| ၃။ | မလေးရှား | ၄၂၇၉၂၇ | ၃၉၂၅၅၅ | ၁၆၁၀ |
| ၄။ | မြန်မာ | ၁၄၂၉၀၃ | ၁၃၂၀၀၀ | ၃၂၁၀ |
| ၅။ | ထိုင်း | ၇၆၈၁၁ | ၄၆၇၉၅ | ၃၃၆ |
| ၆။ | စင်ကာပူ | ၆၁၂၈၆ | ၆၀၈၄၄ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၇၆၂၁ | ၆၈၄၃ | ၁၁၄ |
| ၈။ | ဗီယက်နမ် | ၃၀၃၀ | ၂၅၆၀ | ၃၅ |
| ၉။ | လာအို | ၁၁၇၇ | ၁၀၁ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၈ | ၂၁၈ | ၃ |

## ဂီတမှာန်နွေရာသီတေးသီချင်းများ ဖျော်ဖြေပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြသမည်

**နေပြည်တော် မေ ၆**

ဂီတမှာန်နွေရာသီတေးသီချင်းများဖျော်ဖြေပွဲ၏ ပွဲစဉ်(၂)ကို မေ ၇ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် ကေတုဝင်းထွဋ်၊ မောင်မောင်အေး (အလင်္ကာ ဝတ်ရည်)၊ တက္ကသိုလ် လဲ့လဲ့၊ ယဉ်ဝေယံထွန်း၊ အိအိချွန်၊ ရဲရင့်ဝေလွင်၊ ဝိုင်းလမင်းအောင်နှင့် စိုးသန်းထွဋ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်ခဲ့မှုကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် မေ ၆**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၅) ကို မေ ၇ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၅)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ ၇ ရက် နှင့် မေ ၈၊ ၉ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ ကြက်ခြေနီနေ့ ဂုဏ်ပြုဆောင်းပါး

# ကြက်ခြေနီအစ ဟင်နရီဒူးနန့်က

**လေးဝတီကျော်**

မေလ ၈ ရက်နေ့သည် နိုင်ငံတကာကြက်ခြေနီနေ့ ဖြစ်သည်။ ကြက်ခြေနီကို စတင်တည်ထောင်ခဲ့သူ ဟင်နရီဒူးနန့်ကို ၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မွေးဖွားခဲ့သည်။ သူငယ်စဉ်ဘဝကြီးပြင်းလာသော ပတ်ဝန်းကျင်သည် ဒုက္ခရောက်သူများအား ကူညီရန်၊ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရန် အားပေးလှုံ့ဆော်ခဲ့သည့် ပတ်ဝန်းကျင်ဖြစ်သည်။ ဒူးနန့်သည် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အယ်လ်ဂျီးရီးယားတွင် ဂျုံစက်များတည်ထောင်ရန် ကြိုးပမ်းခဲ့သည်။ လိုအပ်သည့် ဂျုံစိုက်မြေကေများ ရရှိရေးအတွက် တတိယမြောက် နပိုလီယံနှင့်တွေ့ဆုံရန် သွားရောက်ခဲ့ရာ အီတလီမြောက်ပိုင်း လွမ်းဘာဒီဒေသရှိ ဆိုဖာရီနိုစစ်မြေပြင်သို့ ရောက်ရှိခဲ့သည်။

၁၈၅၉ ခုနှစ် ဇွန်လ၂၄ ရက်နေ့ ညနေပိုင်း အချိန်တွင် ဖြစ်သည်။ ဩစတြီးယားစစ်တပ်များကို ခုခံတိုက်ခိုက်နေသော အီတလီနှင့် ပြင်သစ်တပ်များ၏ ၄၈ ရက်ကြာမျှ တိုက်ခိုက်ခဲ့ကြသော ဆိုဖာရီနိုစစ်မြေပြင်တွင် ကျဆုံးသော၊ ဒဏ်ရာရသော၊ သေလုမြောပါးခံစားနေကြရသော စစ်သားလေးသောင်းကျော်ကို ဟင်နရီဒူးနန့်သည် မျက်မြင်ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည်။ ထိုစဉ်ကာလက စစ်တိုက်နေကြသော စစ်သားများနှင့်အတူ ဆေးဝန်ထမ်းများလည်း တစ်ပါတည်းလိုက်ပါလေ့ မရှိကြခြင်းကြောင့် ပြုစုကုသမည့်သူများလည်း မရှိပေ။

“ကျွန်တော်တို့ဟာ နိုင်ငံတော်အတွက် အသက်ကိုပဓာနမထားဘဲ တိုက်ခိုက်နေကြပေမယ့် အခုလို ဒဏ်ရာရပြီး သေလုမျောပါးဖြစ်နေချိန်မှာ ကျွန်တော်တို့ကို ဘယ်သူကမှ မပြုစု၊ မစောင့်ရှောက်ကြဘူး” ဟူသော ဒဏ်ရာရစစ်သည်များ၏ ညည်းတွားသံကို နားဖြင့်ဆတ်ဆတ်ကြားလိုက်ရသည့် ဟင်နရီဒူးနန့်သည် ကြီးစွာသော စိတ်ထိခိုက်ခြင်းကို ခံစားခဲ့ရသည်။ ဆိုဖာရီနိုစစ်မြေပြင်မှ ဒဏ်ရာရ စစ်သားများ၏ မြင်ကွင်းအတွေ့အကြုံသည် မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

**ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကူညီစောင့်ရှောက်**

ဟင်နရီဒူးနန့်သည် ရွာနီးချုပ်စပ်ရှိ ရပ်သူရွာသားများကို စည်းရုံးခေါင်းဆောင်ပြီး ဒဏ်ရာရရှိသည့် စစ်သားတိုင်းကို ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကူညီစောင့်ရှောက်ခဲ့သည်။ မိမိ၏ မူလရည်မှန်းချက်ဖြစ်သော အယ်လ်ဂျီးရီးယားတွင် မြေကေများရရှိရန် စီးပွားရေးလုပ်ငန်းကိစ္စကို လုံးဝ ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဒဏ်ရာရ လူနာစစ်သည်များကို ကူညီစောင့်ရှောက်ရင်းဖြင့် အချိန်ကုန်လွန်လာခဲ့သည်။

ဆိုဖာရီနိုစစ်မြေပြင်တွင် မြင်ခဲ့၊ ကြားခဲ့ ကူညီဆောင်ရွက်ရသမျှသော အဖြစ်အပျက် အတွေ့အကြုံများသည် ဒူးနန့်၏ စိတ်တွင် အမြဲထင်ဟပ်လျက် ရှိခဲ့သည်။ မိမိတို့နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ခဲ့ကြသည့် စစ်သည်များ တိုက်ပွဲတွင် ဒဏ်ရာရရှိကြသည့်အခါ ယင်းတို့ကို အချိန်မီပြုစုစောင့်ရှောက်ရန် လိုအပ်ကြောင်းနှင့် ထိုသို့ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံတိုင်းတွင် ယင်းတို့ကို ကူညီစောင့်ရှောက်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းထားသင့်ကြောင်း လှုံ့ဆော်ရန်အတွက် ဒူးနန့်သည် ဆိုဖာရီနိုသတိရဖွယ် အမည်ရှိစာအုပ်တစ်အုပ်ကို မူရင်းပြင်သစ်ဘာသာဖြင့် ရေးသားပြုစုလျက် ၁၈၆၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများထံ ၎င်းစာအုပ်ကို ပေးပို့ပြီး ထင်မြင်ချက်များ၊ အကြံဉာဏ်များတောင်းခံခဲ့ကာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လှုံ့ဆော်ကြိုးပမ်းခဲ့သည်။

ဆိုဖာရီနိုသတိရဖွယ် မှတ်တမ်းစာအုပ်ပါ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတကာ စုစည်းလှုပ်ရှားမှုများ လုပ်ဆောင်ရန်အတွက် ၁၈၆၃ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ဟင်နရီဒူးနန့်သည် ယင်းအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ ၁၈၆၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဂျီနီဗာတွင် နိုင်ငံတကာဆွေးနွေးပွဲကြီးတစ်ရပ် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး စစ်မြေပြင်၌ စေတနာ့ဝန်ထမ်းသူနာပြုစုသူများ ပေါ်ပေါက်လာကာ လူနာများကို ပြုစုစောင့်ရှောက်သည့်အခါတွင် ယင်းတို့သည် မည်သည့်ဘက်သို့မျှ မလိုက်ကြောင်း၊ ထင်ရှားသော ကြားနေအမှတ်အသားတစ်ခုအဖြစ် အသိအမှတ်ပြုရန် လိုအပ်လာသဖြင့် အဖြူရောင်နောက်ခံ ကြက်ခြေနီအမှတ်အသားကို အားလုံး တညီတညွတ်တည်း ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

ကြက်ခြေနီအတွေးအခေါ်နှင့် ယင်းလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သူ ဟင်နီရီဒူးနန့်သည် ဆွစ်ဇာလန်နိုင်ငံသား ဆွစ်လူမျိုးဖြစ်ခြင်းနှင့် ကြက်ခြေနီနိုင်ငံတကာအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ခြင်းတို့ကြောင့် ဆွစ်ဇာလန်နိုင်ငံအလံကို အဖြူရောင်နောက်ခံ ကြက်ခြေနီအမှတ်အသားအဖြစ် အရောင်ပြောင်းလဲ သတ်မှတ်အတည်ပြုရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။ ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့ကို ၁၈၈၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(International Committee of the Red Cross–I.C.R.C) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

၁၈၆၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် သဘောတူဆုံးဖြတ်ချက်အရ ပေါက်ဖွားလာခဲ့သော ကြက်ခြေနီသည် ယနေ့တိုင် ကမ္ဘာအနှံ့ ကျယ်ပြန့်စွာ လူမှုရေး၊ ကယ်ဆယ်ရေး၊ ကျန်းမာရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်းများဖြင့် လုပ်ဆောင်လျက်ရှိသည့် ကြက်ခြေနီပင်ဖြစ်သည်။

**လခြမ်းနီ အမှတ်အသား**

ကြက်ခြေနီ အမှတ်အသားနှင့် အနက်အဓိပ္ပာယ်တူညီသော အခြားအမှတ်အသားအဖြစ် လခြမ်းနီ အမှတ်အသားကိုလည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီက သဘောတူခွင့်ပြုထားသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုသည် ကြက်ခြေနီအမှတ်အသားကို အသုံးပြုလျက်ရှိကြပြီး အစ္စလာမ်ဘာသာကိုးကွယ်သော နိုင်ငံများတွင်မူ လခြမ်းနီအမှတ်အသားကို အသုံးပြုလျက်ရှိကြသည်။ ယခင် ဆိုဗီယက်ပြည်ထောင်စု ယခုရုရှားနိုင်ငံတွင်ကား ကြက်ခြေနီနှင့် လခြမ်းနီ အမှတ်အသားနှစ်မျိုးစလုံးကို ပြည်နယ်များအလိုက် အမျိုးမျိုး သတ်မှတ်အသုံးပြုလျက်ရှိကြသည်။

ဟင်နရီဒူးနန့်အား ၎င်း၏ လူသားအကျိုးပြုလုပ်ဆောင်ချက်များကြောင့် နိုင်ငံအသီးသီးမှ ဂုဏ်ပြုဆုတံဆိပ်များ အများအပြားချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ၁၉၀၁ ခုနှစ်တွင် ပထမဆုံး ငြိမ်းချမ်းရေးနိုဗယ်ဆုကြီးကို မိမိ၏ မိတ်ဆွေစစ်ဆန့်ကျင်ရေးသမားကြီး ဖရက်ဒရစ်ပတ်စီနှင့်အတူ ပူးတွဲရွေးချယ်ချီးမြှင့် ပေးအပ်ခြင်းခံခဲ့ရသည်။ ငြိမ်းချမ်းရေးနိုဗယ်ဆုကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် ၁၉၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၄၄ ခုနှစ်တွင် တစ်ကြိမ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် ကြက်ခြေနီအသင်းများသမဂ္ဂ ပူးပေါင်း၍ ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ် လက်ခံရရှိခဲ့သည်။

ကြက်ခြေနီ စတင်တည်ထောင်ခဲ့သူ ဟင်နရီဒူးနန့်သည် ၁၉၁၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဟေဒင်မြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပြီး ဖြစ်သည်။ လူပင် သေသော်လည်း သူ၏ ဂုဏ်သတင်းနှင့် သူမျိုးစေ့ချခဲ့သော လူသားအကျိုးပြု ကြက်ခြေနီလုပ်ငန်းသည်ကား ယနေ့တိုင် ရှင်သန်လျက်ရှိနေပေသည်။ ဆိုဖာရီနိုစစ်မြေပြင်မှ သန္ဓေတည်ခဲ့သော လူမှုရေးလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ(I.C.R.C) အနေဖြင့် ပထမကမ္ဘာစစ်ကြီးတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးတွင် လည်းကောင်း အရှိန်အဟုန်ဖြင့် လူသားအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့အပြင် ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ ရောဂါဘေးနှင့် စစ်ဘေးဒုက္ခများတွင် ကြက်ခြေနီ အခြေခံသဘောတရားများနှင့်အညီ လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြသည်။ ဤ လူမှုရေးလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် စတင်ဆောင်ရွက်ခဲ့သူကား ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့် ပင်တည်း။ ။

**ကျမ်းကိုး-**

**နိုင်ငံတကာကြက်ခြေနီကော်မတီထုတ် မှတ်တမ်းမှတ်ရာများ**




**ဆိုဖာရီနိုစစ်မြေပြင်မှ သန္ဓေတည်ခဲ့သော လူမှုရေးလုပ်ငန်းများသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(I.C.R.C) အနေဖြင့် ပထမကမ္ဘာစစ်ကြီးတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးတွင် လည်းကောင်း အရှိန်အဟုန်ဖြင့် လူသားအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ထို့အပြင် ရေဘေး၊ မီးဘေး၊ ငလျင်ဘေး၊ ရောဂါဘေးနှင့် စစ်ဘေးဒုက္ခများတွင် ကြက်ခြေနီ အခြေခံသဘောတရားများနှင့်အညီ လူသားချင်းစာနာထောက်ထားသောစိတ်ဖြင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြသည်။ ဤ လူမှုရေးလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် စတင်ဆောင်ရွက်ခဲ့သူကား ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့် ပင်တည်း။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများနှင့် ပို့ဆောင်ပေးသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၃) ရပ်ကွက် မြို့ပတ်လမ်းရှိ ဦးအောင်မိုးပိုင်ဆိုင်သည့် ခြံကွက်အတွင်းရှိ ရေကန်အတွင်းမှ ဒိုင်းကာ ခုနစ်ခုကိုလည်းကောင်း၊ ယနေ့နံနက် ၇ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဒယ်ပုတ်ကွင်းကျေးရွာရှိ နိုင်လွင် (ဘ) ဦးမြင့်ဆွေအား ၎င်း၏နေအိမ်၌ လက်လုပ်လေသေနတ် တစ်လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ အဆိုပါကျေးရွာရှိ အောင်ကိုဝင်း (ဘ)ဦးဖုန်းငိုအား ၎င်း၏ နေအိမ်၌ လက်လုပ်လေသေနတ် တစ်လက်နှင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ကျောက်ထု-ဆော သွားကားလမ်းအတိုင်း ကျောက်ထုမြို့မှ ဆောမြို့သို့ ကျော်ဇေယျာလင်း (၂၄)နှစ် (ဘ) ဦးဝင်းမောင်ပါ အမျိုးသား သုံးဦး စီးနင်းလာသော ဆိုင်ကယ်နှစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ လက်လုပ်သေနတ်လေးလက်ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။



(ဝဲမှယာ) တရားခံ ကျော်ဇေယျာလင်း၊ ဝင်းထက်အောင်၊ ဟုန်းမန်

အလားတူ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မြို့မှ မြိတ်သို့ ထွက်ခွာလာသည့် 9M/9344 "ရွှေစင်စကြာ"ခရီးသည်တင် မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်၏ ဝမ်းဗိုက်အတွင်း တင်ဆောင်လာသော ကတ်ထူစက္ကူပုံးဖြင့် ထုပ်ထားသော အလျား နှစ်ပေ၊ အနံ ရှစ်လက်မရှိ Sound Box တစ်လုံးအတွင်းမှ တစ်ပိသာခန့် ယမ်းထုပ်တစ်ထုပ် နှင့် စကားပြောစက် နှစ်လုံးတို့ကို ဝါယာကြိုးဖြင့် ဆက်သွယ်၍ မိုင်းအဖြစ် ပြုလုပ်ထားသည်ကို တွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်းနှင့် အဆိုပါမိုင်းအား သက်မဲ့ပြုလုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူမွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၁)ရပ်ကွက် အနော်ရထာလမ်းရှိ ကျောက်တံတားအောက်မှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်လုပ်သေနတ်ငါးလက်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ချောင်းမကျေးရွာအနီး၌ ဆူပူအကြမ်းဖက်သူ အမျိုးသားတစ်ဦးအား တူမီးသေနတ် နှစ်လက်၊ လက်လုပ်မိုင်းငါးလုံးနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် ပို့ဆောင်ပေးသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကနီမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် စက်လှေအား လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် စက်လှေအား လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

**ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ မေ ၆ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ရေသာရွာသစ်ကျေးရွာနှင့် ကဲထောင့်ကျေးရွာအကြား ချင်းတွင်းမြစ်အတွင်း စက်လှေကွေ့၌ ကနီမြို့နယ်မှ မင်းကင်းမြို့နယ်သို့ လုံခြုံရေးတာဝန် သွားရောက်ထမ်းဆောင်မည့် တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် စက်လှေသည် မြစ်အတွင်း သောင်တင်နေသဖြင့် ဆက်လက်ထွက်ခွာရန် စောင့်ဆိုင်းနေစဉ် မြစ်၏ အနောက်ဘက်ကမ်း ကဲထောင့်ကျေးရွာအနီးရှိ ဒေသအခေါ် မိုဘိုင်းတောင်ပေါ်မှ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀ ခန့်က တူမီးသေနတ်၊ နှစ်လုံးထိုးသေနတ်၊ လက်လုပ်ဗုံးများဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် တူမီး ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်

**နေပြည်တော်  မေ  ၆**

ဆူပူအကြမ်းဖက်သူများအနေဖြင့် တိုင်းဒေသကြီး အချို့ရှိ မြို့နယ်များ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နေကြသော ဝန်ထမ်းများ အပေါ် ခြိမ်းခြောက်သည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ ယာဉ်ရပ်နားစခန်းများအား မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် ကျောင်းဆရာ ဆရာမများ၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးခြင်းကဲ့သို့သော အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။



မိတ္ထီလာမြို့နယ်ရှိ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်းအတွင်း အစည်းအဝေးပြုလုပ်နေသော ကျောင်းဆရာ ဆရာမများ၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးထားစဉ်။

**မီးပုလင်းဖြင့်ပစ်ပေါက်**

ထိုသို့လုပ်ဆောင်ရာ မေ ၅ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက်ရှိ "မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်"အား အကြမ်းဖက်သူအမျိုးသား နှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ် တစ်စီးမှ မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း။

ထို့အတူ ည ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ၇၅ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ "ရွှေမန်းသူ"ယာဉ်ရပ်နားစခန်းအား အကြမ်းဖက်သူအမျိုးသား တစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်မှ မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း။

အလားတူ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကွင်းအမှတ် (၁၅၂၁)တွင် စိုက်ထူထားသော MYTEL တာဝါတိုင်အား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါ တာဝါတိုင်ရှိ Power ကြိုး တစ်ချောင်း၊ Sensor ကြိုး ခြောက်ပေခန့်နှင့် Ground Wire ကြိုး တစ်ချောင်း ခြောက်ပေခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ အကြမ်းဖက်သူများ အသုံးပြုခဲ့သည့် ဂက်စ်ဘူး တစ်ဘူးနှင့် PVC ကော်ပိုက်ခေါင်း တစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီးခဲ့**

အလားတူ ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မိတ္ထီလာမြို့နယ် မယ်ဇလီပင်ကျေးရွာရှိ အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆရာ ဆရာမ ၇၅ ဦး အစည်းအဝေးပြုလုပ်နေစဉ် ဆူပူအကြမ်းဖက်သူအင်အား ၄၀ ခန့်သည် ဆိုင်ကယ်များဖြင့်ရောက်ရှိလာကြပြီး အဆိုပါကျောင်းအား လေးခွ၊ ခဲများဖြင့် ပစ်ပေါက်ကာ ကျောင်းရှေ့တွင် ရပ်ထားသော ဆရာ ဆရာမများ၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ဆိုင်ကယ် သုံးစီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် အကြမ်းဖက်သူများအား ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖

# အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းများ ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော်  မေ  ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက်လမ်း ဗိုလ်ချုပ်ပန်းခြံအတွင်းရှိ Team PT အားကစားခန်းမအတွင်း၌ မေ ၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းများပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



မြတ်ထူးနိုင်(ခ)ကောင်းစည်သူ၊ ဟန်ထူးနိုင်နှင့် မေရတနာလှိုင်တို့အား တွေ့ရစဉ်။

**စမ်းသပ်လုပ်ဆောင်နေစဉ်ပေါက်ကွဲ**

ဖြစ်စဉ်အား စိစစ်ခဲ့ရာ အမှတ်(၄၆) ဥသျှဖရားလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်းမြို့နယ်နေသူ သော်ထူးနိုင်(ခ) ဖိုးသော် (ဘ)ဦးအောင်စိုးသည် ၎င်းပိုင်ဆိုင်သည့် ဗိုလ်ချုပ်လမ်းရှိ Team PT အားကစားခန်းမ၌ အကြမ်းဖက်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်း စမ်းသပ်လုပ်ဆောင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ခန္ဓာကိုယ်အနှံ့ အပြားတွင် လက်လုပ်မိုင်းစ ထိမှန် ဒဏ်ရာများရရှိခဲ့သဖြင့် ည ၁၁ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပမြို့နယ် မေဓာဝီ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဒဏ်ရာရရှိသူအား ဆေးရုံသို့လိုက်ပါပို့ဆောင်သော မော်တော်ယာဉ်အတွင်းမှ အလျား ခြောက်လက်မခန့်၊ အချင်း တစ်လက်မခွဲခန့်ရှိ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးအား တွေ့ရှိရသဖြင့် လိုက်ပါပို့ဆောင်သူ မြတ်ထူးနိုင်(ခ)ကောင်းစည်သူ (ဘ) ဦးအောင်နိုင်၊ ဟန်ထူးနိုင်(ဘ)ဦးအောင်နိုင်နှင့် မေရတနာလှိုင် (ဘ) ဦးဝင်းလှိုင်တို့အား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

**ဆက်လက်ရှာဖွေ**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ Team PT အားကစားခန်းမအတွင်း ဆက်လက်ရှာဖွေခဲ့ရာ CZ 75 Compact ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၁ တောင့်၊ ဒီတိုနေတာ ၅၃ ချောင်း၊ ဓာတ်ငွေ့ကာ နှာခေါင်းစွပ် ခုနစ်ခု၊ ဓာတ်ငွေ့ကာမျက်မှန် ၁၀ ခု၊ PVC ပိုက်(အချင်း ၁ လက်မ၊ အလျား ၈ လက်မခန့်ရှိ) ၂၇ ခု၊ ကော်ဘူး ကိုးဘူး၊ ယမ်းထုပ်ယူထားသော မီးရှူး မီးပန်း အပိုင်းအစများ နှစ်အိတ်၊ မြောက်အလုံး(၁၀၀ ပါ) အထုပ် ၁၅၀၊ ဝါးညှပ်ခလုတ်(ဓာတ်ခဲပါ) ခုနစ်ခု၊ အမိုနီယမ်နိုက်ထရိတ် ၅၀ ကျပ်သား၊ ကန့် ၅၀ ကျပ်သား၊ ယမ်းကြိုးအပိုင်းအစ တစ်ထုပ်၊ ယမ်းညှင်းမှုန့် နှစ်ဘူး၊ ယမ်းချိန်ခွက် နှစ်ခွက်၊ ယမ်းနှင့်သံဘောစေ့များ ရော၍ ထည့်ထားသော စက္ကူဖာ(အသေး) တစ်ဖာ၊ We Don't Accept စာတန်းပါ ကတ်ထူပြား ၁၅ ခု၊ တူ သုံးလက်၊ ရဲတင်းအသေး တစ်လက်၊ ဘဏ်စာအုပ် ကိုးအုပ်၊ ATM ကတ် ၁၁ ကတ်၊ နိုင်ငံကူးစာအုပ် ကိုးအုပ်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားမဝင် အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ထင်ပေါ်ကျော်ကြားသူအချို့သည်လည်း ၎င်းတို့၏ထင်ပေါ်ကျော်ကြားမှုကို အသုံးချ၍ ပြည်သူလူထုအား အကြောက်တရားများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုများကို ပြုလုပ်ခြင်း၊ ပြုလုပ်ရန် ဆောင်ရွက်ခြင်းများရှိသည့်အတွက် အပြစ်မဲ့ပြည်သူအချို့ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း၊ နေ့စဉ်လူမှုစီးပွားဘဝများ ထိခိုက်ရခြင်းများရှိသဖြင့် ပြည်သူလူထုအနေဖြင့် ၎င်းအကြမ်းဖက်သမားများနှင့် အကြမ်းဖက်လုပ်ရပ်များ အပေါ် ဆန့်ကျင်လျက်ရှိသည်။

**ထိရောက်စွာအရေးယူနိုင်ရေး**

အဆိုပါ အကြမ်းဖက်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝိုင်းမော်မြို့နယ်နှင့် ဗန်းမော်မြို့အတွင်း KIA အဖွဲ့က အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်

**နေပြည်တော်  မေ  ၆**

ကချင်ပြည်နယ် ပန်ဝါမှ စက်သုံးဆီပို့ဆောင်ပြီး ဝိုင်းမော်မြို့သို့ ပြန်လည်ထွက်ခွာလာသည့် ဟိန်းအောင် စက်သုံးဆီကုမ္ပဏီမှ ၁၂ ဘီးယာဉ် ဆီဘောက်ဆာ သုံးစီးအား မေ ၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာ၏ အနောက်ဘက် မီတာ ၇၀၀ ခန့်အကွာသို့ အရောက်၌ KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ယာဉ်မောင်း စိုင်းထက်အောင်တွင် လက်နက်ငယ် ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဆီဘောက်ဆာ သုံးစီး၏ ရှေ့လေကာမှန်များ၊ ယာဉ် ကိုယ်ထည်များနှင့် ဘီးများတွင် လက်နက်ငယ်ကျည်များ ထိမှန်ပျက်စီးကာ မော်တော်ယာဉ်တစ်စီးအား KIA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ကျည်ထိမှန် ဒဏ်ရာရရှိသူအား ဝိုင်းမော်မြို့နယ် မွန်မြတ်စေတနာ နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ဖြင့် ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ၎င်းမှတစ်ဆင့် တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်စဉ် စိုင်းထက်အောင်မှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ ဗန်းမော်မြို့ရှိ နယ်မြေခံတပ်သို့ မေ ၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် KIA အဖွဲ့က ရွှေကျီးနားရပ်ကွက်၏ အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာရှိ တောင်ကုန်းပေါ်မှ ၁၀၇ မမ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ ရှော့တိုက်ဒုံးမှာ ရွှေကျီးနားရပ်ကွက်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံး၌ သွပ်အမိုးနှင့် ထရံများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နယ်မြေများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

လူသားတို့၏
ကျန်းမာရေး
အိုဇုန်းလွှာကို
ထိန်းသိမ်းပေး

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## မီးပင်လယ်ကိုဖြတ်၍ ဝေဒနာတောင်တန်းများကို ဖြတ်ကျော်ခဲ့သူ သားဖွားဆရာမ ဒေါ်သိန်းရီ

လင်းအောင်

**သောင်သွပ်ကျေးရွာမီး**

အချိန်ကာလ – ၁၉၉၅ ခုနှစ် ဧပြီလ ၂ ရက်နေ့။

နွေရာသီနေ့လယ်ပိုင်းအချိန်အခါဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ရှိ သောင်သွပ်ကျေးရွာသည် ပူပြင်းခြောက်သွေ့နေချိန်ဖြစ်သည်။ သောင်သွပ်တိုက်နယ် ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်သိန်းရီသည် မိမိနေထိုင်ရာ တောင်ပိုင်းရပ်ကွက်ရှိ မိတ်ဆွေဖြစ်သူ၏နေအိမ်သို့ ပရိတ်ရွတ်ရန် ထွက်ခွာလာခဲ့သည်။ မိတ်ဆွေဖြစ်သူ နေအိမ်ရောက်ချိန်တွင် ပရိတ်ဒေသနာတော်များ ပူဇော်နေကြပြီဖြစ်ရာ မီရာနေရာမှလိုက်၍ ပရိတ်ရွတ်ဖတ်ပူဇော်ခဲ့လေသည်။

ပရိတ်ရွတ်နေကြစဉ် ညနေ ၃ နာရီခန့်တွင် ဆရာမဒေါ်သိန်းရီနှင့် တစ်ရပ်ကွက်တည်း အိမ်ချင်းကပ်လျက်နေထိုင်သူ ဆေးစပ်ဆရာ ဦးကျင်လျှံ၏ နေအိမ်မှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မိမိတို့ရပ်ကွက် မီးလောင်နေကြောင်း ကြားသိရသည့်အတွက် ပရိတ်အဖွဲ့မှာ လူစုခွဲပြီး မိမိတို့နေအိမ်များရှိရာသို့ ပြန်ကြရာ နေအိမ်တွင် မိမိကလေးငယ်များ ကျန်ရှိခဲ့သည့် ဒေါ်သိန်းရီသည်လည်း အိမ်သို့ အပြေးပြန်လာခဲ့သည်။ ဒေါ်သိန်းရီနေထိုင်ရာ ရပ်ကွက်အတွင်းသို့ ရောက်ရှိပြီး နေအိမ်နှင့်နီးလာသည့်အခါ လမ်းတစ်ဖက်တစ်ချက်ရှိ မီးသင့်အိမ်များတွင် လောင်ကျွမ်းနေသောမီးအရှိန်မှာ မြင့်မားနေပြီဖြစ်သည်။

မီးစတင်လောင်ကျွမ်းသည့် အိမ်နီးချင်းမိတ်ဆွေဖြစ်သူ ဆေးစပ်ဆရာဦးကျင်လျှံ၏နေအိမ်သို့ လှမ်းကြည့်လိုက်သည့်အခါ မီးတောက်များ တဟုန်းဟုန်း လောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရ၏။ တစ်အိမ်လုံး လောင်ကျွမ်းလျက်ရှိသည့် မီးလောင်အိမ်အနီး “အိမ်ထဲမှာ မီးမီးကျန်ထားပြီ၊ ကယ်ကြပါဦး” ဟူသော အော်ဟစ်နေသံများကြောင့် သေချာစွာကြည့်လိုက်သည့်အခါ ချင်းတိုင်းရင်းသား မိတ်ဆွေ ဦးကျင်လျှံ၏ တူမဖြစ်သူ အသက် ၈ နှစ်အရွယ် သမီးငယ်လေး မီးမီး ခေါ် အိုဇီလျှံဖြူစင်သန့်၏ ငိုသံနှင့်အတူ ကလေးငယ်မှာ မီးတောက်များအကြား ထွက်ပေါက်မရှိဖြစ်နေသည်ကို တွေ့လိုက်ရပြန်သည်။

**မီးလျှံအတွင်း ဖြတ်သန်းရန် တဒင်္ဂဆုံးဖြတ်ချက်**

ဆရာမဒေါ်သိန်းရီသည် မီးလောင်အိမ်ရှေ့တွင် ရုတ်တရက် ရပ်တန့်လျက်လှမ်းကြည့်ရင်း မီးတောက်များအကြား ပိတ်မိနေသော ကလေးငယ်အား သူကယ်တင်မှဖြစ်တော့မည်ဟု စဉ်းစားဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်ပြီးသည်နှင့် တဒင်္ဂအတွင်း အရှိန်ပြင်းစွာ လောင်ကျွမ်းနေသော မီးတောက်မီးလျှံများကြောင့် သူကိုယ်တိုင် အသက်အန္တရာယ် ကျရောက်နိုင်သည်ကို မမှုတော့ဘဲ မြန်မာတိုင်းရင်းသူ ရှမ်းနီအမျိုးသမီးတစ်ဦး၏ မိခင်နှလုံးသား၊ ဘေးဒုက္ခကျရောက်နေသူတို့အပေါ်ထားရှိသည့် ကျန်းမာရေးဝန်ထမ်းကောင်းတို့၏ ကရုဏာစိတ်ထားတို့မှ မွေးဖွားပေးလိုက်သည့် ရဲစွမ်းသတ္တိ စွမ်းအားအဟုန်တို့ဖြင့် ကလေးငယ်ရှိရာသို့ ဦးတည်လျက် မီးလျှံများအကြား ပြေးဝင်ခဲ့သည်။




(၃၈) ကြိမ်မြောက် ဆုတံဆိပ်ရှင် ဒေါ်သိန်းရီနှင့် ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်အား တွေ့ရစဉ်။

မီးလောင်အိမ်အတွင်း ရောက်သည်နှင့် ဒေါ်သိန်းရီသည် ထိတ်လန့်ငိုကြွေးနေသော သမီးငယ်လေးထံ ချဉ်းကပ်ကာ ပွေ့ဖက်ချီမယူလိုက်သည်။ ထို့နောက် အရှိန်ပြင်းစွာ တောက်လောင်နေသော မီးလောင်အိမ်အတွင်းမှ ကလေးငယ်နှင့်အတူ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် မီးလောင်မှုအနည်းဆုံးဖြစ်မည့် ထွက်လမ်းကို အလျင်အမြန် ရှာဖွေခဲ့သည်။ ထိုသို့ ထွက်လမ်းရှာနေချိန်တွင် ရင်ခွင်ထဲ၌ ကလေးငယ်ကို ထွေးပိုက်ထားသော ဒေါ်သိန်းရီ၏ နောက်ကျော၊ ညာဘက်နားရွက်နှင့်မျက်နှာတို့ကို မီးတောက်များ စတင်မီးစွဲလျက် လောင်ကျွမ်းနေခဲ့ပြီဖြစ်သည်။ မီးအပူရှိန်ပြင်းထန်မှုကြောင့် ဒေါ်သိန်းရီ ဆွဲထားခဲ့သော ဆွဲကြိုးမှာ လည်ပင်းအသားထဲ၌ တစ်ခဏချင်းပင် ကပ်ဝင်သွားခဲ့သည်။

ဒေါ်သိန်းရီသည် ခန္ဓာကိုယ်တွင် မီးစွဲလောင်နေသည်ကို မမှုအားဘဲ မီးလျှံကြားမှ ထွက်လမ်းကို ရှာခဲ့ရာ ထွက်လမ်းများအားလုံးနှင့် တစ်ဖက်တစ်ချက်တွင် မီးတောက်များ အရှိန်ပြင်းစွာ လောင်ကျွမ်းနေ၏။ အသက်သာဆုံးဖြစ်နိုင်မည့်လမ်းနှင့် အနီးဆုံးမျက်နှာစာဘက်သို့ ခုန်ကူးရန်ပင်ခက်ခဲနေ၏။ မတတ်သာသည့်အဆုံး၌ ကလေးငယ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်၍ လမ်းဘက်ကိုပင် ရွေးချယ်ကာ ပြေးထွက်ပြီး မိမိခန္ဓာကိုယ်ကို လမ်းမဘက်သို့ လှိမ့်ချလိုက်သည်။

မီးလောင်အိမ်အပြင်ဘက်တွင် စိုးရိမ်တကြီး စောင့်နေသော ကလေးငယ်၏ ဦးလေးဖြစ်သူ ဦးကျင်လျှံ၏ လက်တွင်းသို့ မိမိကယ်တင်လာခဲ့သည့် တူမလေးကို လှမ်းပေးလိုက်သည်။ ထို့နောက် သားသမီးများရှိရာ မိမိအိမ်ဘက်သို့ ဆက်သွားရန် ခြေလှမ်းလိုက်စဉ်မှာပင် ဦးခေါင်းပိုင်းသာမက ညာဘက်လက်၊ ခန္ဓာကိုယ်၊ ကျောပြင်နှင့် ခြေထောက်တို့ကို မီးစွဲလောင်နေပြီဖြစ်သော ဒေါ်သိန်းရီသည် ဝေဒနာပြင်းထန်မှုကြောင့် သူကယ်တင်လာခဲ့သော ကလေးငယ်နည်းတူပင် သတိလစ်မေ့မြောပြီး လဲကျသွားခဲ့သည်။

**ဝေဒနာတောင်တန်းများ ခရီးအစ**

သောင်သွပ်ရွာသူရွာသားများသည် ကလေးငယ်နှင့် ဒေါ်သိန်းရီ၏ ခန္ဓာကိုယ်တွင် စွဲလောင်နေသော မီးတောက်များကို ဝိုင်းဝန်းငြိမ်းသတ်ပြီး မီးလောင်ပြင်နှင့်ဝေးရာကို သယ်ယူခဲ့ကြရသည်။ နွေရာသီဖြစ်၍ မီးငြိမ်းရန် ခက်ခဲမှုကြောင့် အရှိန်ပြင်းစွာ တောက်လောင်နေသော မီးလျှံများသည် သောင်သွပ်တစ်ရွာလုံးနီးပါးကို ဝါးမျိုသွားခဲ့ရာ ရွာအနီး နမ့်သညစ်ချောင်း၏ တစ်ဖက်ကမ်းသို့ပင် မီးအရှိန်ဟပ်ခဲ့သည်။ မီးလောင်မှုကြောင့် သောင်သွပ်ကျေးရွာ ရွာသူရွာသားများသည် မြောက်ဘက် တစ်မိုင်ကျော်ဝေးသည့် နန်းသညစ်ရွာအထိ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

မီးလောင်ဒဏ်ရာများဖြင့် သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသော ဆရာမဒေါ်သိန်းရီကို ဖောင်းပြင်သို့ စက်လှေဖြင့် သယ်ယူလာခဲ့ကြပြီး ဖောင်းပြင်ဆေးရုံတွင် အရေးပေါ် ဆေးကုသခဲ့ကြရသည်။ ဒေါ်သိန်းရီ ကယ်တင်ခဲ့သောကလေးငယ်မှာ မီးလောင်ပြင်အတွင်းမှ အသက်ရှင်လွတ်မြောက်လာခဲ့သော်လည်း မီးလောင်ဒဏ်ရာများ ပြင်းထန်မှုကြောင့် ကယ်တင်လာခဲ့ပြီး ၂ နာရီကျော်ခန့်အကြာတွင် အသက်ဆုံးရှုံးခဲ့ရသည်။ ဒေါ်သိန်းရီကိုယ်တိုင်မှာလည်း မီးလောင်ဖုများကြောင့် အရေပြားများတွဲကျကာ ညာဘက်ပခုံးနှင့် ညာဘက်လက်ပြင်တို့မှာ ပူးကပ်သွားခဲ့သည်။ ညာဘက် နားမှာ မီးလောင်ကျွမ်းသွားခဲ့ပြီး ညာဘက် လက်မောင်းနှင့် လက်ဖျံမှာ ပူးကပ်နေကာ တံတောင်ဆစ်မှာလည်း ဖြောင့်၍မရဘဲ ကွေးသွားခဲ့သည်။

မီးလောင်ဒဏ်ရာများ ပြင်းထန်စွာ ရရှိထားသော ဒေါ်သိန်းရီကို ဖောင်းပြင်ဆေးရုံတွင် ၁၉၉၅ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ အရေးပေါ်ကုသပေးခဲ့ပြီးနောက် ဧပြီလ ၁၂ ရက်နေ့တွင် မုံရွာမြို့ အထွေထွေပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်းကုသပေးခဲ့သည်။ မုံရွာဆေးရုံကြီးသို့ ရောက်ရှိချိန်အထိ ဒေါ်သိန်းရီ၏ မျက်လုံးများမှာ ဖွင့်မရနိုင်သေးသည့်အပြင် အစာစားနိုင်ခြင်း မရှိသေးသည့်အတွက် ဆေးရည်များ၊ အကြောဆေးများကို ပိုက်ဖြင့်သွင်းကာ ကုသခဲ့ရသည်။ မီးလောင်ကျွမ်းနေသည့် အိမ်အတွင်းမှ ကလေးငယ်ကို ကယ်ဆယ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် မီးလျှံများအကြား ဝင်ရောက်ခဲ့စဉ်မှစ၍ သားသမီးခြောက်ဦး၏ မိခင်တစ်ဦးလည်းဖြစ်သော ဆရာမ ဒေါ်သိန်းရီအတွက် မီးလောင်ဒဏ်ရာများကြောင့် ရရှိခဲ့သော ကာယိကဆင်းရဲမှု ဝေဒနာတောင်တန်းများကို ဖြတ်ကျော်နေခဲ့ရသည့် ခက်ခဲသောနေ့ရက်များပင်ဖြစ်သည်။

ကရုဏာရှင် လူမှုသူရဲကောင်း သားဖွားဆရာမ ဒေါ်သိန်းရီကို မုံရွာဆေးရုံကြီးရှိ ဆရာဝန်ကြီးများ၊ ဆရာမများက ဂရုတစိုက် ကြပ်မတ်ကုသပေးခဲ့ရာ အသက်ဘေးမှ လွတ်မြောက်လာခဲ့၍ ဆေးရုံတက်ပြီး ၁၀ လအကြာတွင် ဒေါ်သိန်းရီ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခဲ့သည်။ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဒေါ်သိန်းရီကို မုံရွာအထွေထွေဆေးရုံမှတစ်ဆင့် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်၍ မီးလောင်ဒဏ်ရာကြောင့် လည်ပင်းအကြောကပ်သွားခြင်း၊ လက်လှုပ်ရှားရန် ခက်ခဲခြင်းတို့ကို ပလတ်စတစ်ဆာဂျရီနည်းဖြင့် အစားထိုးကုသခဲ့ရာ တစ်လအကြာတွင် လက်များပြန်လည်လှုပ်ရှားလာနိုင်ခဲ့၍ မီးလောင်ပြင်အတွင်း ဒဏ်ရာရရှိပြီး တစ်နှစ်အကြာ ၁၉၉၆ ခုနှစ် ဧပြီလတွင် မိခင်ဌာနဖြစ်သော သောင်သွပ်တိုက်နယ်ဆေးရုံသို့ ပြန်လည်သတင်းပို့အလုပ်ဝင်နိုင်သည်အထိ ကျန်းမာရေးအခြေအနေ တိုးတက်လာခဲ့ပါသည်။

၁၉၉၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ မေလ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ထပ်မံတက်ရောက်ခဲ့ရပြီး အမေရိကန်ပြည်ထောင်စု ဆေးပညာရှင်များနှင့် မြန်မာသမားတော်ကြီးများ၊ ဆေးပညာရှင်များ ပူးပေါင်း၍ ဒေါ်သိန်းရီ၏ပြင်းထန်မီးလောင်ဒဏ်ရာများကို ပိုမိုကောင်းမွန်လာစေရန် ကုသမှုများဆောင်ရွက်ပေးခဲ့ပါသည်။ (ဆက်လက်ဖော်ပြပါမည်)

**“အရှိန်ပြင်းစွာလောင်ကျွမ်းနေသော မီးတောက်မီးလျှံများကြောင့် သူကိုယ်တိုင် အသက်အန္တရာယ်ကျရောက်နိုင်သည်ကို မမှုတော့ဘဲ မြန်မာတိုင်းရင်းသူ ရှမ်းနီအမျိုးသမီးတစ်ဦး၏ မိခင်နှလုံးသား၊ ဘေးဒုက္ခကျရောက်နေသူတို့အပေါ်ထားရှိသည့် ကျန်းမာရေးဝန်ထမ်းကောင်းတို့၏ ကရုဏာစိတ်ထားတို့မှ မွေးဖွားပေးလိုက်သည့် ရဲစွမ်းသတ္တိစွမ်းအားအဟုန်တို့ဖြင့် ကလေးငယ်ရှိရာသို့ ဦးတည်လျက် မီးလျှံများအကြား ပြေးဝင်လာခဲ့သည်”**

❖ (၃၁) ကြိမ်မြောက်မှ

အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးတို့သည် မေ ၄ ရက် နံနက် ၈ နာရီတွင် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံတွင် လက်ရွေးစင်လက်ဝှေ့အားကစားသမားများ လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအတွင်း လက်ရွေးစင်ပြေးခုန်ပစ်အားကစားသမားများ လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးဘောလုံးကွင်း(၃)တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသမီးဘောလုံးအသင်း လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ လေ့ကျင့်ရေးဝတ်စုံ၊ လေ့ကျင့်ရေးအထောက်အကူပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိအလေးမအားကစားရုံတွင် လက်ရွေးစင် အလေးမ အားကစားသမားများ လေ့ကျင့်ကစားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံအတွင်း လက်ရွေးစင်ဝူရှူးအားကစားသမားများ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘိလိယက်အားကစားခန်းမ၌ လက်ရွေးစင်ဘိလိယက်အားကစားသမားများ လေ့ကျင့်ကစားနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်းအားကစားရုံ၌ လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ လက်ရွေးစင်အမျိုးသား ဘော်လီဘောအားကစားသမားများ လေ့ကျင့်ကစားနေမှုများကို လည်းကောင်း၊ နေပြည်တော် မြားပစ်အားကစားကွင်းတွင် လက်ရွေးစင်မြားပစ်အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများ ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စိတ်ဓာတ်မြှင့်တင်အားပေးကာ အားကစားသမားများ လေ့ကျင့်ရန် လိုအပ်လျက်ရှိသော လေ့ကျင့်ရေးအထောက်အကူပစ္စည်းများ၊ အခြားအုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နံနက် ၁၁ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာ၌ မြန်မာ့လက်ရွေးစင် အားကစားသမားများ နေ့လယ်စာစားသုံးနေမှုများနှင့် ညစာချက်ပြုတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

သတင်းစဉ်

✻ ချန်ပီယံလိဂ်မှ

ချယ်လ်ဆီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၂၈ မိနစ်မှာ တီမိုဝါနာနဲ့ ပွဲကစားချိန် ၈၅ မိနစ်မှာ မာဆင်မောင့်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ သွင်းဂိုးလေးဂိုးအထိ ရရှိနိုင်မယ့် အခွင့်အရေးရှိခဲ့ပေမယ့် ကန်တီနဲ့ ဟာဗာ့ဇ်တို့ရဲ့ သွင်းဂိုးတွေကို ရီးယဲလ်မက်ဒရစ်ဂိုးသမား ကော်တိုရစ်က ကာကွယ်နိုင်ခဲ့တာမို့ နှစ်ဂိုးပြတ်ဆိုတဲ့ ရလဒ်နဲ့သာ ချယ်လ်ဆီးအသင်း ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကို တတိယအကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တို့မှာ ဗိုလ်လုပွဲတက်ခဲ့တာဖြစ်ပါတယ်။ ပရီမီယာလိဂ်ကလပ်အသင်းတွေထဲမှာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အများဆုံးတက်လှမ်းခွင့်ရရှိခဲ့တာကတော့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို လေးကြိမ်အထိ တက်လှမ်းထားနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ တူချယ်ကတော့ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့တာကြောင့် မတူညီတဲ့ကလပ်အသင်း နှစ်သင်းနဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် တက်လှမ်းနိုင်ခဲ့တဲ့ ပထမဆုံးနည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

နောက်ဆုံးဗိုလ်လုပွဲမှာ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုဟာ ချန်ပီယံလိဂ်သမိုင်းမှာ အင်္ဂလန်ကိုယ်စားပြုအသင်းနှစ်သင်း သုံးကြိမ်မြောက်ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်က ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်း၊ ၂၀၁၉ ခုနှစ်က လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ အသီးသီးတွေ့ဆုံခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၂၉ ရက်မှာ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပသွားမှာဖြစ်ပါတယ်။

ငွေကြယ်

**အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၁၃၆၅)နေ ဒေါ်ဟေမာဝင်း[၉/ငဇန(နိုင်)၀၈၉၁၈၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တရားဝင်ပိုင်ဆိုင်သော ယာဉ်အမှတ်(1F-1365), HONDA FIT GE-(6), STATION WAGON (4x2)(R), MODEL YEAR-2009, GRAY COLOUR မော်တော်ယာဉ်အား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး လျှောက်ထားခြင်းတို့ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဟေမာဝင်း**
**[၉/ငဇန(နိုင်)၀၈၉၁၈၆]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၄၈၀၁၂/၂၀၁၆)**
**LL.B,D.B.L,D.I.P.L,D.M.L,**
**D.C.W.E,DL-101(WIPO-Switzerland)**
**Ph:09-421123477,09-260087755**

**ဒေါ်နန်းသဲသဲဖြူ (၁၂/သဃက (နိုင်) ၀၄၁၄၁၄)နှင့် အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၁၁)တွင်နေထိုင်သူ ဒေါ်သွန်းသွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်နန်းသဲသဲဖြူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်း(အရှေ့) ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိတိုက်အမှတ် (A 3)၊ အခန်းအမှတ် (၂၀၇)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွန်းသွန်းသည် ဒေါ်နန်းသဲသဲဖြူ (၁၂/သဃက (နိုင်) ၀၄၁၄၁၄) ထံမှ ဝယ်ယူ လက်ရောက်ရရှိခဲ့သော အခန်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှပင် လက်ဝယ်ထားရှိနေထိုင် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော အခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ခင်မာဆွေ LL.M**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၇၉၈)
တိုက်အမှတ်- ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၅၀၃၇၉၇၄

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်၁၉၅/ခ၊ မြေရိယာ (အလျား၂၁ပေxအနံ ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ချိုချိုသန်း [၁၂/ဥကတ(နိုင်)၀၅၄၅၅၉] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် အမည်ပေါက် လက်ရှိထားနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းအဆိုပြုသူ ဒေါ်ချိုချိုသန်း [၁၂/ဥကတ(နိုင်)၀၅၄၅၅၉]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေကပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်လိုသူမည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံစာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် ၂၀၁၈၅) (၂၇-၅-၉၄)**
**အမှတ် (၇၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**
**ဖုန်း ၀၉-၇၃၀၃၅၇၄၉၊ ၀၉-၄၄၃၀၃၅၇၄၉**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ်(၆၄၀/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x ၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (Hall) (၆)ထပ်တိုက်အဆောက်အဦ၏ ဒုတိယထပ်(၃)လွှာဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်မေဇော်ဦး [၁၂/ဥကတ(နိုင်)၀၇၉၈၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါတိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွန့်ညွန့်သန်း (LLB,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၈၁၉)**
**အမှတ် (၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09 401526880, 09 260983331**

## အနုပညာ



# အစ်မရဲ့ မင်္ဂလာပွဲကို တက်ရောက်ခဲ့တဲ့ ဂျေဟုတ်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုတ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အစ်မရဲ့ မင်္ဂလာပွဲကို တက်ရောက်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ မင်္ဂလာပွဲကို မေ ၅ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး ယင်းအခမ်းအနားမှာ ဂျေဟုတ်ကို ယခင်မြင်နေကျမဟုတ်တဲ့ ရွှေရောင်ဆံပင်တွေနဲ့ တွေ့ခဲ့ရပါတယ်။ မင်္ဂလာပွဲမှာ တွေ့မြင်ရတဲ့ ဂျေဟုတ်ရဲ့ ဓာတ်ပုံတွေကို ပရိသတ်တွေက လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အဆိုပါ မင်္ဂလာအခမ်းအနားမှာ ဂျေဟုတ်က သူ့ဖခင်ကိုယ်စား မင်္ဂလာဂုဏ်ပြုစကား ပြောကြားပေးခဲ့ရာ သူ့ရဲ့ အစ်မမှာ မျက်ရည်ပင်ကျခဲ့ရကြောင်း မင်္ဂလာပွဲကို တက်ရောက်ခဲ့သူ ပါမောက္ခတစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဂျေဟုတ်ရဲ့အစ်မ ဂျန်ဂျီဝူးရဲ့ မင်္ဂလာအခမ်းအနားကို ဂန်းနန်းမှာ ပြုလုပ်ခဲ့တာဖြစ်ပြီး မိသားစုဝင်တွေနဲ့ အိမ်နီးချင်းတွေ တက်ရောက်ခဲ့ကြကြောင်းလည်း သိရပါတယ်။

# ယုကီရဲ့ တစ်ကိုယ်တော်တေးသီချင်း A Page

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ (G)I-DLE ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယုကီဟာ မကြာသေးမီက သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်း ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာ အဆိုပါ တေးသီချင်းအမည်နဲ့ တေးသီချင်းအတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်အရ သိရပါတယ်။

မေ ၆ ရက်မှာ ယုကီရဲ့ ပွဲဦးထွက် တစ်ကိုယ်တော်တေးသီချင်းနဲ့ပတ်သက်ပြီး စမ်းသပ်ထုတ်လွှင့်မှုအဖြစ် ဓာတ်ပုံတစ်ပုံဖော်ပြခဲ့တာပါ။ အဆိုပါ ဒစ်ဂျစ်တယ် တေးသီချင်း A Page ကို လာမယ့် မေ ၁၃ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယုကီက မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ သူ့အနေနဲ့ တစ်ကိုယ်တော်တေးသီချင်းအတွက် အချိန်ယူကာ ပြင်ဆင်ခဲ့ရကြောင်းနဲ့ အဆိုပါ တေးသီချင်းသစ်ထုတ်လွှင့်မှုနဲ့အတူ ယုကီရဲ့ ပုံစံသစ်ကိုလည်း ပရိသတ်တွေအနေနဲ့ တွေ့မြင်ရမှာဖြစ်တယ်လို့ ဆိုပါတယ်။ ယုကီဟာ အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော်တေးသီချင်း ထုတ်လွှင့်တဲ့ ဒုတိယမြောက် အဖွဲ့ဝင်လည်း ဖြစ်လာမှာဖြစ်ပါတယ်။

# လက်ထပ်တော့မယ့် ဟွန်ဆိုယွန်း



တောင်ကိုရီးယား မင်းသမီးတစ်ဦးဖြစ်သူ ဟွန်ဆိုယွန်းဟာ ယခုလအတွင်း လက်ထပ်ပွဲပြုလုပ်သွားမှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီဘက်က အတည်ပြု ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


ဟွန်ဆိုယွန်းဟာ အနုပညာအသိုင်းအဝိုင်းမှမဟုတ်တဲ့ သူ့ရဲ့ချစ်သူနဲ့ လက်ထပ်မှာဖြစ်ပြီး မေလလယ်လောက်မှာ မင်္ဂလာအခမ်းအနား ပြုလုပ်သွားမှာဖြစ်ကြောင်း မေ ၆ ရက်က မင်းသမီးရဲ့ အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဟွန်ဆိုယွန်းအနေနဲ့ လက်ထပ်တော့မှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာ အေဂျင်စီဘက်က ယခုလို အတည်ပြုပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ ဟွန်ဆိုယွန်းဟာ ချစ်သူနဲ့ လက်ထပ်တော့မှာဖြစ်ပြီး မင်္ဂလာပွဲအခမ်းအနားနဲ့ပတ်သက်လို့ ကိုယ်ရေးကိုယ်တာဖြစ်တာကြောင့် အသေးစိတ် ထုတ်ဖော်ပြောကြားသွားမှာမဟုတ်ဘူးလို့လည်းဆိုပါတယ်။ မင်္ဂလာပွဲကိုလည်း သီးသန့်ပြုလုပ်သွားဖို့ရာ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဓာတုစီးသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း











[illegible]







[illegible]

[illegible]

# မြန်မာ-ထိုင်း နယ်စပ် မော်တောင်ဂိတ်၌ သွင်းကုန်ထက် ပို့ကုန်ပိုမိုများပြား




မြိတ် မေ ၆

တနင်္သာရီတိုင်းဒေသကြီးနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသော်လည်း မြန်မာ-ထိုင်းနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် မော်တောင်နယ်စပ်ဂိတ်မှ နှစ်နိုင်ငံကုန်ပစ္စည်းများတင်သွင်း ပို့ဆောင်လျက်ရှိရာတွင် သွင်းကုန်ထက် ပို့ကုန်ပစ္စည်းများ ပိုမိုများပြားနေကြောင်း မော်တောင်နယ်စပ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ပုံမှန်ကုန်သွယ်မှုပြုလုပ်လျက်ရှိ**

အဆိုပါ မြန်မာ-ထိုင်းနယ်စပ်ဂိတ်မှ မြိတ်ခရိုင် တနင်္သာရီမြို့နယ် မော်တောင်နှင့် ပရာကျော့ခ်ီရီခံခရိုင် စင်းခွန်နယ်စပ်ဂိတ်တို့တွင် ပုံမှန်ကုန်သွယ်မှုပြုလုပ်လျက်ရှိပြီး နှစ်စဉ် ရေထွက်ကုန်များကို မြန်မာဘက်မှ အဓိကတင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံဘက်မှ အိမ်ဆောက်ပစ္စည်းများနှင့် အခြားလူသုံးကုန်များကို အဓိကပြန်လည်တင်သွင်းနေကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❑

# ချန်ပီယံလိဂ် ဗိုလ်လုပွဲ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ရမည်

ချယ်လ်ဆီးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယနေ့(မေ ၆ ရက်)နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းဟာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ မန်စီးတီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❋




# အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင် ချန်ပီယံဆု ဆွတ်ခူး



ရန်ကုန် မေ ၆

မေ ၃ ရက်မှ ၅ ရက်အထိ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ကျင်းပသည့် PGA WORKS Collegiate Championship Women's Individual ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဂေါက်သီးရိုက် အားကစားမယ် ဖူးပွင့်ရတီခိုင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ ဖူးပွင့်ရတီခိုင်သည် ပြိုင်ပွဲပထမနေ့တွင် ၇၅ ချက်၊ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန်အတွက် မြန်မာအားကစားအဖွဲ့များ လေ့ကျင့်

နေပြည်တော် မေ ၆

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


**မဟာအမှောင်ကြီး ဖိစီးနှိပ်စက်ခံ ဝေနေယျအများ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ** စာမျက်နှာ » ၁၅

**ကြက်ခြေနီအစ ဟင်နရီဒူးနန့်က** စာမျက်နှာ » ၂၃

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ**
မီးပင်လယ်ကိုဖြတ်၍ ဝေဒနာတောင်တန်းများကို ဖြတ်ကျော်ခဲ့သူ သားဖွားဆရာမ ဒေါ်သိန်းရီ
စာမျက်နှာ » ၂၆